# လုပ်ထုံးလုပ်နည်းအရ အကာအကွယ်များဆိုင်ရာ လက်စွဲ-

## အသက် 3 နှစ်မှ 21 နှစ်အရွယ်

## မသန်စွမ်းကျောင်းသားများ၏ မိဘများအတွက်

## အခွင့်အရေးများ

ဩဂုတ်လ 2023 ခုနှစ်

Iowa Department of Education Grimes State
Office Building

400 E 14th St
Des Moines, IA 50319-0146

Iowa ဥပဒေ ပုဒ်မ 216.9 နှင့် 256.10(2)၊ 1964 ခုနှစ် နိုင်ငံသားအခွင့်အရေး အက်ဥပဒေ၏ ခေါင်းစဉ် VI နှင့် VII (42 U.S.C. § 2000d2000e)၊ 1973 ခုနှစ် တန်းတူညီမျှ လုပ်ခလစာ အက်ဥပဒေ (29 U.S.C. § 206, et seq.)၊ ခေါင်းစဉ် IX (ပညာရေးဆိုင်ရာ ပြင်ဆင်ချက်များ၊ 20 U.S.C.§§ 1681 – 1688)၊ ပုဒ်မ 504 (1973 ခုနှစ် ပြန်လည်ထူထောင်ရေး အက်ဥပဒေ၊ 29 U.S.C. § 794) နှင့် မသန်စွမ်း အမေရိကန်ပြည်သူများ အက်ဥပဒေ (42 U.S.C. § 12101, et seq.) တို့တွင် သတ်မှတ်ထားသည့်အတိုင်း Iowa ပညာရေးဌာန (Iowa Department of Education) ၏ မူဝါဒမှာ ၎င်း၏ ပရိုဂရမ်များ၊ လှုပ်ရှားမှုများ သို့မဟုတ် အလုပ်ခန့်ထားမှု လုပ်ထုံးလုပ်နည်းများတွင် လူမျိုး၊ အယူဝါဒ၊ အသားအရောင်၊ လိင်စိတ်တိမ်းညွှတ်မှု၊ လိင်စိတ်ခံယူချက်၊ နိုင်ငံဇာတိ၊ လိင်၊ မသန်စွမ်းမှု၊ ကိုးကွယ်ယုံကြည်မှု၊ အသက်၊ နိုင်ငံရေး ပါတီဆိုင်ရာ နီးနွှယ်ပတ်သက်မှု သို့မဟုတ် အမှန်တကယ် သို့မဟုတ် ဖြစ်နိုင်ခြေရှိသော မိဘ၊ မိသားစု သို့မဟုတ် အိမ်ထောင်ရေးအခြေအနေပေါ်အခြေခံ၍ ခွဲခြားဆက်ဆံခြင်းမပြုရေး ဖြစ်သည်။ Iowa ပညာရေးဌာန (Iowa Department of Education) ၏ ဤမူဝါဒကို လိုက်နာခြင်းနှင့်ပတ်သက်၍ သင့်တွင် မေးမြန်းလိုသည်များ သို့မဟုတ် တိုင်ကြားလိုသည်များရှိပါက Iowa ပညာရေးဌာန (Iowa Department of Education) အတွက် ဥပဒေအကြံပေး၊ Grimes State Office Building, 400 E. 14th Street, Des Moines, IA 50319-0146၊ တယ်လီဖုန်းနံပါတ်- 515-281-5295 ကိုဖြစ်စေ၊ အမေရိကန်ပြည်ထောင်စု ပညာရေးဌာန (U.S. Department of Education)၊ နိုင်ငံသား အခွင့်အရေးများဆိုင်ရာ ရုံး (Office for Civil Rights) ၏ ညွှန်ကြားရေးမှူး၊ John C. Kluczynski Federal Building, 230 S. Dearborn Street, 37th Floor, Chicago, IL 60604-7204၊ တယ်လီဖုန်းနံပါတ်- 312-730-1560၊ ဖက်စ်နံပါတ်- 312-730-1576, TDD နံပါတ်- 800-877-8339၊ အီးမေးလ်- OCR.Chicago@ed.gov ကိုဖြစ်စေ ဆက်သွယ်ပါ

## မာတိကာ


သင်၏ လုပ်ထုံးလုပ်နည်းအရ အကာအကွယ်များအကြောင်း မိတ်ဆက် ..... 1
နောက်ထပ်အကူအညီများကို မည်သည့်နေရာတွင် ရှာနိုင်သနည်း။ ..... 1
ဒေသဆိုင်ရာ ခရိုင်ကြီးကြပ်ရေးမှူး သို့မဟုတ် ကျောင်းအုပ် (LEA) ..... 1
နယ်မြေပညာရေးအေဂျင်စီ (AEA) ..... 1
Iowa ပညာရေးဌာန (ဌာန) ..... 2
Iowa မိဘ လေ့ကျင့်သင်ကြားရေးနှင့် သတင်းအချက်အလက်စင်တာ (PTI) ..... 2
မသန်စွမ်းအခွင့်အရေးများ Iowa ..... 2
အမှီအခိုကင်းကင်း နေထိုင်နိုင်ရေးဆိုင်ရာ စင်တာများ (CIL များ) ..... 3
မိဘအကာအကွယ်များဆိုင်ရာ အထွေထွေအချက်အလက်များ ..... 4
လုပ်ထုံးလုပ်နည်းအရ အကာအကွယ်များ၏ မိတ္တူကို မည်သည့်အချိန်တွင် ရရှိနိုင်သနည်း။ ..... 4
လုပ်ထုံးလုပ်နည်းအရ အကာအကွယ်များနှင့်ပတ်သက်၍ မည်သည့်အသိပေးချက်ကို ကျွန်ုပ်ရရှိရမည်နည်း။ ..... 4
အခြားအချက်အလက်ရင်းမြစ်များမှာ အဘယ်နည်း။ ..... 4
အချက်အလက်နှင့် ပညာရေးမှတ်တမ်းများကို လျှို့ဝှက်ထားရှိခြင်း ..... 5
ပညာရေးမှတ်တမ်းများကို ဝင်ရောက်ကြည့်ရှုခွင့် ..... 5
ပညာရေးမှတ်တမ်းများကို စစ်ဆေးခြင်း ..... 5
မှတ်တမ်း အမျိုးအစားများနှင့် သိမ်းဆည်းထားရှိသည့်နေရာများ ..... 5
မှတ်တမ်းများ၏ မိတ္တူရယူခြင်းအတွက် ကုန်ကျစရိတ် ..... 5
မည်သူမည်ဝါ ခွဲခြားဖော်ထုတ်နိုင်သော အချက်အလက်များ ..... 6
ကာကွယ်ထားသော မှတ်တမ်းများ ..... 6
မှန်ကန်ခြင်းမရှိဟု ယုံကြည်ရသော မှတ်တမ်းများ ..... 6
FERPA ကြားနာခြင်း ..... 6
မှတ်တမ်းများကို ထုတ်ဖော်မျှဝေခွင့် ..... 6
လျှို့ဝှက်ထားရှိမှုနှင့် ကိုယ်ရေးလုံခြုံမှုကို ကာကွယ်ခြင်း ..... 6
မလိုအပ်တော့သော မှတ်တမ်းများ ..... 7
မိဘ သဘောတူညီချက် ..... 8
သဘောတူညီချက် အဓိပ္ပာယ်ဖွင့်ဆိုမှု ..... 8
ကနဦးအကဲဖြတ်မှုအတွက် သဘောတူညီချက် ..... 8
ကနဦးအကဲဖြတ်မှုအတွက် သဘောတူညီချက်ပေးရန် ငြင်းဆိုခြင်း ..... 8
ကလေးက နိုင်ငံတော်၏ အုပ်ထိန်းခံကလေးတစ်ဦး ဖြစ်နေချိန်တွင် ကနဦးအကဲဖြတ်မှု ..... 8
အထူးပညာရေးနှင့် ဆက်စပ်ဝန်ဆောင်မှုများကို စတင်ရန် သဘောတူညီချက် ..... 8
ဝန်ဆောင်မှုများအတွက် သဘောတူညီချက်ပေးရန် ငြင်းဆိုခြင်း ..... 9
ဝန်ဆောင်မှုများအတွက် သဘောတူညီချက်ကို ပြန်လည်ရုပ်သိမ်းခြင်း ..... 9
သဘောတူညီချက်ကို ပြန်လည်ရုပ်သိမ်းပြီးနောက် ..... 9
ပြန်လည်အကဲဖြတ်စစ်ဆေးခြင်းအတွက် သဘောတူညီချက် ..... 9
သဘောတူညီချက်ရယူရန် ကြိုးပမ်းမှုများ ..... 10

သဘောတူညီချက်ရယူရမည့် အခြားသီးခြားဖြစ်ရပ်များ ... 10
သဘောတူညီချက်နှင့်ပတ်သက်သော အခြားအချက်အလက်များ ... 10
အစည်းအဝေးများတွင် ပါဝင်ခြင်း ... 11
မိဘများ ပါဝင်ခွင့် ရရှိရမည့် အစည်းအဝေးများ ... 11
အစည်းအဝေး အသိပေးချက်များ ... 11
"အစည်းအဝေး" ဆိုတာ ဘာလဲ။ ... 11
နေရာချထားမှု ဆုံးဖြတ်ချက်များ ... 11
မိဘများက ပါဝင်နိုင်မှုမရှိခြင်း ... 11
မိဘပါဝင်မှုမရှိသော ဆုံးဖြတ်ချက်များ ... 11
သီးခြားဆောင်ရွက်သော ပညာရေး အကဲဖြတ်ချက်များ ... 12
သီးခြားဆောင်ရွက်သော ပညာရေး အကဲဖြတ်ချက် (IEE) ၏ အဓိပ္ပာယ်ဖွင့်ဆိုချက် ... 12
IEE တစ်ခု တောင်းဆိုခြင်း ... 12
IEE တောင်းဆိုချက်အတွက် ကျောင်း သို့မဟုတ် AEA ၏ တုံ့ပြန်မှု ... 12
မိဘက စတင်ဆောင်ရွက်သော IEE ... 12
IEE အတွက် ငွေပေးချေခြင်း ... 12
IEE များနှင့်ပတ်သက်၍ အခြားသိထားရမည့်အချက်များ ... 12
စာဖြင့် ကြိုတင်အသိပေးချက် ... 13
ရည်ရွယ်ချက် ... 13
အသိပေးချက်ရှိ အချက်အလက်များ ... 13
အသိပေးချက်ဖောင် ... 13
အငြင်းပွားမှု ဖြေရှင်းရေးဆိုင်ရာ ရွေးချယ်စရာများ ... 14
ညှိနှိုင်းဆွေးနွေးခြင်း ... 14
ညှိနှိုင်းဆွေးနွေးခြင်း ရရှိနိုင်မှု ... 14
ညှိနှိုင်းဆွေးနွေးခြင်း လုပ်ထုံးလုပ်နည်းများ ... 14
ညှိနှိုင်းဆွေးနွေးသူများ ... 14
ညှိနှိုင်းဆွေးနွေးသူ၏ ဘက်မလိုက်မှု ... 14
ညှိနှိုင်းဆွေးနွေးခြင်း လုပ်ငန်းစဉ် ... 14
ညှိနှိုင်းဆွေးနွေးကာလအတွင်း ကလေးအား နေရာချထားမှု ... 15
ညှိနှိုင်းဆွေးနွေးမှုကို အသုံးပြုခြင်းနှင့်ပတ်သက်ပြီး သေချာမသိဘူးလား။ ... 15
တရားမျှတစွာ စီရင်ဆုံးဖြတ်ပေးရန် တိုင်ကြားချက် ("တရားမျှတစွာ စီရင်ဆုံးဖြတ်ပေးရန် ကြားနာမှု တောင်းဆိုခြင်း" ဟုလည်း သိကြသည်) ... 15
အချိန်ကန့်သတ်ချက်များ ... 15
တရားမျှတစွာ စီရင်ဆုံးဖြတ်ပေးရန် တိုင်ကြားချက်ဆိုင်ရာ လိုအပ်ချက်များ ... 16
တရားမျှတစွာ စီရင်ဆုံးဖြတ်ပေးရန် တိုင်ကြားချက်က လိုအပ်ချက်အားလုံးနှင့် ကိုက်ညီခြင်းရှိ၊ မရှိ ဆုံးဖြတ်ခြင်း ... 16
တရားမျှတစွာ စီရင်ဆုံးဖြတ်ပေးရန် တိုင်ကြားချက်၏ မိတ္တူများကို မည်သူရရှိသနည်း။ ... 16
တရားမျှတစွာ စီရင်ဆုံးဖြတ်ပေးရန် တိုင်ကြားချက်များကို ပြောင်းလဲခြင်း ... 16
တရားမျှတစွာ စီရင်ဆုံးဖြတ်ပေးရန် တိုင်ကြားချက်အား တုံ့ပြန်ခြင်း ... 17
ပြေလည်အောင်ဖြေရှင်းရေး အစည်းအဝေး ... 17

- ပြေလည်အောင်ဖြေရှင်းရေး အစည်းအဝေးကို ကျင်းပရန် ပျက်ကွက်ခြင်း ..... 17
- တရားစွဲဆိုမှုများပြုလုပ်စဉ်ကာလအတွင်း ကလေးအား နေရာချထားမှု ..... 17
- ကြားနာမှု လုပ်ငန်းစဉ် ..... 18
- တရားမမှုနှင့် ရှေ့နေခများ ..... 19

ပြည်နယ်အဆင့် တိုင်ကြားချက် ..... 20

- ပြည်နယ်အဆင့် တိုင်ကြားချက်ဆိုင်ရာ လိုအပ်ချက်များ ..... 20
- အချိန်ကန့်သတ်ချက်များနှင့် လုပ်ငန်းစဉ် ..... 20
- ပြည်နယ်အဆင့်တိုင်ကြားချက်ဆိုင်ရာ ဆုံးဖြတ်ချက်များ ..... 21

အပြုအမူနှင့် စည်းကမ်းပိုင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများ ..... 22

- စည်းကမ်းထိန်းသိမ်းရေးအရ ဖယ်ရှားမှုများကြောင့် နေရာချထားမှု ပြောင်းလဲခြင်း ..... 22
- မသန်စွမ်းမှု၏ အကျိုးသက်ရောက်မှုကြောင့်ဟုတ်၊ မဟုတ် ဆုံးဖြတ်ခြင်း ..... 22
- အပြုအမူသည် မသန်စွမ်းမှု၏ အကျိုးသက်ရောက်မှုကြောင့် ဖြစ်ခဲ့သည်ဟု ဆုံးဖြတ်ခြင်း ..... 22
- IEP ကို ဆောင်ရွက်ရန် ပျက်ကွက်သဖြင့် ၎င်းက မသန်စွမ်းမှု၏ အကျိုးသက်ရောက်မှုကြောင့်ဟုတ်၊ မဟုတ် ဆုံးဖြတ်ခြင်း ..... 22
- အပြုအမူသည် မသန်စွမ်းမှု၏ အကျိုးသက်ရောက်မှုကြောင့် ဖြစ်သည့်အခါ အရေးယူဆောင်ရွက်ချက် ..... 22
- အထူးအခြေအနေများ ..... 23
- အထူးအခြေအနေများ၏ အဓိပ္ပာယ်ဖွင့်ဆိုချက်များ ..... 23
- အသိပေးချက် ..... 23
- ဖယ်ရှားခံရစဉ်အတွင်း ရရှိသော ဝန်ဆောင်မှုများ ..... 23
- ကျောင်းဝန်ထမ်းများ၏ လုပ်ပိုင်ခွင့်အာဏာ ..... 24
- ထပ်ဆောင်းလုပ်ပိုင်ခွင့်အာဏာ ..... 24
- အယူခံဝင်ခြင်း – စည်းကမ်းထိန်းသိမ်းရေးအရ လုပ်ထုံးလုပ်နည်းများ ..... 24
- ALJ ၏ လုပ်ပိုင်ခွင့်အာဏာ ..... 24
- တရားမျှတစွာ စီရင်ဆုံးဖြတ်ပေးရန် အမြန်ကြားနာမှုဆိုင်ရာ လုပ်ထုံးလုပ်နည်းများ ..... 25
- အယူခံဝင်နေစဉ် နေရာချထားမှု - စည်းကမ်းပိုင်းအရ ..... 25
- နေရာချထားမှုဆိုင်ရာ ဆုံးဖြတ်ချက် ..... 25
- ဥပဒေစိုးမိုးရေးအဖွဲ့နှင့် တရားစီရင်ရေး အာဏာပိုင်များထံ လွှဲပြောင်းခြင်းနှင့် ၎င်းတို့က အရေးယူဆောင်ရွက်ခြင်း ..... 25
- အထူးပညာရေးအတွက် သတ်မှတ်ချက်မပြည့်မီသေးသော ကလေးများအတွက် ကာကွယ်ပေးမှုများ ..... 25
- ကြိုတင်သိရှိထားမှုဆိုင်ရာ အဓိပ္ပာယ်ဖွင့်ဆိုချက် ..... 26
- ကြိုတင်သိရှိထားမှုဆိုင်ရာ ခြွင်းချက်များ ..... 26
- ကြိုတင်သိရှိမထားခြင်း ..... 26

ကိုယ်စားမိဘများနှင့်ပတ်သက်သော ပြဋ္ဌာန်းချက်များ ..... 27

- ကိုယ်စားမိဘများကို လိုအပ်သည့်အချိန် ..... 27
- AEA တာဝန်ဝတ္တရား ..... 27
- ကိုယ်စားမိဘ သတ်မှတ်စံနှုန်း ..... 27
- အုပ်ထိန်းသူမဲ့ အိမ်ရာမဲ့လူငယ် ..... 27
- ကိုယ်စားမိဘ တာဝန်များ ..... 27

- ကိုယ်စားမိဘတစ်ဦး ခန့်အပ်သည့် အချိန်ကာလ ........ 27
ကလေးထံသို့ အခွင့်အရေးများကို လွှဲပြောင်းပေးခြင်း ........ 28
- ပညာရေးမှတ်တမ်း ရပိုင်ခွင့်များကို လွှဲပြောင်းခြင်း ........ 28
- IDEA အခွင့်အရေးများကို လွှဲပြောင်းခြင်း ........ 28
- အခွင့်အရေးများ လွှဲပြောင်းခြင်းဆိုင်ရာ အသိပေးချက် ........ 28
သင့်လျော်သော အခမဲ့အစိုးရပညာရေး (FAPE) တွင် ပြဿနာရှိသည့်အခါ မိဘများက ကလေးများကို ပုဂ္ဂလိကကျောင်းများတွင် မိမိဆန္ဒအလျောက်အပ်နှံခြင်း ........ 29
- ပုဂ္ဂလိကကျောင်း သို့မဟုတ် အဖွဲ့အစည်းဆိုင်ရာ ကုန်ကျစရိတ်များ ........ 29
- ပုဂ္ဂလိကကျောင်းတွင် အပ်နှံစရိတ်အတွက် ငွေပြန်ထုတ်ပေးခြင်း ........ 29
- ပြန်ထုတ်ပေးငွေ လျှော့ချခံရခြင်း သို့မဟုတ် ငြင်းဆိုခံရခြင်း ........ 29
- လျှော့ချခြင်း သို့မဟုတ် ငြင်းဆိုခြင်းဆိုင်ရာ ခြွင်းချက်များ ........ 29
ကျွန်ုပ်၏မှတ်ချက်များနှင့် မေးခွန်းများ ........ 30
နောက်ဆက်တွဲ A- အဓိပ္ပာယ်ဖွင့်ဆိုချက်များ ........ 31
- နေ့ရက်၊ အလုပ်ဖွင့်ရက်၊ ကျောင်းဖွင့်ရက် ........ 31
- သင့်လျော်သော အခမဲ့အစိုးရပညာရေး သို့မဟုတ် FAPE ........ 31
- အိမ်ရာမဲ့ ကလေးများနှင့် လူငယ်များ ........ 31
- တစ်ဦးချင်း ပညာရေး ပရိုဂရမ် သို့မဟုတ် IEP ........ 31
- တစ်ဦးချင်း ပညာရေး ပရိုဂရမ်အဖွဲ့ သို့မဟုတ် IEP အဖွဲ့ ........ 31
- မိခင် ဘာသာစကား ........ 32
- မိဘ ........ 32
- မည်သူမည်ဝါခွဲခြားဖော်ထုတ်နိုင်ခြင်း ........ 32
- စာဖြင့် ကြိုတင်အသိပေးချက် ........ 32
နောက်ဆက်တွဲ B- အတိုကောက်များ ........ 33
နောက်ဆက်တွဲ C- IDEA အပိုင်း B အစိုးရထောက်ပံ့ကြေး အကျိုးခံစားခွင့်များ သို့မဟုတ် အာမခံ အသုံးပြုမှုနှင့်စပ်လျဉ်းသော စာဖြင့်အသိပေးချက် ........ 34
- အသိပေးချက်ဆိုင်ရာ လိုအပ်ချက်များ ........ 34
- သဘောတူညီချက်ဆိုင်ရာ လိုအပ်ချက်များ ........ 34
- ယခင်သဘောတူညီချက် ........ 35
- အခမဲ့ ပံ့ပိုးမှုများ ........ 36
- သဘောတူညီချက် ရုပ်သိမ်းခြင်း ........ 36
- သင့်သဘောတူညီချက်ကို ပေးရန် သင်ငြင်းဆိုပြီးနောက် သို့မဟုတ် သင့်သဘောတူညီချက်ကို သင်ရုပ်သိမ်းပြီးနောက် မည်သို့ဖြစ်မည်နည်း။ ........ 37
နောက်ဆက်တွဲ D- နမူနာ ဖောင်ပုံစံများ ........ 38
- နမူနာ ဖောင်ပုံစံ- ညှိနှိုင်းဆွေးနွေးမှု တောင်းဆိုချက် ........ 39
- နမူနာ ဖောင်ပုံစံ- တရားမျှတစွာ စီရင်ဆုံးဖြတ်ပေးရန် တိုင်ကြားချက် တင်သွင်းခြင်း (တရားမျှတစွာ စီရင်ဆုံးဖြတ်ပေးရန် ကြားနာမှု တောင်းဆိုချက်) ........ 41
- နမူနာ ဖောင်ပုံစံ- IDEA ပြည်နယ်အဆင့် တိုင်ကြားချက် ........ 43

# သင်၏ လုပ်ထုံးလုပ်နည်းအရ အကာအကွယ်များအကြောင်း မိတ်ဆက်

မိဘများတွင် အထူးပညာရေး လုပ်ငန်းစဉ် ကဏ္ဍတိုင်းနှင့်သက်ဆိုင်သည့် လုပ်ထုံးလုပ်နည်းအရ အကာအကွယ်များဟု သိထားသော အခွင့်အရေးများ ရှိပါသည်။

ဖော်ထုတ်တွေ့ရှိထားသော မသန်စွမ်းမှုများရှိပြီး တစ်ဦးချင်း ပညာရေး ပရိုဂရမ် (IEP) တွင် ရှိနေသော ကလေးများက သင့်လျော်သော အခမဲ့အစိုးရပညာရေး (FAPE) ကို သင်ကြားနိုင်ကြောင်း သေချာစေရန်အတွက် လုပ်ဆောင်ရန် လိုအပ်သောအရာများကို ပြည်နယ်နှင့် ဖက်ဒရယ် ဥပဒေနှင့် စည်းမျဉ်းများတွင် ဖော်ပြထားသည်။

ဤစာရွက်စာတမ်းသည် သင်၏လုပ်ထုံးလုပ်နည်းအရ အကာအကွယ်များဆိုင်ရာ အသိပေးချက်ဖြစ်ပြီး ဖက်ဒရယ် ဥပဒေ၊ မသန်စွမ်းသူ ပညာရေး အက်ဥပဒေ (IDEA) နှင့် Iowa အထူးပညာရေးဆိုင်ရာ စီမံအုပ်ချုပ်ရေးစည်းမျဉ်းများမှတစ်ဆင့် သင်နှင့် သင့်ကလေး ရရှိနိုင်သော အခွင့်အရေးများကို သင်နားလည်စေရန် အထောက်အကူပြုပါမည်။ ဤစာရွက်စာတမ်းတွင် သုံးသပ်ထားသော နယ်ပယ်အချို့မှာ-

- အသိပေးချက်
- အသိပေးသဘောတူညီချက်
- မှတ်တမ်းထိန်းသိမ်းခြင်း
- အကဲဖြတ်စစ်ဆေးခြင်းများ
- ညှိနှိုင်းဆွေးနွေးခြင်း
- တရားမျှတစွာ စီရင်ဆုံးဖြတ်ပေးခြင်း
- ရှေ့နေခများ
- တရားဝင်အရွယ်ရောက်အသက်
- စည်းကမ်းချက်

# နောက်ထပ်အကူအညီများကို မည်သည့်နေရာတွင် ရှာနိုင်သနည်း။

သင့်အခွင့်အရေးများနှင့်ပတ်သက်၍ နှုတ်ဖြင့်ရှင်းလင်းချက်ကို ထပ်မံရယူလိုပါက နောက်ထပ်အကူအညီအတွက် အောက်ပါတို့မှတစ်ဦးထံ ဆက်သွယ်ပါ-

- သင်၏ ဒေသဆိုင်ရာ ခရိုင်ကြီးကြပ်ရေးမှူး၊ ကျောင်းအုပ် သို့မဟုတ် အထူးပညာရေး ညွှန်ကြားရေးမှူး
- သင်၏ နယ်မြေပညာရေးအေဂျင်စီ (AEA)
- Iowa ပညာရေးဌာန (ဌာန)
- Iowa မိဘ လေ့ကျင့်သင်ကြားရေးနှင့် သတင်းအချက်အလက်စင်တာ၊ ASK ရင်းမြစ်စင်တာ
- မသန်စွမ်းအခွင့်အရေးများ Iowa
- အမှီအခိုကင်းကင်း နေထိုင်နိုင်ရေးဆိုင်ရာ စင်တာများ

## ဒေသဆိုင်ရာ ခရိုင်ကြီးကြပ်ရေးမှူး သို့မဟုတ် ကျောင်းအုပ် (LEA)

သင်တစ်ဦးတည်းသာမက ခရိုင်သည်လည်း သင့်ကလေး၏ ပညာရေးတွင် ပါဝင်ဆောင်ရွက်လျက်ရှိသည်။ သင့်ကလေး၏ ပညာရေးနှင့်ပတ်သက်၍ သင် သို့မဟုတ် ကျောင်းဝန်ထမ်းတွင် စိုးရိမ်မှုများရှိပါက သင့်စိုးရိမ်မှုများနှင့်ပတ်သက်၍ စောစီးစွာ ပွင့်ပွင့်လင်းလင်း ဆွေးနွေးမှုများ ပြုလုပ်ရန် အခွင့်အရေးတိုင်းကို အသုံးပြုပါ။ သင့်ကလေးက အထူးပညာရေး ဝန်ဆောင်မှုများကို ရရှိနေပါက သင့်ကလေး၏ IEP ကို ရေးဆွဲရာတွင် တက်ကြွစွာပါဝင်ပါ။

## နယ်မြေပညာရေးအေဂျင်စီ (AEA)

အောက်ပါတို့အတွက် မေးမြန်းရန်-

- အထူးပညာရေး ညွှန်ကြားရေးမှူး
- AEA ၏ မိသားစုနှင့် ဆရာ ပူးပေါင်းဆောင်ရွက်မှု (Family & Educator Partnership, FEP) ပရိုဂရမ်

AEA တစ်ခုစီအတွက် ပင်မရုံးတည်နေရာများ၊ ဖုန်းနံပါတ်များနှင့် ဝက်ဘ်ဆိုက်များ-

| **AEA** | **ပင်မရုံး** | **ဖုန်းနံပါတ်** | **ဝက်ဘ်ဆိုက်** |
|---|---|---|---|
| Keystone | Elkader | 800-632-5918 | https://www.keystoneaea.org/ |
| Central Rivers | Cedar Falls | 800-542-8375 | https://www.centralriversaea.org/ |
| Prairie Lakes | Pocahontas | 800-669-2325 | https://www.plaea.org/ |
| Mississippi Bend | Bettendorf | 800-947-2329 | https://mbaea.org/ |
| Grant Wood | Cedar Rapids | 800-332-8488 | https://www.gwaea.org/ |
| Heartland | Johnston | 800-362-2720 | https://www.heartlandaea.org/ |
| Green Hills | Council Bluffs | 844-366-0503 | https://www.ghaea.org/ |
| Great Prairie | Ottumwa | 800-622-0027 | https://www.gpaea.org/ |
| Northwest | Sioux City | 800-352-9040 | https://www.nwaea.org/ |

## Iowa ပညာရေးဌာန (ဌာန)

လေ့လာသင်ယူမှုနှင့် ရလဒ်များဆိုင်ရာ ဌာနစိတ် (Division of Learning and Results)

လေ့လာသင်ယူသူဆိုင်ရာ နည်းဗျူဟာများနှင့် ပံ့ပိုးကူညီမှုများဌာန (Bureau of Learner Strategies and Supports) Grimes

State Office Building 400 E 14th St

Des Moines, IA 50319-0146 515-281-5294

ဖက်စ်- 515-242-5988

https://educateiowa.gov/

## Iowa မိဘ လေ့ကျင့်သင်ကြားရေးနှင့် သတင်းအချက်အလက်စင်တာ (PTI)

ပြည်နယ်တစ်ခုစီတွင် ဖက်ဒရယ်အစိုးရက ငွေကြေးထောက်ပံ့သော မိဘ လေ့ကျင့်သင်ကြားရေးနှင့် သတင်းအချက်အလက်စင်တာတစ်ခု ရှိသည်။ Iowa ၏ PTI သည် ASK ရင်းမြစ်စင်တာ ဖြစ်သည်။ ASK ၏ ဆက်သွယ်ရန် အချက်အလက်များမှာ အောက်ပါအတိုင်းဖြစ်သည်-

ASK ရင်းမြစ်စင်တာ

5665 Greendale Road, Suite D Johnston, Iowa 50131

1-800-450-8667

515-243-1713

ဖက်စ်- 515-243-1902

https://www.askresource.org/

## မသန်စွမ်းအခွင့်အရေးများ Iowa (DRI)

ပြည်နယ်တစ်ခုစီတွင် မသန်စွမ်းသူများအတွက် ဖက်ဒရယ်အစိုးရက ငွေကြေးထောက်ပံ့သော ကာကွယ်ပေးမှုနှင့် အကျိုးဆောင်ရွက်ပေးမှုဆိုင်ရာ အဖွဲ့အစည်းတစ်ခု ရှိသည်။ Iowa တွင် ၎င်းသည် မသန်စွမ်းအခွင့်အရေးများ Iowa (DRI) ဖြစ်သည်။ DRI ၏ ဆက်သွယ်ရန် အချက်အလက်များမှာ အောက်ပါအတိုင်းဖြစ်သည်

မသန်စွမ်းအခွင့်အရေးများ Iowa

400 East Court Avenue, Suite 300 Des Moines, Iowa 50309 515-278-2502

515-278-0571 (TDD)

800-779-2502

ဖက်စ်- 515- 278-0539

https://disabilityrightsiowa.org/

## အမှီအခိုကင်းကင်း နေထိုင်နိုင်ရေးဆိုင်ရာ စင်တာများ (CIL များ)

အမှီအခိုကင်းကင်း နေထိုင်နိုင်ရေးဆိုင်ရာ စင်တာများသည် မည်သည့်မသန်စွမ်းမှု အမျိုးအစားမဆိုရှိ လူများအတွက် အမှီအခိုကင်းကင်း နေထိုင်နိုင်ရေး အထောက်အကူများကို ပံ့ပိုးပေးသည်။ CIL များသည် ရည်မှန်းချက် အလေးပေးဆောင်ရွက်သော ရေတို အထောက်အကူကို ပံ့ပိုးပေးပြီး လူများအား မိမိတို့၏ ကိုယ်ပိုင်ပန်းတိုင်များကို အကောင်အထည်ဖော်ရန် ကိရိယာများနှင့် အထောက်အကူများ ပံ့ပိုးပေးသည့် အရင်းအမြစ် ဗဟိုချက်များအဖြစ် ဆောင်ရွက်သည်။

| | |
|---|---|
| **Access 2 Independence of the Eastern Iowa Corridor အမှီအခိုကင်းကင်း နေထိုင်နိုင်ရေးဆိုင်ရာ စင်တာ (Center for Independent Living) (A2I)**<br><br>1556 S. 1st Ave., Suite B<br>Iowa City, Iowa 52240<br>ရုံး- 319-338-3870 သို့မဟုတ် ခေါ်ဆိုခ အခမဲ့ 1-866-338-4544<br>TTY- လောလောဆယ် မရရှိနိုင်ပါ။ ဖက်စ်- 319-343-1120<br>အီးမေးလ်- ed@access2independence.org https://access2independence.org/ | **Access 2 Independence of the Eastern Iowa Corridor အမှီအခိုကင်းကင်း နေထိုင်နိုင်ရေးဆိုင်ရာ စင်တာ (Center for Independent Living) (A2I)**<br><br>601 2nd Ave. SE<br>Cedar Rapids, Iowa 52401<br>ရုံး- Iowa မြို့တော်ရုံးသို့ ဖုန်းခေါ်ဆိုပါ<br>TTY- လောလောဆယ် မရရှိနိုင်ပါ။<br>အီးမေးလ်- ed@access2independence.org https://access2independence.org/ |
| **Central Iowa အမှီအခိုကင်းကင်း နေထိုင်နိုင်ရေးဆိုင်ရာ စင်တာ (Central Iowa Center for Independent Living, CICIL)**<br>100 East Euclid Ave., Suite 105<br>Des Moines, Iowa 50309<br>ရုံး- 515-243-1742<br>ဖက်စ်- 515-243-5385<br>အီးမေးလ်- office@cicil.org https://www.cicil.org/ | **Siouxland မသန်စွမ်းသူများ ရင်းမြစ်စင်တာ (Disabilities Resource Center of Siouxland, DRCS)**<br>505 Fifth St., Suite 400<br>Sioux City, Iowa 51101<br>ရုံး- 712-255-1065<br>TTY- 712-255-1065<br>ဖက်စ်- 712-224-2559<br>အီးမေးလ်- director@drcsiouxland.org https://www.drcsiouxland.org/ |
| **Illinois/Iowa Center for Independent Living (IICIL)**<br>တည်နေရာ- 501 11th Street,<br>Rock Island, Illinois 61201<br>စာပို့ရန်လိပ်စာ- PO Box 6156, Rock Island, Illinois 61231<br>ရုံး- 309-793-0090 (V/TTY)<br>ခေါ်ဆိုခ အခမဲ့ ဖုန်းနံပါတ်- 1-855-744-8918 (V/TTY)<br>ဖက်စ်- 309-793-5198<br>အီးမေးလ်- shirley@iicil.com<br>https://www.iicil.com/ | **League of Human Dignity - South West Iowa အမှီအခိုကင်းကင်း နေထိုင်နိုင်ရေးဆိုင်ရာ စင်တာ Center for Independent Living (South West Iowa Center for Independent Living, SWICIL)**<br>1520 Avenue M<br>Council Bluffs, Iowa 51501<br>ရုံး- 712-323-6863<br>ဖက်စ်- 712-323-6811<br>အီးမေးလ်- info@leagueofhumandignity.com https://leagueofhumandignity.com/ |
| **South Central Iowa အမှီအခိုကင်းကင်း နေထိုင်နိုင်ရေးဆိုင်ရာ စင်တာ (South Central Iowa Center for Independent Living, SCICIL)**<br>109 N. Third<br>Oskaloosa, Iowa 52577<br>ရုံး- 641-672-1867 သို့မဟုတ် 800-651-7911<br>TTY- Relay Iowa ဖက်စ်ကို အသုံးပြုပါ- 641-672-1088<br>အီးမေးလ်- brookie43@gmail.com https://www.scicil.org/ | |

# မိဘအကာအကွယ်များဆိုင်ရာ အထွေထွေအချက်အလက်များ

## လုပ်ထုံးလုပ်နည်းအရ အကာအကွယ်များ၏ မိတ္တူကို မည်သည့်အချိန်တွင် ရရှိနိုင်သနည်း။

သင်သည် သင်၏ မသန်စွမ်းကလေးငယ်အတွက် လုပ်ထုံးလုပ်နည်းအရ အကာအကွယ်များ၏ မိတ္တူတစ်စောင်ကို တစ်နှစ်လျှင်တစ်ကြိမ် လက်ခံရရှိရမည်။

ထို့ပြင် အောက်ပါအချိန်များတွင်လည်း သင့်အား မိတ္တူတစ်စောင်ပေးရမည်-

- သင့်ကလေးကို ကနဦးလွှဲပြောင်းခြင်း ပြုလုပ်ချိန် သို့မဟုတ် သင့်ကလေးအတွက် အကဲဖြတ်ခြင်း ပြုလုပ်ပေးရန် တောင်းဆိုပြီးနောက်၊
- အဆိုပါစာသင်နှစ်တွင် ပထမဆုံး တရားမျှတစွာ စီရင်ဆုံးဖြတ်ပေးရန် တိုင်ကြားချက် သို့မဟုတ် ပထမဆုံး ပြည်နယ်အဆင့် တိုင်ကြားချက်ကို တင်သွင်းပြီးနောက်၊
- နေရာချထားမှု ပြောင်းလဲခြင်းဖြစ်စေသည့် စည်းကမ်းအရ အရေးယူဆောင်ရွက်ရန် ဆုံးဖြတ်ချက်တစ်ရပ်ကို ချမှတ်သည့်အချိန်တိုင်းနှင့်
- သင်၏ လုပ်ထုံးလုပ်နည်းအရ အကာအကွယ်များကို တောင်းဆိုချိန်တွင်။

## လုပ်ထုံးလုပ်နည်းအရ အကာအကွယ်များနှင့်ပတ်သက်၍ မည်သည့်အသိပေးချက်ကို ကျွန်ုပ်ရရှိရမည်နည်း။

ဌာနသည် IDEA အောက်ရှိ လုပ်ထုံးလုပ်နည်းအရ အကာအကွယ်များနှင့်ပတ်သက်၍ သင့်အား အပြည့်အစုံအသိပေးရန် လုံလောက်သော အသိပေးချက်ကို ပေးရမည်။

၎င်းတွင် အောက်ပါတို့အကြောင်း ဖော်ပြချက် ပါဝင်သည်-

- မည်သူမည်ဝါ ခွဲခြားဖော်ထုတ်နိုင်သော အချက်အလက်များကို ထိန်းသိမ်းခံထားရသော ကလေးများ၊
- တောင်းခံသော အချက်အလက်အမျိုးအစားများ၊
- အချက်အလက်များကို စုဆောင်းရာတွင် ပြည်နယ်က အသုံးပြုရန် ရည်ရွယ်သည့် နည်းလမ်းများ (အချက်အလက်များကို စုဆောင်းသည့် အရင်းအမြစ်များ အပါအဝင်) နှင့်
- အချက်အလက်များကို အသုံးပြုမည့်ကိစ္စများ။
- မည်သူမည်ဝါ ခွဲခြားဖော်ထုတ်နိုင်သော အချက်အလက်များကို သိမ်းဆည်းခြင်း၊ ပြင်ပအဖွဲ့အစည်းများထံ ထုတ်ဖော်ခြင်း၊ ထိန်းသိမ်းထားရှိခြင်းနှင့် ဖျက်ဆီးခြင်းနှင့်စပ်လျဉ်း၍ ပါဝင်သော အေဂျင်စီများက လိုက်နာရမည့် မူဝါဒများနှင့် လုပ်ထုံးလုပ်နည်းများဆိုင်ရာ အကျဉ်းချုပ်။
- FERPA (34 C.F.R. အပိုင်း 99) အောက်ရှိ အခွင့်အရေးများအပါအဝင် ဤအချက်အလက်များနှင့် စပ်လျဉ်း၍ မိဘများနှင့် ကလေးများ၏ အခွင့်အရေးအားလုံးအကြောင်း ဖော်ပြချက်။

မိဘအကာအကွယ် လက်စွဲစာအုပ်ကို အောက်ပါဘာသာစကားများဖြင့် ရရှိနိုင်သည်-

- အင်္ဂလိပ်
- အာရဗီ
- ဘော့စနီးယား
- လာအို
- ဆာဘို-ခရိုအေးရှား
- စပိန်
- ဗီယက်နမ်

**မှတ်ချက်-** ဤဘာသာပြန်ဆိုချက်များကို ဌာနဝက်ဘ်ဆိုက်တွင် ရရှိနိုင်သည်-
https://educateiowa.gov/pk-12/special-education/parent-information/procedural-safeguards-manual-parents- rights-children-ages-3-21

## အခြားအချက်အလက်ရင်းမြစ်များမှာ အဘယ်နည်း။

မိဘများ သိရှိရန် အရေးကြီးသော IDEA၊ Iowa အထူးပညာရေးဆိုင်ရာ အုပ်ချုပ်ရေး စည်းမျဉ်းများနှင့် အခြားစည်းမျဉ်းစည်းကမ်းများအကြောင်း အခြားအချက်အလက်အရင်းအမြစ်များ-

မိဘအကာအကွယ်များနှင့် ပတ်သက်သော အချက်အလက်များရှိသည့် ဝက်ဘ်ဆိုက်များ-

- Iowa အထူးပညာရေးဆိုင်ရာ အုပ်ချုပ်ရေး စည်းမျဉ်းများ
  https://educateiowa.gov/pk-12/special-education/administrative-rules-special-education

- မသန်စွမ်းသူများအတွက် ပညာရေး အဆင့်မြှင့်တင်ရေး အက်ဥပဒေ (Individuals with Disabilities Education Improvement Act, IDEA) https://sites.ed.gov/idea/
- မှတ်ချက်- သင့်ကိုးကားကြည့်ရှုရန် မိဘများအတွက် လုပ်ထုံးလုပ်နည်းအရ အကာအကွယ်လက်စွဲပါ အကြောင်းအရာများအတွက် လိုအပ်ချက်များကို 2004 ခုနှစ် မသန်စွမ်းသူများ ပညာရေးအက်ဥပဒေ (Individuals with Disabilities Education Act, IDEA) ၏ 20 USC § 1415(d) တွင် တွေ့နိုင်သည်။
- မိသားစု ပညာရေးဆိုင်ရာ အခွင့်အရေးနှင့် ကိုယ်ရေးလုံခြုံမှု အက်ဥပဒေ (Family Educational Rights and Privacy Act, FERPA) https://www2.ed.gov/policy/gen/guid/fpco/ferpa/index.html

အခြားရင်းမြစ်များနှင့် ကိုးကားချက်များ-

- မိဘသတင်းအချက်အလက်နှင့် ရင်းမြစ်များအတွက် စင်တာ (Center for Parent Information and Resources) https://www.parentcenterhub.org/သည် IDEA၊ လုပ်ထုံးလုပ်နည်းအရ အကာအကွယ်များနှင့် အခြားမသန်စွမ်းမှုဆိုင်ရာ အချက်အလက်များနှင့် ပတ်သက်သော ထုတ်ဝေမှုစာစောင်များစွာရှိသည့် ဝက်ဘ်ဆိုက်တစ်ခုဖြစ်သည်။
- PACER စင်တာ https://www.pacer.org/parent/ တွင် အထူးပညာရေး ခြုံငုံသုံးသပ်ချက်အပြင် မသန်စွမ်းကလေးငယ်များရှိသည့် မိသားစုများအတွက် အခြားအချက်အလက်များ ရှိသည်။
- အငြင်းပွားမှု ဖြေရှင်းရေးအတွက် ဌာန ဝက်ဘ်ဆိုက် https://educateiowa.gov/pk-12/special-education/dispute- resolution

နောက်ထပ် အချက်အလက်များအတွက် သင့်ကလေး၏ အတန်းပိုင်ဆရာ၊ ကျောင်းအုပ် သို့မဟုတ် AEA ကိုယ်စားလှယ် (သင့်ကလေးအကြောင်း သင်နှင့် များသောအားဖြင့် ဆွေးနွေးလေ့ရှိသော AEA ဝန်ထမ်း) ထံ ဆက်သွယ်မေးမြန်းပါ။

# အချက်အလက်နှင့် ပညာရေးမှတ်တမ်းများကို လျှို့ဝှက်ထားရှိခြင်း

## ပညာရေးမှတ်တမ်းများကို ဝင်ရောက်ကြည့်ရှုခွင့်

အစိုးရ အေဂျင်စီများသည် IDEA နှင့် မိသားစု ပညာရေးဆိုင်ရာ အခွင့်အရေးနှင့် ကိုယ်ရေးလုံခြုံမှု အက်ဥပဒေ (Family Educational Rights and Privacy Act, FERPA) နှစ်ခုလုံးရှိ ပြဋ္ဌာန်းချက်များနှင့်အညီ ပညာရေးအေဂျင်စီက စုဆောင်းထား သို့မဟုတ် ထိန်းသိမ်းထား သို့မဟုတ် အသုံးပြုထားသည့် သင့်ကလေးနှင့်ပတ်သက်သော ပညာရေးမှတ်တမ်းများကို စစ်ဆေးရန်နှင့် ပြန်လည်သုံးသပ်ရန် သင့်အား ခွင့်ပြုပေးရမည်။ ကလေး အသက် 18 နှစ်ပြည့်သောအခါ ဤအခွင့်အရေးကို ဆက်လက်မရရှိနိုင်တော့ပါ။

အေဂျင်စီသည် ပြက္ခဒိန်ရက် 45 ရက်ထက် ပိုမကြာစေဘဲ၊ IEP သို့မဟုတ် ကြားနာမှု သို့မဟုတ် ပြေလည်အောင်ဖြေရှင်းရေး အစည်းအဝေးတစ်ခုနှင့် ပတ်သက်သည့် မည်သည့်အစည်းအဝေးမျှ မစတင်မီ မှတ်တမ်းများကို ပြန်လည်သုံးသပ်ရန် သို့မဟုတ် စစ်ဆေးရန် တောင်းဆိုချက်ကို မလိုအပ်သည့် နှောင့်နှေးမှုမရှိစေဘဲ လိုက်နာရမည်။

## ပညာရေးမှတ်တမ်းများကို စစ်ဆေးခြင်း

မသန်စွမ်းကလေးတစ်ဦး၏ မိဘတစ်ဦးအနေဖြင့် အောက်ပါတို့နှင့် စပ်လျဉ်း၍ သင့်ကလေး၏ ပညာရေးမှတ်တမ်းအားလုံးကို စစ်ဆေးရန်နှင့် ပြန်လည်သုံးသပ်ရန် အခွင့်အရေး ရရှိရမည်-

- ခွဲခြားသတ်မှတ်ခြင်း၊
- အကဲဖြတ်ခြင်း၊
- သင့်ကလေး၏ ပညာရေးဆိုင်ရာ နေရာချထားမှုနှင့်
- သင့်ကလေးကို သင့်လျော်သော အခမဲ့အစိုးရပညာရေး (FAPE) သင်ယူခွင့်ပေးခြင်း။

## မှတ်တမ်း အမျိုးအစားများနှင့် သိမ်းဆည်းထားရှိသည့်နေရာများ

အေဂျင်စီအသီးသီးသည် အေဂျင်စီတစ်ခုက စုဆောင်းထား၊ ထိန်းသိမ်းထား သို့မဟုတ် အသုံးပြုထားသည့် ပညာရေးမှတ်တမ်းများ၏ အမျိုးအစားများနှင့် သိမ်းဆည်းထားရှိသည့်နေရာများ၏ စာရင်းကို မိဘများက တောင်းဆိုလျှင် ၎င်းတို့အား ပေးရမည်။

## မှတ်တမ်းများ၏ မိတ္တူရယူခြင်းအတွက် ကုန်ကျစရိတ်

အခကြေးငွေက သင်၏မှတ်တမ်းများကို ပြန်လည်သုံးသပ်ရန်နှင့် စစ်ဆေးရန်အခွင့်အရေးကို သိသိသာသာ အဟန့်အတားမဖြစ်စေလျှင် အေဂျင်စီတစ်ခုစီသည် မှတ်တမ်းမိတ္တူများအတွက် အခကြေးငွေတောင်းခံနိုင်သည်။ အေဂျင်စီသည် အချက်အလက်ရှာဖွေရန် သို့မဟုတ် ပြန်လည်ရယူရန်အတွက် အခကြေးငွေ တောင်းခံမည်မဟုတ်ပါ။
မှတ်တမ်းများကို စစ်ဆေးခွင့်နှင့် ပြန်လည်သုံးသပ်ပိုင်ခွင့်
သင်၏ စစ်ဆေးခွင့်နှင့် ပြန်လည်သုံးသပ်ပိုင်ခွင့်တွင် အောက်ပါတို့ ပါဝင်သည်-

- မှတ်တမ်းများ၏ ရှင်းလင်းချက်နှင့် အနက်ပြန်ဆိုမှုများပေးရန် ကျိုးကြောင်းဆီလျော်သော တောင်းဆိုမှုများကို ပါဝင်သည့်အေဂျင်စီထံမှ တုံ့ပြန်မှု ရရှိပိုင်ခွင့်၊
- မိတ္တူများအား ပေးရန် ပျက်ကွက်ခြင်းသည် မှတ်တမ်းများကို စစ်ဆေးခွင့်နှင့် ပြန်လည်သုံးသပ်ပိုင်ခွင့်ကို ကျင့်သုံးခြင်းအား သိသိသာသာ

အဟန့်အတားဖြစ်စေမည်ဆိုလျှင် အချက်အလက်များ ပါဝင်သော မှတ်တမ်းမိတ္တူများကို ပေးရန် အေဂျင်စီအား တောင်းဆိုပိုင်ခွင့်၊

- သင်၏ ကိုယ်စားလှယ်က မှတ်တမ်းများကို စစ်ဆေးပြီး ပြန်လည်သုံးသပ်ပိုင်ခွင့်။

**မှတ်ချက်-** အုပ်ထိန်းမှု၊ လင်မယားကွဲနေခြင်းနှင့် ကွာရှင်းပြတ်စဲမှုစသည့် ကိစ္စရပ်များအပေါ် သက်ရောက်ထိန်းချုပ်သည့် သက်ဆိုင်ရာ ပြည်နယ်ဥပဒေအရ မိဘတွင် လုပ်ပိုင်ခွင့်မရှိဟု အေဂျင်စီအား အသိပေးထားခြင်းမရှိလျှင် အေဂျင်စီသည် မိဘတွင် ပညာရေးမှတ်တမ်းများကို စစ်ဆေးသုံးသပ်ရန် လုပ်ပိုင်ခွင့်ရှိသည်ဟု ယူဆနိုင်သည်။

## မည်သူမည်ဝါ ခွဲခြားဖော်ထုတ်နိုင်သော အချက်အလက်များ

သင့်ကလေးအား ပညာရေးဝန်ဆောင်မှုများ ပေးရန် မည်သူမည်ဝါ ခွဲခြားဖော်ထုတ်နိုင်သော အချက်အလက်များကို မလိုအပ်တော့သည့်အခါ ခရိုင်နှင့် AEA က သင့်ကို အကြောင်းကြားရမည်။

## ကာကွယ်ထားသော မှတ်တမ်းများ

မိဘများနှင့် ခွင့်ပြုထားသည့် ဝန်ထမ်းများ၏ ဝင်ရောက်ကြည့်ရှုမှုမှလွဲ၍ မှတ်တမ်းများကို ထိန်းသိမ်းထားသည့် အေဂျင်စီ၊ ခရိုင် သို့မဟုတ် AEA သည် အောက်ပါတို့ အပါအဝင် ပညာရေးမှတ်တမ်းများကို ဝင်ရောက်ကြည့်ရှုခွင့်ရှိသူများ၏ မှတ်တမ်းကို သိမ်းဆည်းထားရမည်-

- ဝင်ရောက်ကြည့်ရှုခွင့်ရှိသူ၏အမည်၊
- ဝင်ရောက်အသုံးပြုခွင့်ပေးခဲ့သော ရက်စွဲနှင့်
- ဝင်ရောက်ကြည့်ရှုခွင့်ရှိသူအား မှတ်တမ်းများကို အသုံးပြုရန် ခွင့်ပြုထားသည့် ရည်ရွယ်ချက်။

**မှတ်ချက်-** မှတ်တမ်းတွင် သင့်ကလေးသာမက အခြားသူများ၏ အချက်အလက်များပါ ပါဝင်နေလျှင် သင့်ကလေးနှင့် ပတ်သက်သည့် အချက်အလက်များကိုသာ စစ်ဆေးပြီး ပြန်လည်သုံးသပ်ရန် သို့မဟုတ် ထိုသီးခြား အချက်အလက်များကို အသိပေးခံရရန် သင့်တွင် အခွင့်အရေးရှိသည်။

## မှန်ကန်ခြင်းမရှိဟု ယုံကြည်ရသော မှတ်တမ်းများ

စုဆောင်းထား၊ ထိန်းသိမ်းထား သို့မဟုတ် အသုံးပြုထားသည့် အချက်အလက်သည် မမှန်ကန် သို့မဟုတ် အထင်အမြင်လွဲစေသည် သို့မဟုတ် သင့်ကလေး၏ ကိုယ်ရေးလုံခြုံမှု သို့မဟုတ် အခြားအခွင့်အရေးများကို ချိုးဖောက်သည်ဟု သင်ယုံကြည်ပါက အချက်အလက်ကို ထိန်းသိမ်းထားသည့် အေဂျင်စီအား မှတ်တမ်းကို ပြင်ဆင်ပေးရန် တောင်းဆိုနိုင်သည်။

ခရိုင် သို့မဟုတ် AEA သည် သင့်လျော်သော အချိန်အတိုင်းအတာတစ်ခုအတွင်း တောင်းဆိုချက်နှင့်အညီ အချက်အလက်ကို ပြင်ဆင်ခြင်းရှိ၊ မရှိ ဆုံးဖြတ်ရမည်။ ခရိုင် သို့မဟုတ် AEA သည် အချက်အလက်အား ပြင်ဆင်ပေးရန် တောင်းဆိုမှုကို ငြင်းပယ်ရန် ဆုံးဖြတ်ပါက ၎င်းသည် ငြင်းပယ်ချက်အား သင့်ကို အသိပေးပြီး သင့်တွင်ကြားနာခွင့်ရှိကြောင်း အကြံပေးရမည်။ (ကြားနာမှုလိုအပ်ချက်များသည် FERPA မှဖြစ်ပြီး IDEA တွင် ဖော်ပြထားသည်များမဟုတ်ပါ။)

## FERPA ကြားနာမှု

ကလေး၏မှတ်တမ်းတွင် အချက်အလက်များကို ပြင်ဆင်ပေးရန် တောင်းဆိုမှုကို ငြင်းပယ်သည့်အခါ ခရိုင်သည် ငြင်းပယ်မှုအကြောင်းကို သင့်အား အသိပေးပြီး FERPA လိုအပ်ချက်များနှင့်အညီ ကြားနာခွင့်ရှိကြောင်း သင့်ကို အကြောင်းကြားရမည်။

ကြားနာခြင်းပြီးလျှင် ဆုံးဖြတ်ချက် နှစ်ခုအနက်မှ တစ်ခုကို ချမှတ်သည်-

1. ဆုံးဖြတ်ချက်သည် အချက်အလက်က အထင်အမြင်လွဲစေခြင်း၊ မမှန်ကန်ခြင်း သို့မဟုတ် တစ်နည်းအားဖြင့် သင့်ကလေး၏ ကိုယ်ရေးလုံခြုံမှု သို့မဟုတ် အခြားအခွင့်အရေးများကို ချိုးဖောက်သည်ဟု ဆိုပါက အေဂျင်စီသည် အချက်အလက်ကို လျော်ညီစွာ ပြင်ဆင်ပြီး စာဖြင့် သင့်ကိုအကြောင်းကြားရမည်။
2. ဆုံးဖြတ်ချက်သည် အချက်အလက် မမှန်ကန်ခြင်း၊ အထင်အမြင်လွဲစေခြင်း သို့မဟုတ် တစ်နည်းအားဖြင့် သင့်ကလေး၏ ကိုယ်ရေးလုံခြုံမှု သို့မဟုတ် အခြားအခွင့်အရေးများကို ချိုးဖောက်ခြင်း မရှိဟု ဆိုပါက အေဂျင်စီသည် ဆုံးဖြတ်ချက်ကို သင့်အား အကြောင်းကြားပါမည်။ ခရိုင် သို့မဟုတ် AEA သည် သင့်ကလေးအကြောင်း ထိန်းသိမ်းထားသည့် မှတ်တမ်းများတွင် အချက်အလက်အပေါ် မှတ်ချက်ပေးသည့် သို့မဟုတ် အေဂျင်စီ၏ ဆုံးဖြတ်ချက်ကို သဘောမတူခြင်းအတွက် သင့်အကြောင်းပြချက်များကို ရှင်းပြသည့် ဖော်ပြချက်ကို ထည့်သွင်းပိုင်ခွင့် သင့်တွင်ရှိကြောင်းကိုလည်း သင့်ကိုအသိပေးရမည်။

**မှတ်ချက်-** မှတ်တမ်း သို့မဟုတ် မမှန်ကြောင်း ငြင်းဆိုထားသည့် အပိုင်းကို အေဂျင်စီက ထိန်းသိမ်းထားသရွေ့ သင့်ကလေး၏ မှတ်တမ်းများတွင် ထည့်သွင်းထားသည့် ရှင်းလင်းချက်အားလုံးကို မှတ်တမ်း၏ တစ်စိတ်တစ်ပိုင်းအဖြစ် အေဂျင်စီက ထိန်းသိမ်းထားရမည်ဖြစ်သည်။ မှတ်တမ်းများ သို့မဟုတ် မမှန်ကြောင်း ငြင်းဆိုထားသည့် အပိုင်းကို အေဂျင်စီက အခြားအဖွဲ့အစည်းတစ်ခုခုထံ ထုတ်ဖော်ပြောဆိုမည်ဆိုပါက သင်၏ရှင်းလင်းချက်ကိုလည်း ထုတ်ဖော်ပြောဆိုရမည်ဖြစ်သည်။

## မှတ်တမ်းများကို ထုတ်ဖော်မျှဝေခွင့်

အချက်အလက်သည် ပညာရေးမှတ်တမ်းများတွင် ပါဝင်နေပြီး FERPA သည် မိဘ သဘောတူညီချက်မပါဘဲ ထုတ်ဖော်ခွင့်ကို ရရှိထားခြင်း မရှိလျှင် ပါဝင်သော အေဂျင်စီများ (ဥပမာ သင့်ကလေးကို စာရင်းသွင်းမည့် အခြားခရိုင်) ၏ တာဝန်ရှိသူများမှလွဲ၍ အခြားမည်သူ့ကိုမျှ မည်သူမည်ဝါ ခွဲခြားဖော်ထုတ်နိုင်သော အချက်အလက်များကို မထုတ်ဖော်မီတွင် မိဘ သဘောတူညီချက် သို့မဟုတ် သတ်မှတ်ချက်ပြည့်မီသော အသက်ပြည့်ပြီးသည့် ကလေး၏ သဘောတူညီချက်ကို ရယူရမည်။

## လျှို့ဝှက်ထားရှိမှုနှင့် ကိုယ်ရေးလုံခြုံမှုကို ကာကွယ်ခြင်း

အေဂျင်စီအသီးသီးသည် မှတ်တမ်းများအား စုဆောင်းမှု၊ သိမ်းဆည်းမှု၊ ထုတ်ဖော်မှုနှင့် ဖျက်ဆီးမှုအဆင့်များတွင် မည်သူမည်ဝါ ခွဲခြားဖော်ထုတ်နိုင်သော အချက်အလက်များ၏ လျှို့ဝှက်ထားရှိမှုကို ကာကွယ်ရမည်ဖြစ်သည်။

ဥပဒေထဲရှိ အခြားသော တာဝန်များတွင် ပါဝင်သည်မှာ-

- အေဂျင်စီအသီးသီးမှ အရာရှိတစ်ဦးသည် မည်သူမည်ဝါ ခွဲခြားဖော်ထုတ်နိုင်သော အချက်အလက်များ၏ လျှို့ဝှက်ထားရှိမှုကို သေချာစေရန်အတွက် တာဝန်ရှိသည်။
- မည်သူမည်ဝါ ခွဲခြားဖော်ထုတ်နိုင်သော အချက်အလက်များကို စုဆောင်း သို့မဟုတ် အသုံးပြုနေသူ အားလုံးသည် IDEA နှင့် FERPA ၏ အပိုင်း B အောက်ရှိ လျှို့ဝှက်ထားရှိမှုနှင့် ကိုယ်ရေးလုံခြုံမှုဆိုင်ရာ လေ့ကျင့်သင်ကြားမှုကို လက်ခံရရှိရပါမည်။
- ပါဝင်သည့် အေဂျင်စီအသီးသီးသည် မည်သူမည်ဝါ ခွဲခြားဖော်ထုတ်နိုင်သော အချက်အလက်များကို ဝင်ရောက်ကြည့်ရှုနိုင်သည့် အေဂျင်စီအတွင်းရှိ ဝန်ထမ်းများ၏ အမည်များနှင့် ရာထူးများ၏ လက်ရှိစာရင်းကို အစိုးရစစ်ဆေးမှုအတွက် ထိန်းသိမ်းထားရမည်ဖြစ်သည်။

## မလိုအပ်တော့သော မှတ်တမ်းများ

နယ်မြေပညာရေးအေဂျင်စီ (AEA) သည် AEA ဝန်ဆောင်မှုနယ်မြေအတွင်း အစိုးရနှင့် ပုဂ္ဂလိကကျောင်းများတွင် Early ACCESS သို့မဟုတ် အထူးပညာရေး ဝန်ဆောင်မှုများအတွက် AEA က အကဲဖြတ်ထားသော သို့မဟုတ် ဝန်ဆောင်မှုပေးထားသော ကလေးများနှင့်ဆိုင်သည့် ဖိုင်များကို ထိန်းသိမ်းထားသည်။ FERPA စည်းမျဉ်းများနှင့်အညီ Iowa အထူးပညာရေးဆိုင်ရာ အုပ်ချုပ်ရေး စည်းမျဉ်းများသည် မှတ်တမ်းများကို Early ACCESS/အထူးပညာရေး ဝန်ဆောင်မှုများ အဆုံးသတ်ပြီးနောက် ငါးနှစ်ကြာ ထိန်းသိမ်းထားရမည်ဟု သတ်မှတ်ထားသည် [41.624(3)]။ AEA မူဝါဒအရ ကျောင်းသား အသက် 27 နှစ် ပြည့်ပြီးသည့်နောက် မှတ်တမ်းများကို ဖျက်ဆီးပစ်ရမည်။ ထိုအချိန်တွင် ဤမှတ်တမ်းများကို ဖျက်ဆီးပစ်မည်ဖြစ်သည်။ သင့်ကလေးသည် အထူးပညာရေးမှ ထွက်သွားသည့်အချိန်တွင် မှတ်တမ်းများအား ဖျက်ဆီးပစ်သည့်အကြောင်း အသိပေးချက်ကို လက်ခံရရှိမည်ဖြစ်သည်။ ဤသည်မှာ သင်လက်ခံရရှိသည့် တစ်ခုတည်းသော အသိပေးချက်ဖြစ်ပါမည်။ သင့်ကလေး၏ မှတ်တမ်းများကို အနာဂတ်တွင် လိုအပ်နိုင်သည်ဟု သင်ယုံကြည်ပါက (ဥပမာ လူမှုဖူလုံရေး စာရွက်စာတမ်းများ)၊ သင့်ဒေသဆိုင်ရာ AEA သို့ ဆက်သွယ်ခြင်းဖြင့် မိတ္တူတစ်စောင်ကို တောင်းဆိုနိုင်သည်။

သင့်ကလေး၏ မှတ်တမ်းတွင် အမြဲတမ်း မှတ်တမ်းတစ်ခုအဖြစ် သိမ်းဆည်းထားပြီး အချိန်အကန့်အသတ်မရှိ ထိန်းသိမ်းထားနိုင်သည့် အချက်အလက်အချို့ရှိသည်။ ဤအချက်အလက်တွင် အမည်၊ လိပ်စာ၊ ဖုန်းနံပါတ်၊ အဆင့်များ၊ ကျောင်းခေါ် ကြိမ် မှတ်တမ်း၊ တက်ရောက်ခဲ့သည့် အတန်းများ၊ အတန်းအဆင့်နှင့် ပြီးဆုံးသည့်နှစ် စသည့်အရာများ ပါဝင်သည်။

# မိဘ သဘောတူညီချက်

## သဘောတူညီချက် အဓိပ္ပာယ်ဖွင့်ဆိုမှု

သဘောတူညီချက်ဆိုသည်မှာ-

1. သင် သဘောတူညီချက် ပေးမည့် လုပ်ဆောင်ချက်အကြောင်း အချက်အလက်အားလုံးကို သင်၏မိခင်ဘာသာစကား သို့မဟုတ် (လက်ဟန်ပြဘာသာစကား၊ မျက်မမြင်စာ သို့မဟုတ် နှုတ်ဖြင့် ဆက်သွယ်ပြောဆိုမှုကဲ့သို့သော) အခြားဆက်သွယ်ရေး နည်းလမ်းဖြင့် သင့်အား အပြည့်အဝ အသိပေးထားသည်။
2. သင်သည် ထိုလုပ်ဆောင်ချက်ကို နားလည်သဘောပေါက်၍ စာဖြင့် သဘောတူထားပြီး သဘောတူညီချက်တွင် အဆိုပါလုပ်ဆောင်ချက်ကို ဖော်ပြထားကာ ထုတ်ဖော်မျှဝေမည့် မှတ်တမ်းများ (ရှိပါက) နှင့် မည်သူ့ထံ ထုတ်ဖော်မျှဝေမည်ကို စာရင်းပြုစုထားသည်။
3. သဘောတူညီချက်သည် သင့်သဘောဆန္ဒအလျောက် ဖြစ်ကြောင်းနှင့် သင့်သဘောတူညီချက်ကို အချိန်မရွေး ရုပ်သိမ်းနိုင်ကြောင်းကို သင် နားလည်သည်။

**မှတ်ချက်-** သင့်သဘောတူညီချက်ကို ရုပ်သိမ်းခြင်းသည် သင် သဘောတူညီချက်ပေးပြီးနောက်နှင့် သဘောတူညီချက်ကို မရုပ်သိမ်းမီက ဖြစ်ပွားခဲ့သည့် လုပ်ဆောင်ချက်တစ်ခုကို အကျုံးမဝင်စေခြင်း (ပျက်ပြယ်စေခြင်း) မရှိပါ။

## ကနဦးအကဲဖြတ်မှုအတွက် သဘောတူညီချက်

သင့်ကလေးသည် အထူးပညာရေးနှင့် ဆက်စပ်ဝန်ဆောင်မှုများကို လက်ခံရယူရန် IDEA ၏ အပိုင်း B အရ သတ်မှတ်ချက်ပြည့်မီခြင်း ရှိ၊ မရှိ ဆုံးဖြတ်ရန် သင့်ခရိုင်နှင့် AEA သည် အဆိုပြုထားသော လုပ်ဆောင်ချက်အတွက် စာဖြင့် ကြိုတင်အသိပေးချက်ကို သင့်ထံ ဦးစွာ မပေးပို့ဘဲ၊ သင့်သဘောတူညီချက် မရယူဘဲ သင့်ကလေးအား ကနဦးအကဲဖြတ်မှု မပြုလုပ်နိုင်ပါ။

သင့်ကလေးသည် မသန်စွမ်းကလေး ဟုတ်၊ မဟုတ် ဆုံးဖြတ်ရန် ကနဦးအကဲဖြတ်မှုအတွက် သင်၏ အသိပေးသဘောတူညီချက်ကို ရယူရန် သင့်ခရိုင်နှင့် AEA က ကျိုးကြောင်းဆီလျော်စွာ ကြိုးပမ်းဆောင်ရွက်ရပါမည်။

ကနဦးအကဲဖြတ်မှုအတွက် သင့်သဘောတူညီချက်သည် သင့်ကလေးအား အထူးပညာရေးနှင့် ဆက်စပ်ဝန်ဆောင်မှုများ စတင်ပေးအပ်ရန်အတွက်လည်း သင့်သဘောတူချက်ကို ခရိုင်နှင့် AEA အား ပေးလိုက်သည့်သဘော မဟုတ်ပါ။

## ကနဦးအကဲဖြတ်မှုအတွက် သဘောတူညီချက်ပေးရန် ငြင်းဆိုခြင်း

အကယ်၍ သင့်ကလေးကို အစိုးရကျောင်းတွင် အပ်နှံထားပြီး သို့မဟုတ် သင်က သင့်ကလေးကို အစိုးရကျောင်းတွင် အပ်နှံရန် ကြိုးပမ်းနေပြီး ကနဦးအကဲဖြတ်မှုအတွက် သဘောတူညီချက်ပေးရန် တောင်းဆိုချက်ကို သဘောတူရန် ငြင်းဆိုခဲ့လျှင် သို့မဟုတ် တုံ့ပြန်ရန် ပျက်ကွက်ခဲ့လျှင် သင့်ခရိုင် သို့မဟုတ် AEA သည် IDEA ၏ ညှိနှိုင်းဆွေးနွေးခြင်း သို့မဟုတ် တရားမျှတစွာ စီရင်ဆုံးဖြတ်ပေးရန် တိုင်ကြားချက်၊ ပြေလည်အောင်ဖြေရှင်းရေး အစည်းအဝေးနှင့် ဘက်မလိုက်ဘဲ တရားမျှတစွာ စီရင်ဆုံးဖြတ်ပေးရန် ကြားနာမှု လုပ်ထုံးလုပ်နည်းများကို အသုံးပြုခြင်းဖြင့် သင့်ကလေး၏ ကနဦးအကဲဖြတ်မှုကို ပြုလုပ်ရန် ကြိုးပမ်းနိုင်သည်။ သို့သော် ထိုသို့မဖြစ်မနေ လုပ်ရန် တာဝန်မရှိပါ။

သင်၏ခရိုင် သို့မဟုတ် AEA သည် ဤအခြေအနေများတွင် သင့်ကလေးအား အကဲဖြတ်ခြင်းကို လုပ်ဆောင်ရန် ဆက်လက်မကြိုးပမ်းတော့လျှင် သင့်ကလေးအား ဖော်ထုတ်ရန်၊ ခွဲခြားသတ်မှတ်ရန်နှင့် အကဲဖြတ်ရန် ၎င်း၏ တာဝန်ဝတ္တရားများကို ချိုးဖောက်ရာရောက်မည်မဟုတ်ပါ။

## ကလေးက နိုင်ငံတော်၏ အုပ်ထိန်းခံကလေးတစ်ဦး ဖြစ်နေချိန်တွင် ကနဦးအကဲဖြတ်မှု

အကယ်၍ ကလေးသည် နိုင်ငံတော်၏ အုပ်ထိန်းခံကလေးတစ်ဦး ဖြစ်ပြီး ၎င်း၏မိဘနှင့်အတူ နေထိုင်ခြင်းမရှိပါက အောက်ပါအခြေအနေများ၌ ခရိုင်နှင့် AEA သည် ကလေးက မသန်စွမ်းကလေးတစ်ဦး ဟုတ်၊ မဟုတ် ဆုံးဖြတ်ရန် ကနဦးအကဲဖြတ်မှုအတွက် မိဘထံမှ သဘောတူညီချက်ယူရန် မလိုအပ်ပါ-

1. ခရိုင်နှင့် AEA သည် ကလေး၏ မိဘကို ရှာဖွေရန် ကျိုးကြောင်းသင့်လျော်သော အားထုတ်မှုများ လုပ်ခဲ့သည့်တိုင် မိဘကို ရှာမတွေ့လျှင်၊
2. မိဘများ၏ လုပ်ပိုင်ခွင့်များကို ပြည်နယ် ဥပဒေနှင့်အညီ ရပ်စဲထားပြီးဖြစ်လျှင်၊ သို့မဟုတ်
3. တရားသူကြီးက ပညာရေးဆိုင်ရာ ဆုံးဖြတ်ချက်များ ချမှတ်ပိုင်ခွင့်နှင့် ကနဦး အကဲဖြတ် စစ်ဆေးခြင်းအတွက် ခွင့်ပြုပိုင်ခွင့်ကို မိဘမဟုတ်သည့် အခြားသူတစ်ယောက်အား ပေးအပ်ထားလျှင်။

**မှတ်ချက်-** IDEA တွင် အသုံးပြုထားသည့်အတိုင်း "နိုင်ငံတော်၏ အုပ်ထိန်းခံကလေး" ဆိုသည်မှာ ကလေးနေထိုင်ရာ ပြည်နယ်က သတ်မှတ်ထားသည့်အတိုင်း အောက်ဖော်ပြပါ အခြေအနေနှင့်ကိုက်ညီသော ကလေးတစ်ယောက်ကို ဆိုလိုပါသည်-

1. မွေးစားမိဘမရှိသော မွေးစားကလေး၊
2. ပြည်နယ် ဥပဒေအောက်တွင် နိုင်ငံတော်၏ အုပ်ထိန်းခံကလေးဟု ယူဆထားသောသူ သို့မဟုတ်
3. အစိုးရ ကလေးစောင့်ရှောက်ရေးအေဂျင်စီ၏ ထိန်းသိမ်းစောင့်ရှောက်မှုအောက်တွင်ရှိသောသူ။

## အထူးပညာရေးနှင့် ဆက်စပ် ဝန်ဆောင်မှုများကို စတင်ရန် သဘောတူညီချက်

သင့်ကလေးအား ပထမဆုံးအကြိမ် အထူးပညာရေးနှင့် ဆက်စပ် ဝန်ဆောင်မှုများကို မပေးအပ်မီ ခရိုင်နှင့် AEA သည် သင်၏ အသိပေးသဘောတူညီချက်ကို ရယူရပါမည်။

သင့်ကလေးအား ပထမဆုံးအကြိမ် အထူးပညာရေးနှင့် ဆက်စပ် ဝန်ဆောင်မှုများ မပေးအပ်မီ ၎င်းတို့သည် သင်၏ အသိပေးသဘောတူညီချက်ကို ရယူရန် ကျိုးကြောင်းဆီလျော်သော အားထုတ်မှုများကို လုပ်ဆောင်ရပါမည်။

သင့်ကလေးအတွက် ပထမဆုံးအကြိမ် အထူးပညာရေးနှင့် ဆက်စပ် ဝန်ဆောင်မှုများကို ပံ့ပိုးပေးမှုအား လက်ခံရန် သင့်သဘောတူညီချက်အားတောင်းခံမှုကို အကြောင်းမပြန်ပါက သို့မဟုတ် အဆိုပါ သဘောတူညီချက်ကို ပေးရန် ငြင်းပယ်ပါက ခရိုင်နှင့် AEA တို့သည် သင့်သဘောတူညီချက် မရှိဘဲ သင့်ကလေးအား (သင့်ကလေး၏ IEP အဖွဲ့က အကြံပြုထားသော) အထူးပညာရေးနှင့် ဆက်စပ်ဝန်ဆောင်မှုများကို ပေးအပ်နိုင်သည့် သဘောတူညီချက် သို့မဟုတ် ဆုံးဖြတ်ချက်ကို ရယူရန် အလို့ငှာ လုပ်ထုံးလုပ်နည်းဆိုင်ရာ အကာအကွယ်များ (ဆိုလိုသည်မှာ- ညှိနှိုင်းဆွေးနွေးခြင်း၊ တရားမျှတစွာ စီရင်ဆုံးဖြတ်ပေးရန် တိုင်ကြားချက်၊ ပြေလည်အောင်ဖြေရှင်းရေး အစည်းအဝေး သို့မဟုတ် ဘက်မလိုက်ဘဲ တရားမျှတစွာ စီရင်ဆုံးဖြတ်ပေးရန် ကြားနာမှု) ကို အသုံးပြု၍မရပါ။

## ဝန်ဆောင်မှုများအတွက် သဘောတူညီချက်ကို ငြင်းပယ်ခြင်း

သင်သည် သင့်ကလေးအတွက် ပထမဆုံးအကြိမ် အထူးပညာရေးနှင့် ဆက်စပ်ဝန်ဆောင်မှုများကို လက်ခံရန် သဘောတူညီချက်မပေးဘဲ ငြင်းပယ်ပါက သို့မဟုတ် အဆိုပါ သဘောတူညီချက်ကို ပေးအပ်ရန် တောင်းဆိုချက်ကို သင်က အကြောင်းမပြန်ဘဲ ခရိုင်နှင့် AEA တို့က သင့်သဘောတူညီချက်ကို တောင်းခံထားသည့် အထူးပညာရေးနှင့် ဆက်စပ် ဝန်ဆောင်မှုများကို သင့်ကလေးအား ပံ့ပိုးမပေးပါက ခရိုင်နှင့် AEA တို့သည်-

1. သင့်ကလေးအား အဆိုပါ ဝန်ဆောင်မှုများ ပေးအပ်ရန် ပျက်ကွက်မှုသည် သင့်ကလေးအတွက် သင့်လျော်သော အခမဲ့အစိုးရပညာရေး (FAPE) ကို ရရှိအောင်ပြုလုပ်ရမည့် သတ်မှတ်ချက်များကို ချိုးဖောက်ခြင်း မဟုတ်ပါ၊ ၎င်းအပြင်
2. သင့်ကလေးအတွက် တစ်ဦးချင်း ပညာရေး ပရိုဂရမ် (IEP) အစည်းအဝေး ပြုလုပ်ရန် သို့မဟုတ် သင်၏ သဘောတူညီချက်ကို တောင်းခံထားသည့် အထူးပညာရေးနှင့် ဆက်စပ် ဝန်ဆောင်မှုများအတွက် IEP ကို ဖော်ဆောင်ရန် မလိုအပ်ပါ။

## ဝန်ဆောင်မှုများအတွက် သဘောတူညီချက်ကို ပြန်လည်ရုပ်သိမ်းခြင်း

သင်သည် သင့်ကလေးအတွက် အထူးပညာရေးနှင့် ဆက်စပ် ဝန်ဆောင်မှုများ ဆက်လက်ရယူရန် သင့်သဘောတူညီချက်ကို ပြန်လည်ရုပ်သိမ်းနိုင်ပါသည်။ ထိုသို့ရုပ်သိမ်းရန်အတွက် စာဖြင့်ရေးသားရပါမည်။

ဝန်ဆောင်မှုများကို မရပ်တန့်မီ သင်သည် အစိုးရအေဂျင်စီထံမှ စာဖြင့် ကြိုတင်အသိပေးချက်ကို လက်ခံရရှိရမည်။ သင့်ကလေးအတွက် အထူးပညာရေးနှင့် ဆက်စပ် ဝန်ဆောင်မှုများကို ဆက်လက်ရယူရန် သဘောတူညီချက်ကို ပြန်လည်ရုပ်သိမ်းလိုက်ခြင်းသည် နောက်ထပ် ဝန်ဆောင်မှုများအတွက် သင်၏ သဘောတူညီချက်ကို ပြန်လည်ရုပ်သိမ်းလိုက်ခြင်းဖြစ်သောကြောင့် ခရိုင်နှင့် AEA သည် သင့်ကလေး၏ အထူးပညာရေး မှတ်တမ်းများကို ပြင်ဆင်ရန် မလိုအပ်ပါ။

## သဘောတူညီချက်ကို သင်ပြန်လည်ရုပ်သိမ်းပြီးနောက်

သင့်ကလေးသည် အထွေထွေ ပညာရေးကို ရယူနေသော ကျောင်းသားတစ်ယောက်သာ ဖြစ်သွားမည်။ IDEA ၏ အကာအကွယ်မှန်သမျှသည် သင့်ကလေးနှင့် သက်ဆိုင်မည် မဟုတ်ပါ။ IEP တွင် သတ်မှတ်ထားသည့် အထွေထွေ ပညာရေးတွင် ပြင်ဆင်ချိန်ညှိချက်များကို သင့်ကလေးအား ပံ့ပိုးပေးတော့မည် မဟုတ်ဘဲ ကျောင်းနှင့်မသက်ဆိုင်သော ပရိုဂရမ်များ (ဥပမာ- SSI၊

ACT/SAT စစ်ဆေးမှု ပြင်ဆင်ချိန်ညှိချက်များ) တွင် ပါဝင်ခြင်းကို ထိခိုက်စေနိုင်ပါသည်။ သင့်ကလေးတွင် IDEA စည်းကမ်းပိုင်းဆိုင်ရာ အကာအကွယ်များ ရှိတော့မည်မဟုတ်ပါ။ သင်သည် ပုဒ်မ 504 အစီအစဉ်ကို တောင်းဆိုရန် ခရိုင်နှင့် လက်တွဲလုပ်ဆောင်နိုင်သော်လည်း မဖြစ်မနေလုပ်ရန် မလိုအပ်ပါ။

## ပြန်လည်အကဲဖြတ်စစ်ဆေးခြင်းအတွက် သဘောတူညီချက်

သတ်မှတ်ချက်ပြည့်မီသူများကို အနည်းဆုံးသုံးနှစ်တစ်ကြိမ် ပြန်လည်အကဲဖြတ်စစ်ဆေးရန် IDEA က သတ်မှတ်ထားသည်။ ပြန်လည်အကဲဖြတ်စစ်ဆေးခြင်း၏ ရည်ရွယ်ချက်မှာ ကျောင်းသား၏ လိုအပ်ချက်များ ပြောင်းလဲသွားမှု ရှိ၊ မရှိနှင့် ကျောင်းသားသည် အထူးပညာရေးအတွက် ဆက်လက် သတ်မှတ်ချက်ပြည့်မီမှု ရှိ၊ မရှိကို ဆုံးဖြတ်ရန် ဖြစ်ပါသည်။ သင့်ခရိုင်က အောက်ဖော်ပြပါတို့ကို မပြသနိုင်လျှင် ပြန်လည်အကဲဖြတ်စစ်ဆေးခြင်း၏ တစ်စိတ်တစ်ပိုင်းအဖြစ် လိုအပ်သော ထပ်ဆောင်း အကဲဖြတ်စစ်ဆေးခြင်းများကို မလုပ်ဆောင်မီ ခရိုင်သည် သင်၏ အသိပေးသဘောတူညီချက်ကို ရယူရပါမည်-

1. သင့်ကလေးအား ပြန်လည်အကဲဖြတ်စစ်ဆေးခြင်းအတွက် သင့်သဘောတူညီချက်ကို ရယူရန် ၎င်းသည် ကျိုးကြောင်းဆီလျော်သော အဆင့်များကို လုပ်ဆောင်ခဲ့ကြောင်းနှင့်
2. သင်က အကြောင်းမပြန်ခဲ့ကြောင်း။

သင့်ကလေးအား ပြန်လည်အကဲဖြတ်စစ်ဆေးခြင်းအတွက် လိုအပ်သော ထပ်ဆောင်း အကဲဖြတ်စစ်ဆေးခြင်းများကို သဘောတူရန် ငြင်းပယ်ပါက ခရိုင် သို့မဟုတ် AEA သည် သင့်ကလေးအား ပြန်လည်အကဲဖြတ်စစ်ဆေးခြင်းအတွက် လိုအပ်သော ထပ်ဆောင်း အကဲဖြတ်စစ်ဆေးခြင်းများကို သဘောမတူသည့် သင်၏ ငြင်းပယ်ချက်ကို ကြိုးစားပယ်ဖျက်ရန်အလို့ငှာ ညှိနှိုင်းဆွေးနွေးခြင်း၊ တရားမျှတစွာ စီရင်ဆုံးဖြတ်ပေးရန် တိုင်ကြားချက်၊ ပြေလည်အောင်ဖြေရှင်းရေး အစည်းအဝေးနှင့် ဘက်မလိုက်ဘဲ တရားမျှတစွာ စီရင်ဆုံးဖြတ်ပေးရန် ကြားနာမှုကို အသုံးပြု၍ သင့်ကလေးအား ပြန်လည်အကဲဖြတ်စစ်ဆေးခြင်းကို ဆက်လက်လုပ်ဆောင်နိုင်ပါသည်။ သို့သော် ထိုသို့ မဖြစ်မနေလုပ်ရန် မလိုအပ်ပါ။

ကနဦး အကဲဖြတ်စစ်ဆေးခြင်းများကဲ့သို့ပင် ခရိုင် သို့မဟုတ် AEA က ဤပုံစံဖြင့် ပြန်လည်အကဲဖြတ်စစ်ဆေးခြင်းကို လုပ်ဆောင်ရန် ငြင်းပယ်ခြင်းသည် IDEA ၏ အပိုင်း B အောက်ရှိ ၎င်း၏ တာဝန်ဝတ္တရားများကို ချိုးဖောက်ခြင်း မဟုတ်ပါ။

ပြန်လည်အကဲဖြတ်စစ်ဆေးခြင်းအတွက် ထပ်ဆောင်းအချက်အလက်များ မလိုအပ်ပါက သင်သည် ပြန်လည်အကဲဖြတ်စစ်ဆေးခြင်းဆိုင်ရာ အသိပေးချက်ကို လက်ခံရရှိမည်ဖြစ်သော်လည်း သဘောတူညီချက်ပေးရန် မလိုအပ်ပါ။

## သဘောတူညီချက်ရရှိရန်အတွက် ကြိုးပမ်းအားထုတ်မှုများ

ကနဦး အကဲဖြတ်စစ်ဆေးခြင်းများအတွက် မိဘ သဘောတူညီချက် ရရှိရန်၊ အထူးပညာရေးနှင့် ဆက်စပ် ဝန်ဆောင်မှုများကို ပထမဆုံးအကြိမ် ပေးအပ်ရန်၊ ပြန်လည်အကဲဖြတ်စစ်ဆေးခြင်းနှင့် ကနဦး အကဲဖြတ်စစ်ဆေးခြင်းများအတွက် နိုင်ငံတော်၏ အုပ်ထိန်းခံကလေးများ၏ မိဘများကို ရှာဖွေရန်အတွက် ခရိုင် သို့မဟုတ် AEA သည် ကျိုးကြောင်းသင့်လျော်သော အားထုတ်ကြိုးပမ်းမှု စာရွက်စာတမ်းများကို ထိန်းသိမ်းထားရပါမည်။

စာရွက်စာတမ်းများတွင် အောက်ဖော်ပြပါနယ်ပယ်များတွင် ကြိုးပမ်းမှု မှတ်တမ်းပါဝင်ရပါမည်-

1. တယ်လီဖုန်း ခေါ်ဆိုမှုများ ပြုလုပ်ခဲ့သော သို့မဟုတ် ပြုလုပ်ရန် ကြိုးပမ်းခဲ့သော အသေးစိတ် မှတ်တမ်းများနှင့် အဆိုပါ ခေါ်ဆိုမှုများ၏ ရလဒ်များ၊
2. မိဘများထံပေးပို့သော ပေးစာများနှင့် လက်ခံရရှိသော အကြောင်းပြန်စာမှန်သမျှ၏ မိတ္တူများနှင့်
3. မိဘ၏နေအိမ် သို့မဟုတ် အလုပ်လုပ်ရာနေရာသို့ သွားရောက်မှု အသေးစိတ်မှတ်တမ်းများနှင့် အဆိုပါသွားရောက်မှုတို့၏ ရလဒ်များ။

## ခွင့်ပြုချက်အတွက် အခြားသော သီးခြားဖြစ်ရပ်များ

IDEA နှင့် ၎င်း၏ အကောင်အထည်ဖော်မှု စည်းမျဉ်းများတွင် သင့်ခွင့်ပြုချက်လိုအပ်သည့် ထပ်ဆောင်းအချိန်အခါများကို သတ်မှတ်ပေးထားသည်။ ၎င်းတို့တွင် သင့်ကလေးအကြောင်း အချက်အလက်များ မျှဝေခြင်း ပါဝင်သည်။

ထိုအချိန်အခါများမှာ-

1. သင့်ကလေးအား FAPE ပေးအပ်နိုင်ရေး ကူညီပေးရန် ခရိုင် သို့မဟုတ် AEA က သင်၏ အစိုးရအာမခံ သို့မဟုတ် အကျိုးခံစားခွင့်များ သို့မဟုတ် ပုဂ္ဂလိကအာမခံကို ပထမဆုံးအကြိမ် ရယူသုံးစွဲသည့်အခါ သင့်သဘောတူညီချက်ကို ရယူရမည်။
2. ခရိုင် သို့မဟုတ် AEA သည် အကူးအပြောင်း ဝန်ဆောင်မှုများကို ပေးအပ်နေသော သို့မဟုတ် ထိုအတွက် အခကြေးငွေပေးနေသော ပါဝင်သည့်ဌာနများသို့ ပုဂ္ဂိုလ်ရေးအရ မည်သူမည်ဝါ ခွဲခြားဖော်ထုတ်နိုင်သော အချက်အလက်များကို မထုတ်ပြန်မီ သင်၏သဘောတူညီချက်ကို ရယူရမည်။
3. သင့်ကလေးကို အခြား AEA သို့မဟုတ် ခရိုင်အတွင်းရှိ အသိအမှတ်ပြု အစိုးရမဟုတ်သည့်ကျောင်းတွင် အပ်နှံထားလျှင် သို့မဟုတ် အပ်နှံမည်ဆိုပါက သင့်ကလေးနှင့်ပတ်သက်သော ပုဂ္ဂိုလ်ရေးအရ မည်သူမည်ဝါ ခွဲခြားဖော်ထုတ်နိုင်သော အချက်အလက်များကို သင်နေထိုင်ရာခရိုင် နှင့်/သို့မဟုတ် AEA နှင့် အသိအမှတ်ပြု အစိုးရမဟုတ်သည့် ကျောင်းတည်ရှိရာ ခရိုင် နှင့်/သို့မဟုတ် AEA တို့အကြား မထုတ်ပြန်မီ သင့်သဘောတူညီချက်ကို ရယူရမည်။

## ခွင့်ပြုချက်နှင့်ပတ်သက်သော အခြားအချက်အလက်များ

သင့်ခရိုင် သို့မဟုတ် AEA က အောက်ပါတို့မလုပ်မီ သင်၏ခွင့်ပြုချက်ကို မလိုအပ်ပါ-

1. သင့်ကလေးအား အကဲဖြတ်မှု သို့မဟုတ် ပြန်လည်အကဲဖြတ်စစ်ဆေးခြင်း၏ တစ်စိတ်တစ်ပိုင်းအနေဖြင့် ရှိပြီးသားဒေတာကို ပြန်လည်သုံးသပ်ခြင်း သို့မဟုတ်
2. စစ်ဆေးမှု သို့မဟုတ် အကဲဖြတ်မှုမပြုမီ ကလေးအားလုံး၏ မိဘများအားလုံးထံမှ ခွင့်ပြုချက်ကို မလိုအပ်လျှင် ကလေးအားလုံးကို ပြုလုပ်သော စစ်ဆေးမှု သို့မဟုတ် အခြားအကဲဖြတ်မှုတစ်ခုကို သင့်ကလေးအား ပြုလုပ်ခြင်း။

**မှတ်ချက်-** အဆိုပြုထားသော IEP တစ်စိတ်တစ်ပိုင်းကို သင်သဘောမတူပါက သင့်ခရိုင်သည် သင် သို့မဟုတ် သင့်ကလေးအား အခြားဝန်ဆောင်မှု၊ အကျိုးခံစားခွင့် သို့မဟုတ် လုပ်ဆောင်ချက်ကို မပေးဘဲ ငြင်းပယ်ရန်အတွက် အဆိုပါ IEP အစိတ်အပိုင်းအား သင်၏ သဘောတူရန်ငြင်းဆိုချက်ကို အသုံးပြု၍မရပါ။ (ဤစာရွက်စာတမ်း၏ နောက်ပိုင်းတွင် ဖော်ပြထားသည့်) အငြင်းပွားမှုဖြေရှင်းရေး လုပ်ငန်းစဉ်အား လုပ်ဆောင်နေချိန်တွင် AEA သို့မဟုတ် ခရိုင်သည် သဘောတူထားပြီးသား IEP ဝန်ဆောင်မှုများ သို့မဟုတ် လုပ်ဆောင်ချက်များကို ပံ့ပိုးပေးရမည်ဖြစ်သည်။ သင်က အထူးပညာရေးဝန်ဆောင်မှုများအတွက် သဘောတူညီချက်ကို ရုပ်သိမ်းလျှင် IEP ရှိ ဝန်ဆောင်မှုများနှင့် လုပ်ဆောင်ချက်များအားလုံး အဆုံးသတ်သွားပါမည် (“ဝန်ဆောင်မှုများအတွက် သဘောတူညီချက်ကို ရုပ်သိမ်းခြင်း” ကိုကြည့်ပါ)။

**မှတ်ချက်-** သင်က သင့်ကလေးအား ပုဂ္ဂလိကကျောင်းတွင် ကိုယ်ပိုင်စရိတ်ဖြင့် အပ်နှံပြီး သို့မဟုတ် သင့်ကလေးအား မိမိနေအိမ်တွင်ပင် ကျောင်းတက်စေပြီး သင့်ကလေး၏ ကနဦးအကဲဖြတ်မှုအတွက်ဖြစ်စေ၊ ပြန်လည်အကဲဖြတ်စစ်ဆေးခြင်းအတွက်ဖြစ်စေ သဘောတူညီချက်ကို မပေးပါက သို့မဟုတ် သဘောတူညီချက်ပေးရန် တောင်းဆိုမှုကို တုံ့ပြန်ရန် ပျက်ကွက်ပါက ခရိုင်သည် သဘောတူညီချက် ပယ်ဖျက်ခြင်းဆိုင်ရာ ၎င်း၏လုပ်ထုံးလုပ်နည်းများ (ဆိုလိုသည်မှာ ညှိနှိုင်းဆွေးနွေးခြင်း၊ တရားမျှတစွာ စီရင်ဆုံးဖြတ်ပေးရန် တိုင်ကြားချက် ပြေလည်အောင်ဖြေရှင်းရေး အစည်းအဝေးနှင့် ဘက်မလိုက်ဘဲ တရားမျှတစွာ စီရင်ဆုံးဖြတ်ပေးရန် ကြားနာမှု) ကို အသုံးမပြုဘဲနေနိုင်ပြီး သင့်ကလေးအား အလားတူဝန်ဆောင်မှုများ (မိဘက ပုဂ္ဂလိကကျောင်းတွင်ထားထားသော မသန်စွမ်းကလေးများအတွက် ရရှိနိုင်သောဝန်ဆောင်မှုများ) ရရှိရန် အရည်အချင်းပြည့်မီသူအဖြစ် ယူဆရန် မလိုအပ်ပါ။

# အစည်းအဝေးများ တက်ရောက်ခြင်း

## မိဘများ တက်ရောက်ခွင့်ရရှိရမည့် အစည်းအဝေးများ

မသန်စွမ်းကလေးတစ်ဦး၏ မိဘအနေဖြင့် အောက်ပါတို့နှင့်စပ်လျဉ်းသည့် အစည်းအဝေးများတွင် ပါဝင်နိုင်သည့် အခွင့်အလမ်း ရရှိရမည်-

- ကလေးကို ခွဲခြားသတ်မှတ်ခြင်း၊ အကဲဖြတ်ခြင်းနှင့် ပညာရေးဆိုင်ရာ နေရာချထားခြင်း။ ၎င်းအပြင်
- ကလေးအား သင့်လျော်သော အခမဲ့အစိုးရပညာရေး (FAPE) ပေးအပ်ခြင်း။

## အစည်းအဝေး အသိပေးချက်များ

ခရိုင်နှင့် AEA အသီးသီးသည် မသန်စွမ်းကလေးများ၏ မိဘများအနေဖြင့် အစည်းအဝေးများ တက်ရောက်ခွင့်ရကြောင်း သေချာစေရန် အသိပေးချက် ပေးရမည်။ သင်တက်ရောက်ခွင့်ရရှိရန်အတွက် သင့်အား ဆောလျင်စွာ အသိပေးအကြောင်းကြားပေးမည်ဖြစ်ပြီး အောက်ပါအချက်အလက်များကို ပေးအပ်ပါမည်-

- ရည်ရွယ်ချက်၊
- အချိန်၊
- အစည်းအဝေး ကျင်းပရာနေရာနှင့်
- တက်ရောက်မည့်သူများ (အမည်နှင့်ရာထူး)။

အစည်းအဝေးကို နှစ်ဦးနှစ်ဖက် သဘောတူညီသော အချိန်နှင့် နေရာတွင် စီစဉ်ပေးမည်ဖြစ်သည်။

**မှတ်ချက်-** အောက်ပါတို့နှင့်ပတ်သက်ပြီး အချို့သော အစည်းအဝေးများအတွက် နောက်ထပ် အသိပေးချက် သတ်မှတ်ချက်များ ရှိပါသည်-

- အစောပိုင်း ACCESS မှ ကူးပြောင်းလာသော ကလေးများ၊ ၎င်းအပြင်
- အထက်တန်းလွန် ရည်မှန်းချက်များနှင့် အကူးအပြောင်းဝန်ဆောင်မှုများကို စဉ်းစားနေသော ကလေးများ။

## "အစည်းအဝေး" ဆိုတာ ဘာလဲ။

ကျောင်းဝန်ထမ်းများအကြား ကလေးတစ်ဦးအကြောင်း ဆွေးနွေးမှုတိုင်းသည် "အစည်းအဝေး" မဟုတ်ပါ။ အစည်းအဝေးတွင် မပါဝင်သည်များ-

- ခရိုင်နှင့် AEA ဝန်ထမ်းများပါဝင်သည့် အလွတ်သဘော သို့မဟုတ် စီစဉ်ထားခြင်းမရှိသော စကားဝိုင်းများ။
- ကလေး၏ IEP တွင် ဖော်ပြမထားသည့် သင်ကြားရေးနည်းစနစ်၊ သင်ခန်းစာ အစီအစဉ်များ သို့မဟုတ် ဝန်ဆောင်မှုညှိနှိုင်းပေးအပ်ခြင်းကဲ့သို့သော ကိစ္စရပ်များအကြောင်း စကားဝိုင်း။
- နောင်အစည်းအဝေးတွင် ဆွေးနွေးမည့် အဆိုပြုချက်ကို ရေးဆွဲရန် သို့မဟုတ် မိဘ၏ အဆိုပြုချက်အား တုံ့ပြန်ရန် ခရိုင်နှင့် AEA ဝန်ထမ်းများ ချိတ်ဆက်ဆောင်ရွက်ကြသည့် ကြိုတင်ပြင်ဆင်ရေး လုပ်ငန်းများ။

## နေရာချထားမှု ဆုံးဖြတ်ချက်များ

သင့်ကလေးအား ပညာရေးဆိုင်ရာ နေရာချထားမှုနှင့်ပတ်သက်ပြီး ဆုံးဖြတ်ချက်များချသည့် မည်သည့်အဖွဲ့တွင်မဆို အဖွဲ့ဝင်အဖြစ် သင်ပါဝင်နေကြောင်း ခရိုင်နှင့် AEA အသီးသီးက သေချာအောင် လုပ်ရမည်။

## မိဘများက မပါဝင်နိုင်ခြင်း

သင့်ကလေးအား ပညာရေးနေရာချထားမှုနှင့် စပ်လျဉ်း၍ ဆုံးဖြတ်ချက်ချရမည့်အစည်းအဝေးတွင် သင်မပါဝင်နိုင်ပါက သင်ပါဝင်နိုင်စေမည့် အခြားနည်းလမ်းများကို ခရိုင်နှင့် AEA က အသုံးပြုရမည်။

၎င်းတို့တွင် အောက်ပါတို့ ပါဝင်နိုင်သည်-

- တစ်ဦးချင်းအလိုက် သို့မဟုတ် အဖွဲ့လိုက် တယ်လီဖုန်းဖြင့် ခေါ်ဆိုဆွေးနွေးမှုများ သို့မဟုတ်
- ဗီဒီယိုဖြင့် ဆွေးနွေးခြင်း။

## မိဘမပါဘဲ ဆုံးဖြတ်ချက်များ

ဆုံးဖြတ်ချက်တွင် သင်ပါဝင်လာစေရန် ခရိုင်က ဆောင်ရွက်၍မရလျှင် အဖွဲ့သည် သင်မပါဘဲ ဆုံးဖြတ်ချက် ချနိုင်သည်။

ကျောင်းသည် သင်ပါဝင်လာစေရန် ကြိုးပမ်းအားထုတ်မှု မှတ်တမ်းများ ထားရှိရမည်။

# သီးခြားဆောင်ရွက်သော ပညာရေး အကဲဖြတ်ချက်များ

## သီးခြားဆောင်ရွက်သော ပညာရေး အကဲဖြတ်ချက် (IEE) ၏ အဓိပ္ပာယ်ဖွင့်ဆိုချက်

သီးခြားဆောင်ရွက်သော ပညာရေး အကဲဖြတ်ချက် (IEE) ဆိုသည်မှာ ခရိုင် သို့မဟုတ် AEA က ခန့်အပ်ထားခြင်းမဟုတ်သော အရည်အချင်းပြည့်မီသည့် စစ်ဆေးသူတစ်ဦးက ပြုလုပ်သော သင့်ကလေးအား အကဲဖြတ်မှုတစ်ခုဖြစ်သည်။

AEA သည် ၎င်း၏ ဘုတ်အဖွဲ့မူဝါဒတွင် IEE အတွက် စံနှုန်းများကို ချမှတ်ထားသည်။

## IEE ကို တောင်းဆိုခြင်း

ခရိုင်နှင့် AEA က ရယူထားသော သင့်ကလေးအား အကဲဖြတ်ချက်ကို သဘောမတူပါက သင့်ကလေးအတွက် IEE ကို လုပ်ပိုင်ခွင့် သင့်တွင်ရှိသည်-

- AEA က ရယူထားသော အကဲဖြတ်ချက်ကို မိဘကသဘောမတူလျှင် မိဘသည် IEE ကို လုပ်ခွင့်ရှိသည်။
- အစိုးရအေဂျင်စီက မိဘသဘောမတူသော အကဲဖြတ်မှုကို ပြုလုပ်တိုင်း မိဘသည် အစိုးရအသုံးစရိတ်ဖြင့် IEE တစ်ခုကိုသာ လုပ်ပိုင်ခွင့် ရှိသည်။
- AEA ၏ အကဲဖြတ်မှု မပြီးမချင်း မိဘသည် IEE လုပ်ပိုင်ခွင့်မရှိပါ။

## IEE တောင်းဆိုချက်အတွက် ကျောင်း သို့မဟုတ် AEA ၏တုံ့ပြန်ချက်

သင်က IEE ကို တောင်းဆိုလျှင် ကျောင်း သို့မဟုတ် AEA သည် အောက်ဖော်ပြပါအချက်များအနက်မှ တစ်ခုနှင့်အထက်ကို လုပ်ဆောင်နိုင်ပါသည်-

- အစိုးရအေဂျင်စီသည် အဘယ်ကြောင့် သင်က အစိုးရ အကဲဖြတ်စစ်ဆေးချက်ကို ကန့်ကွက်ကြောင်း သင့်အား မေးမြန်းနိုင်သော်လည်း မဖြစ်မနေ ဖြေရှင်းချက်ပေးရန် မလိုအပ်ပါ။

  **မှတ်ချက်-** ဖြေရှင်းချက်သည် အစိုးရကုန်ကျစရိတ်ဖြင့် IEE ကို ပြုလုပ်ခြင်း သို့မဟုတ် ကျောင်း သို့မဟုတ် AEA ကတရားမျှတစွာ စီရင်ဆုံးဖြတ်ပေးရန် ကြားနာမှုကို စတင်လုပ်ဆောင်ခြင်းအား အကျိုးအကြောင်း မဆီလျော်စွာ နှောင့်နှေးစေခြင်းမျိုး မဖြစ်စေရပါ။
- အစိုးရအေဂျင်စီသည် သင်နှင့် သဘောတူညီချက်ပြုလုပ်ပြီး IEE ကို အစိုးရကုန်ကျစရိတ်ဖြင့် လုပ်ပေးနိုင်ပါသည်။
- ပြီးပြည့်စုံသော အကဲဖြတ်စစ်ဆေးမှုက သင့်လျော်ကြောင်း အကြောင်းရင်းကို ပြသရန်အတွက် အစိုးရအေဂျင်စီသည် ကြားနာစစ်ဆေးမှုတစ်ခုကို တောင်းဆိုနိုင်ပါသည်။ ထိုအခြေအနေမျိုးတွင် စီမံအုပ်ချုပ်ရေး ဥပဒေတရားသူကြီး (ALJ) သည် ခရိုင် သို့မဟုတ် AEA က မှန်ကန်မှု ရှိ၊ မရှိကို ဆုံးဖြတ်ချက်ချပါမည်။

**မှတ်ချက်-** ကြားနာစစ်ဆေးမှုပြုလုပ်ပြီးနောက် အကဲဖြတ်စစ်ဆေးမှုမှာ သင့်လျော်သည်ဟု ဆုံးဖြတ်ချက်ချထားသည့်တိုင် သင်သည် IEE ကို လုပ်နိုင်ပါသေးသည်။ သို့သော် ခရိုင် သို့မဟုတ် AEA သည် ၎င်းအတွက် ပေးအပ်ရန်မလိုပါ။

## မိဘက စတင်ဆောင်ရွက်သော IEE

အကဲဖြတ်စစ်ဆေးမှုသည် AEA ၏ စံနှုန်းများနှင့် ကိုက်ညီပါက သင့်ကလေးအတွက် FAPE နှင့်စပ်လျဉ်းပြီး ချမှတ်ထားသော ဆုံးဖြတ်ချက်များတွင် အချက်အလက်များကို ထည့်သွင်းစဉ်းစားရပါမည်။

တရားမျှတစွာ စီရင်ဆုံးဖြတ်ပေးရန် ကြားနာမှုတွင် မည်သည့်ဘက်ကမဆို အချက်အလက်များကို သက်သေအဖြစ် အသုံးပြုနိုင်ပါသည်။

## IEE အတွက် ငွေပေးချေခြင်း

အစိုးရအေဂျင်စီက IEE အတွက် ပေးချေသင့်၊ မသင့်နှင့်ပတ်သက်ပြီး တရားမျှတစွာ စီရင်ဆုံးဖြတ်ပေးရန် ကြားနာမှုကို မတောင်းဆိုပါက ၎င်းသည် IEE အတွက် ကုန်ကျစရိတ် အပြည့်အဝကို ပေးချေရမည် သို့မဟုတ် IEE သည် သင့်အတွက် အခမဲ့ဖြစ်ကြောင်း သေချာအောင်လုပ်ရမည်။

ALJ က IEE ကို တောင်းဆိုလျှင် ၎င်းသည် အစိုးရကုန်ကျစရိတ်ဖြင့် ဖြစ်ရပါမည်။

## IEE များအကြောင်း အခြားသိကောင်းစရာများ

- သင်က IEE ကို အစိုးရကုန်ကျစရိတ်ဖြင့် လုပ်ရန် တောင်းခံလျှင် AEA သည် IEE ရရှိနိုင်မည့် နေရာနှင့် အေဂျင်စီ၏စံနှုန်းများနှင့် ပတ်သက်သည့် အချက်အလက်များကို ပံ့ပိုးပေးပါမည်။

- AEA သည် IEE ကို ရယူရာတွင် ၎င်း၏စံနှုန်းများမှ လွဲ၍ အခြေအနေများ သို့မဟုတ် အချိန်ဇယားများကို သတ်မှတ်၍ မရနိုင်ပါ။
- AEA စံနှုန်းများသည် IEE အား သင်၏ လုပ်ပိုင်ခွင့်နှင့် ကိုက်ညီရပါမည်။
- သင်သဘောမတူသည့် သင့်ကလေးအား အကဲဖြတ်ချက်ကို သင့်ခရိုင် သို့မဟုတ် AEA က လုပ်ဆောင်သည့်အခါတိုင်း သင့်ကလေးအတွက် IEE ကို အစိုးရ ကုန်ကျစရိတ်ဖြင့် တစ်ကြိမ်သာ လုပ်ပိုင်ခွင့် သင့်တွင်ရှိသည်။

# စာဖြင့် ကြိုတင်အသိပေးချက်

## ရည်ရွယ်ချက်

သင့်ကလေး၏ ပညာရေးအတွက် ဆုံးဖြတ်ချက်များချရာတွင် သင်၏ပါဝင်မှုသည် အရေးပါပါသည်။ ခရီးစဉ်တစ်လျှောက် သတ်မှတ်ထားသော လှုပ်ရှားမှုများတွင် သင်ပါဝင်ကြောင်း သေချာအောင်လုပ်ဆောင်ရန် ဥပဒေများဖြင့် သတ်မှတ်ထားရှိသည်။ အဆိုပါ သတ်မှတ်ထားသော လှုပ်ရှားမှုများနှင့် ဆုံးဖြတ်ချက်များသည် သင့်ကလေး၏ အထူးပညာရေး ဝန်ဆောင်မှုများအပေါ် သက်ရောက်မှုရှိပါသည်။

"စာဖြင့် ကြိုတင်အသိပေးချက်" ဆိုသည်မှာ အစိုးရအေဂျင်စီက အောက်ပါတို့ကို လုပ်ဆောင်သည့်အချိန်တွင် သင့်ထံ အစိုးရအေဂျင်စီက စာဖြင့် ဆက်သွယ်ခြင်းဖြစ်သည်-

- အောက်ပါတို့ကို စတင်ဆောင်ရွက်ရန် သို့မဟုတ် ပြောင်းလဲရန် အဆိုပြုခြင်း သို့မဟုတ် ပယ်ချခြင်း-
    - ခွဲခြားဖော်ထုတ်ခြင်း၊
    - အကဲဖြတ်စစ်ဆေးခြင်း သို့မဟုတ်
    - ပညာရေးဆိုင်ရာ နေရာချထားမှု သို့မဟုတ်
    - သင့်ကလေးအတွက် FAPE ပြဋ္ဌာန်းချက်များ။

ခရိုင် သို့မဟုတ် AEA က အဆိုပါ ဆောင်ရွက်ချက်ကို အကောင်အထည်မဖော်မီ သင့်တော်သော အချိန်တစ်ခု ကြိုတင်၍ သင့်ထံ အသိပေးချက် ပေးအပ်ရမည်ဖြစ်သော်လည်း အဆိုပြုချက် သို့မဟုတ် ပယ်ချချက်နှင့် ပတ်သက်ပြီး ဆုံးဖြတ်ချက်ချပြီးနောက်တွင် ပေးအပ်ခြင်းဖြစ်ရမည်။

## အသိပေးချက်ပါ အချက်အလက်များ

အသိပေးချက်တွင် အောက်ဖော်ပြတို့ပါဝင်ရပါမည်-

1. အဆိုပြုထားသော သို့မဟုတ် ပယ်ချထားသော ဆောင်ရွက်ချက် အကြောင်းအရာ။
2. ဆောင်ရွက်ချက်ကို အဆိုပြုရခြင်း သို့မဟုတ် ပယ်ချရခြင်းအတွက် ဖြေရှင်းချက်။
3. အဆိုပြုထားသော သို့မဟုတ် ပယ်ချထားသော ဆောင်ရွက်ချက်အတွက် အခြေခံအကြောင်းရင်းအဖြစ် အေဂျင်စီက အသုံးပြုခဲ့သော အကဲဖြတ်မှု လုပ်ငန်းစဉ်၊ အကဲဖြတ်စစ်ဆေးမှု၊ မှတ်တမ်း သို့မဟုတ် အစီရင်ခံစာအသီးသီး၏ ဖော်ပြချက်။
4. သင် နှင့်/သို့မဟုတ် သင့်ကလေးအား ဥပဒေပါ လုပ်ထုံးလုပ်နည်းအရ အကာအကွယ်များအောက်တွင် ကာကွယ်ပေးထားကြောင်း ဖော်ပြသည့် ထုတ်ပြန်ချက်။
5. လုပ်ထုံးလုပ်နည်းအရ အကာအကွယ်များ လက်စွဲစာအုပ်တွင် ဖော်ပြထားသည့် ဥပဒေ ပုဒ်မများကို နားလည်သဘောပေါက်အောင်လုပ်ရာတွင် အကူအညီရယူရန် မိဘများ ဆက်သွယ်ရမည့် အရင်းအမြစ်များ။
6. IEP အဖွဲ့က ထည့်သွင်းစဉ်းစားထားသော အခြားရွေးချယ်စရာများအကြောင်း ဖော်ပြချက်နှင့် အဆိုပါရွေးချယ်စရာများကို ပယ်ချခဲ့ရသည့် အကြောင်းရင်းများ။
7. ဆောင်ရွက်ချက်တစ်ခုကို အဆိုပြုရန် သို့မဟုတ် ပယ်ချရန် အေဂျင်စီ၏ ဆုံးဖြတ်ချက်နှင့် သက်ဆိုင်သည့် အခြားအချက်မှန်သမျှအကြောင်း ဖော်ပြချက်။
8. အသိပေးချက်တွင် လုပ်ထုံးလုပ်နည်းအရ အကာအကွယ်များအတွက် မိတ္တူတစ်စောင်ကို မိဘများရရှိနိုင်သည့် နေရာကို အသိပေးဖော်ပြထားရန် လိုအပ်ပါသည်။

## အသိပေးချက် ပုံစံ

စာဖြင့် ကြိုတင်အသိပေးချက်ဆိုသည်မှာ ပုံစံတစ်ခု သို့မဟုတ် စာဖြင့်ရေးသားထားသော စာတစ်စောင် ဖြစ်ပါလိမ့်မည်။

အသိပေးချက်ကို အများပြည်သူ နားလည်နိုင်သည့် ဘာသာစကားဖြင့် ရေးသားရပါမည်။ ထို့အပြင် ထိုသို့ရေးသားထားရန် အဆင်မပြေပါက သင်၏ မိခင်ဘာသာစကား သို့မဟုတ် သင်အသုံးပြုသော အခြားဆက်သွယ်ရေးနည်းလမ်းဖြင့် ပံ့ပိုးပေးရပါမည်။

သင့်မိခင်ဘာသာစကား သို့မဟုတ် အခြားဆက်သွယ်ပြောဆိုမှုပုံစံသည် စာဖြင့်ရေးသားပြောဆိုသည့် ဘာသာစကား မဟုတ်ပါက သင့်အစိုးရအေဂျင်စီသည် အောက်ပါတို့နှင့်ကိုက်ညီစေရန် သေချာဆောင်ရွက်ရမည်-

1. အသိပေးချက်ကို သင့်မိခင်ဘာသာစကား သို့မဟုတ် အခြားဆက်သွယ်ရေးနည်းလမ်းများဖြင့် သင့်အတွက် နှုတ်ဖြင့် ဘာသာပြန်ဆိုထားကြောင်း၊
2. အသိပေးချက်ပါ အကြောင်းအရာကို သင် နားလည်သဘောပေါက်ကြောင်း။ ၎င်းအပြင်
3. 1 နှင့် 2 တို့နှင့် ကိုက်ညီကြောင်း စာဖြင့်ရေးသားထားသော အထောက်အထား။

သင်၏ အစိုးရအေဂျင်စီက စာရွက်စာတမ်းများကို အီးမေးလ်ဖြင့် လက်ခံရယူနိုင်သည့် နည်းလမ်းကို မိဘများအား ပေးထားပါက သင်သည် စာဖြင့် ကြိုတင်အသိပေးချက်ကို အီးမေးလ်ဖြင့် လက်ခံရယူရန် ရွေးချယ်နိုင်ပါသည်။

# အငြင်းပွားမှု ဖြေရှင်းရေးဆိုင်ရာ နည်းလမ်းများ

IDEA နှင့် Iowa ဥပဒေတွင် သဘောထားကွဲလွဲမှုများကို ကိုင်တွယ်ဖြေရှင်းရန်အတွက် အသုံးပြုနိုင်သော အောက်ဖော်ပြပါ အငြင်းပွားမှု ဖြေရှင်းရေးဆိုင်ရာ နည်းလမ်းများကို ဖော်ပြပေးထားပါသည်-

- ညှိနှိုင်းဆွေးနွေးခြင်း - IDEA အောက်ရှိ မည်သည့်ကိစ္စရပ်မဆို ပါဝင်ပတ်သက်နေသည့် အငြင်းပွားမှုများကို ဖြေရှင်းရန်အတွက် အသုံးပြုနိုင်ပါသည်
- တရားမျှတစွာ စီရင်ဆုံးဖြတ်ပေးရန် တိုင်ကြားချက် - မသန်မစွမ်းကလေးတစ်ယောက်ဖြစ်ကြောင်း ခွဲခြားဖော်ထုတ်ခြင်း၊ အကဲဖြတ်စစ်ဆေးခြင်း သို့မဟုတ် ပညာရေးဆိုင်ရာ နေရာချထားမှု သို့မဟုတ် ကလေးအတွက် FAPE ပံ့ပိုးမှုနှင့်ပတ်သက်ပြီး မိဘ သို့မဟုတ် အစိုးရအေဂျင်စီက တင်သွင်းနိုင်ပါသည်။
- ပြည်နယ်အဆင့် တိုင်ကြားချက် - IDEA ၏ အပိုင်း B ကို အစိုးရအေဂျင်စီက ချိုးဖောက်ကြောင်း စွပ်စွဲချက်နှင့် ပတ်သက်ပြီး မည်သည့် လူပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းကမဆို တင်သွင်းနိုင်ပါသည်။

# ညှိနှိုင်းဆွေးနွေးခြင်း

## ညှိနှိုင်းဆွေးနွေးခြင်းကို အသုံးပြုနိုင်မှု

ခွဲခြားဖော်ထုတ်ခြင်း၊ အကဲဖြတ်စစ်ဆေးခြင်း၊ ပညာရေးဆိုင်ရာ နေရာချထားမှု သို့မဟုတ် FAPE ပံ့ပိုးမှုနှင့်ပတ်သက်သည့် ဆုံးဖြတ်ချက်တစ်ခုခုအတွက် ညှိနှိုင်းဆွေးနွေးမှု ပြုလုပ်ပေးရန် မိဘ၊ LEA သို့မဟုတ် AEA က တောင်းဆိုနိုင်ပါသည်။

ညှိနှိုင်းဆွေးနွေးမှုကို အောက်ပါအခြေအနေအတိုင်း တောင်းဆိုနိုင်ပါသည်-

- တရားမျှတစွာ စီရင်ဆုံးဖြတ်ပေးရန် တိုင်ကြားချက်ကို မတင်သွင်းဘဲ။
- တရားမျှတစွာ စီရင်ဆုံးဖြတ်ပေးရန် တိုင်ကြားချက်ကို မတင်သွင်းမီ။
- တရားမျှတစွာ စီရင်ဆုံးဖြတ်ပေးရန် တိုင်ကြားချက်ကို တင်သွင်းပြီးနောက်။

ညှိနှိုင်းဆွေးနွေးမှု တောင်းဆိုချက် ပုံစံကို စာမျက်နှာ 39 တွင် တွေ့ရှိနိုင်ပါသည်။

## ညှိနှိုင်းဆွေးနွေးရေးဆိုင်ရာ လုပ်ထုံးလုပ်နည်းများ

ညှိနှိုင်းဆွေးနွေးရေး လုပ်ငန်းစဉ်သည် အောက်ပါအခြေအနေနှင့်ကိုက်ညီကြောင်း ညှိနှိုင်းဆွေးနွေးရေးဆိုင်ရာ လုပ်ထုံးလုပ်နည်းများဖြင့် သေချာအောင် လုပ်ရမည်-

- ဆန္ဒအလျောက် ဖြစ်ကြောင်း
- တရားမျှတစွာ စီရင်ဆုံးဖြတ်ပေးရန် ကြားနာမှု ပြုလုပ်ပိုင်ခွင့် သို့မဟုတ် IDEA အောက်တွင် ပေးအပ်ထားသော အခြားလုပ်ပိုင်ခွင့်တစ်ခုခုကို ငြင်းပယ်ရန် သို့မဟုတ် နှောင့်နှေးစေရန် အသုံးမပြုကြောင်း
- ထိရောက်သော ညှိနှိုင်းဆွေးနွေးရေး နည်းစနစ်များတွင် လေ့ကျင့်သင်ကြားထားသည့် အရည်အချင်းရှိပြီး ဘက်မလိုက်သော ညှိနှိုင်းဆွေးနွေးသူက ဆောင်ရွက်ထားကြောင်း

## ညှိနှိုင်းဆွေးနွေးသူများ

ဌာနသည် အောက်ဖော်ပြပါတို့ကို လုပ်ဆောင်ရပါမည်-

- အရည်အချင်းရှိသော ညှိနှိုင်းဆွေးနွေးသူများ၊ အထူးပညာရေးနှင့် ဆက်စပ် ဝန်ဆောင်မှုများပံ့ပိုးမှုနှင့် စပ်လျဉ်းသည့် ဥပဒေများနှင့် စည်းမျဉ်းများတွင် ကောင်းစွာတတ်သိနည်းလည်သောသူများ၏ စာရင်းကို ထိန်းသိမ်းထားရပါမည်။
- ညှိနှိုင်းဆွေးနွေးသူများကို ကျပန်းဖြစ်စေ၊ အလှည့်ကျဖြစ်စေ၊ အခြားဘက်မလိုက်သော အခြေခံအကြောင်းရင်းဖြင့်ဖြစ်စေ ရွေးချယ်ရမည်။
- ညှိနှိုင်းဆွေးနွေးခြင်းကို အသုံးမပြုရန် ရွေးချယ်သည့်အခါတွင် ကိုယ်ကျိုးမဖက်သောပုဂ္ဂိုလ်နှင့် တွေ့ဆုံမှုများ ပြုလုပ်ခြင်းအတွက် ကုန်ကျစရိတ်များ အပါအဝင် ညှိနှိုင်းဆွေးနွေးရေး လုပ်ငန်းစဉ်၏ ကုန်ကျစရိတ်ကို တာဝန်ယူရပါမည်။

## ညှိနှိုင်းဆွေးနွေးသူ၏ ဘက်မလိုက်မှု

ညှိနှိုင်းဆွေးနွေးသူတစ်ယောက်အဖြစ် ဆောင်ရွက်သူသည်-

- ကလေး၏ ပညာရေး သို့မဟုတ် စောင့်ရှောက်မှုတွင် ပါဝင်သော ဌာန၊ AEA သို့မဟုတ် ခရိုင်၏ ဝန်ထမ်းတစ်ယောက် မဖြစ်ရပါ။ ၎င်းအပြင်
- ညှိနှိုင်းဆွေးနွေးသူ၏ ဘက်မလိုက်မှုနှင့် ဆန့်ကျင်နေသည့် ပုဂ္ဂိုလ်ရေးဆိုင်ရာ သို့မဟုတ် အလုပ်ပိုင်းဆိုင်ရာ အကျိုးအမြတ်တစ်ခု မရှိရပါ။

ညှိနှိုင်းဆွေးနွေးသူအဖြစ် ဆောင်ရွက်နေသူသည် ကလေး၏ ပညာရေး သို့မဟုတ် စောင့်ရှောက်မှုတွင် ပါဝင်သော ဌာန၊ AEA သို့မဟုတ် LEA ၏ ဝန်ထမ်းတစ်ယောက် မဖြစ်ရပါ။ ထို့အပြင် ညှိနှိုင်းဆွေးနွေးသူ၏ ဘက်မလိုက်မှုနှင့် ဆန့်ကျင်နေသည့် ပုဂ္ဂိုလ်ရေးဆိုင်ရာ သို့မဟုတ် အလုပ်ပိုင်းဆိုင်ရာ အကျိုးအမြတ်တစ်ခု မရှိရပါ။ (ညှိနှိုင်းဆွေးနွေးသူများကို ဌာနက ငွေပေးချေသော်လည်း ၎င်းတို့ကို ဌာန၏ ဝန်ထမ်းများအဖြစ် သတ်မှတ်မထားပါ။)

## ညှိနှိုင်းဆွေးနွေးရေး လုပ်ငန်းစဉ်

- ညှိနှိုင်းဆွေးနွေးခြင်းများကို အချိန်မီ စီစဉ်ထားရမည်ဖြစ်ပြီး အားလုံးအတွက် သင့်လျော် အဆင်ပြေသော အချိန်နှင့် နေရာတွင် ကျင်းပရပါမည်။
- ညှိနှိုင်းဆွေးနွေးစဉ်အတွင်း ဆွေးနွေးမှုများကို လျှို့ဝှက်ထားရှိပြီး နောက်ပိုင်း မည်သည့်တရားစွဲဆိုခြင်းတွင်မဆို သက်သေအဖြစ် အသုံးပြု၍ မရပါ။ ညှိနှိုင်းဆွေးနွေးမှု မစတင်မီ အားလုံးသည် လျှို့ဝှက်ထားရှိမှုဆိုင်ရာ ကတိပြုချက်တစ်ခုကို လက်မှတ်ရေးထိုးရန် လိုအပ်ပါမည်။
- အငြင်းပွားမှုကို ညှိနှိုင်းဆွေးနွေးရေး လုပ်ငန်းစဉ်ဖြင့် ဖြေရှင်းထားပါက ပါဝင်သူများသည် ဖြေရှင်းနည်းကို ချမှတ်ထားပြီး အောက်ပါတို့ကို ဖော်ပြထားသည့် တရားဝင် လိုက်နာရမည့်သဘောတူညီချက်ကို ပြုလုပ်ရပါမည်-
  - ညှိနှိုင်းဆွေးနွေးစဉ်အတွင်း ဖြစ်ပွားခဲ့သမျှ ဆွေးနွေးမှုများအားလုံးကို လျှို့ဝှက်ထားရှိမည်ဖြစ်ပြီး နောက်ဆက်တွဲ တရားစွဲဆိုခြင်းတွင် သက်သေအဖြစ် အသုံးပြုမည်မဟုတ်ကြောင်း ဖော်ပြချက်။ ၎င်းအပြင်
  - သင်နှင့် အေဂျင်စီကိုယ်စား လုပ်ပိုင်ခွင့်ရှိသည့် အေဂျင်စီ၏ ကိုယ်စားလှယ်တစ်ယောက်တို့ လက်မှတ်ရေးထိုးထားသည့် ဖော်ပြချက်များ။
- စာဖြင့်ရေးသားပြီး လက်မှတ်ရေးထိုးထားသော ညှိနှိုင်းဆွေးနွေးမှု သဘောတူညီချက်ကို တရားရုံးတွင် သတ်မှတ်ပြဋ္ဌာန်းနိုင်သည်။

## ညှိနှိုင်းဆွေးနွေးကာလအတွင်း ကလေးအား နေရာချထားမှု

ညှိနှိုင်းဆွေးနွေးမှု မပြီးပြတ်သေးသည့်အချိန်နှင့် ကြားဝင်ဖြန်ဖြေမှု ပြုလုပ်ပြီး 10 ရက် ကြာသည့်တိုင် သဘောတူညီချက်ကို မရရှိလျှင် (ပါဝင်သူများက အခြားတစ်နည်းဖြင့် သဘောတူထားခြင်းမရှိလျှင် သို့မဟုတ် ကျောင်းသားသည် စည်းကမ်းအရ ကျောင်းမှ ဖယ်ရှားခံထားရခြင်းမရှိလျှင်) သက်ဆိုင်သူကလေးသည် ၎င်း၏ လက်ရှိ ပညာရေးနေရာချထားမှုအတိုင်း ဆက်လက်ရှိနေရပါမည်။

## ညှိနှိုင်းဆွေးနွေးမှုကို အသုံးပြုခြင်းနှင့်ပတ်သက်ပြီး သေချာမသိဘူးလား။

AEA သည် ညှိနှိုင်းဆွေးနွေးရေး လုပ်ငန်းစဉ်ကို အသုံးမပြုလိုသည့် မိဘများနှင့် ခရိုင်များအတွက် ကိုယ်ကျိုးမဖက်သောပုဂ္ဂိုလ်နှင့် တွေ့ဆုံနိုင်စေရန် သင့်အတွက် အဆင်ပြေသော အချိန်နှင့်နေရာကို စီစဉ်ပေးနိုင်မည့် လုပ်ငန်းစဉ်များကို သတ်မှတ်ထားရှိနိုင်ပါသည်။

ကိုယ်ကျိုးမဖက်သောပုဂ္ဂိုလ်သည် အောက်ဖော်ပြပါတို့အနက်မှ တစ်ယောက်ဖြစ်သည်-

- သင့်တော်သော အခြားအငြင်းပွားမှု ဖြေရှင်းရေး အဖွဲ့အစည်းတစ်ခုနှင့် စာချုပ်ချုပ်ဆိုထားသော သူတစ်ယောက်၊ သို့မဟုတ်
- ASK ရင်းမြစ်စင်တာ (Iowa PTI) သို့မဟုတ်
- လူမှုအသိုင်းအဝိုင်းဆိုင်ရာ မိဘ ရင်းမြစ်စင်တာ။

ကိုယ်ကျိုးမဖက်သောပုဂ္ဂိုလ်သည် ညှိနှိုင်းဆွေးနွေးရေး လုပ်ငန်းစဉ်၏ အကျိုးကျေးဇူးများနှင့် ၎င်းကို အသုံးပြုရန် သင့်အား တိုက်တွန်းပါမည်။

# တရားမျှတစွာ စီရင်ဆုံးဖြတ်ပေးရန် တိုင်ကြားချက်( "တရားမျှတစွာ စီရင်ဆုံးဖြတ်ပေးရန် ကြားနာမှုအား တောင်းဆိုချက်" ဟုလည်း လူသိများသည်

မိဘ/အုပ်ထိန်းသူ သို့မဟုတ် ခရိုင်ကသာ အောက်ဖော်ပြပါတို့ကို စတင်ဆောင်ရွက်ရန် သို့မဟုတ် ပြောင်းလဲရန်အတွက် အဆိုပြုချက် သို့မဟုတ် ပယ်ချချက်နှင့် ပတ်သက်သော မည်သည့်ကိစ္စရပ်အတွက်မဆို တရားမျှတစွာ စီရင်ဆုံးဖြတ်ပေးရန် တိုင်ကြားချက်ကို တင်သွင်းနိုင်ပါသည်-

- မသန်မစွမ်း ကလေးတစ်ယောက်ဖြစ်ကြောင်း ခွဲခြားဖော်ထုတ်ခြင်း၊
- မသန်မစွမ်း ကလေးတစ်ယောက်ကို အကဲဖြတ်စစ်ဆေးခြင်း၊

- မသန်စွမ်းကလေးတစ်ဦးအား ပညာရေးဆိုင်ရာ နေရာချထားမှု၊ သို့မဟုတ်
- ကလေးအတွက် သင့်လျော်သော အခမဲ့အစိုးရပညာရေး (FAPE) သင်ယူခွင့်ပေးခြင်း။

အချက်အလက်များကို တောင်းဆိုပြီးနောက် သို့မဟုတ် တရားမျှတစွာ စီရင်ဆုံးဖြတ်ပေးရန် တိုင်ကြားချက် တင်သွင်းပြီးနောက် ရရှိနိုင်သည့် အခမဲ့ သို့မဟုတ် စရိတ်သက်သာသော ဥပဒေရေးရာ သို့မဟုတ် အခြားသက်ဆိုင်ရာ ဝန်ဆောင်မှုများကို ဌာနက သင့်အား အသိပေးရမည်။

## အချိန်ကန့်သတ်ချက်များ

တရားမျှတစွာ စီရင်ဆုံးဖြတ်ပေးရန် တိုင်ကြားချက်အတွက် အခြေခံအကြောင်းရင်းဖြစ်စေသည့် စွပ်စွဲထားသော ချိုးဖောက်မှုသည် သင် သို့မဟုတ် ခရိုင်က အဆိုပါစွပ်စွဲထားသော ချိုးဖောက်မှုအကြောင်း သိပြီး သို့မဟုတ် သိခဲ့သင့်ပြီးနောက် နှစ်နှစ်အတွင်း ဖြစ်ပွားရမည်။

အောက်ဖော်ပြပါတို့ကြောင့် တိုင်ကြားချက်တင်သွင်းခြင်း မလုပ်နိုင်ခဲ့လျှင် နှစ်နှစ် အချိန်ကန့်သတ်ချက်သည် မသက်ရောက်ရပါ-

- တိုင်ကြားချက်တွင် ဖော်ပြထားသော ပြဿနာများကို ၎င်းက ဖြေရှင်းပြီးခဲ့ကြောင်း ခရိုင် သို့မဟုတ် AEA က သီးခြားမှားယွင်းစွာတင်ပြမှုများ သို့မဟုတ်
- IDEA အရ ပံ့ပိုးပေးရန် လိုအပ်ခဲ့သည့် အချက်အလက်များကို ခရိုင် သို့မဟုတ် AEA က သင့်အား ထုတ်မပေးဘဲထားခြင်း။

တိုင်ကြားချက်ကို လက်ခံရရှိပြီးနောက် ခရိုင်တွင် ပြေလည်အောင်ဖြေရှင်းရေး အစည်းအဝေး (အောက်တွင် အသေးစိတ်ဖော်ပြထားသည်) တစ်ခု ကျင်းပရန် 15 ရက်နှင့် ပြဿနာ(များ)ကို ဖြေရှင်းရန် ရက် 30 အချိန်ရှိသည်။ ပြေလည်အောင်ဖြေရှင်းရေး အစည်းအဝေးအတွင်း သဘောတူညီချက် မရရှိလျှင်နှင့်/သို့မဟုတ် ခရိုင်က ပြဿနာ(များ)ကို ပြက္ခဒိန်ရက် 30 အတွင်း မဖြေရှင်းခဲ့လျှင် ကြားနာခြင်းကို ပြက္ခဒိန်ရက် 45 ရက်အတွင်း လုပ်ဆောင်ရမည်။ စီမံအုပ်ချုပ်ရေး ဥပဒေတရားသူကြီး (ALJ) တစ်ဦးသည် တစ်ဖက်ဖက်က တောင်းဆိုချက်အရ ပြက္ခဒိန်ရက် 45 ရက်ထက်ကျော်လွန်၍ သက်တမ်းတိုးခြင်းကို ခွင့်ပြုနိုင်သည်။

## တရားမျှတစွာ စီရင်ဆုံးဖြတ်ပေးရန် တိုင်ကြားချက်ဆိုင်ရာ လိုအပ်ချက်များ

တရားမျှတစွာ စီရင်ဆုံးဖြတ်ပေးရန် တိုင်ကြားချက်တွင် အောက်ပါတို့ ပါဝင်ရမည်-

- သင့်ကလေး၏ အမည်။
- သင့်ကလေး၏ နေထိုင်ရာလိပ်စာ။
- သင့်ကလေး၏ ကျောင်းနှင့် AEA ၏ အမည်။
- ပြဿနာနှင့်သက်ဆိုင်သော အချက်အလက်များအပါအဝင် အဆိုပြုထားသော သို့မဟုတ် ငြင်းဆိုထားသော လုပ်ဆောင်ချက်နှင့်သက်ဆိုင်သော သင့်ကလေး၏ ပြဿနာ သဘောသဘာဝအကြောင်း ဖော်ပြချက်တစ်ခု။
- ထိုအချိန်တွင် သင် သို့မဟုတ် ခရိုင် သို့မဟုတ် AEA က သိရှိထားသမျှ အချက်အလက်အရ သင်တို့အတွက် ဆောင်ရွက်ပေးနိုင်သော အတိုင်းအတာအထိ ပြဿနာအတွက် အဆိုပြုထားသော ဖြေရှင်းချက်။

**မှတ်ချက်-** အိမ်ရာမဲ့ကလေး သို့မဟုတ် လူငယ် (McKinney- Vento အိမ်ရာမဲ့များအတွက် အကူအညီ အက်ဥပဒေ ပုဒ်မ 725(2) (42 U.S.C. 11434a(2) ၏ အဓိပ္ပာယ်သတ်မှတ်ချက်အတွင်း) ဖြစ်ခဲ့လျှင် တိုင်ကြားချက်တွင် ကလေး၏ ဆက်သွယ်ရန်အချက်အလက်များနှင့် ကလေး တက်ရောက်သည့် ကျောင်း၏ အမည်တို့ ပါဝင်ရမည်။

တရားမျှတစွာ စီရင်ဆုံးဖြတ်ပေးရန် တိုင်ကြားချက်ကို တင်သွင်းရန် နမူနာ ဖောင်ပုံစံတစ်ခုကို စာမျက်နှာ 41 တွင် တွေ့နိုင်သည်။

## တရားမျှတစွာ စီရင်ဆုံးဖြတ်ပေးရန် တိုင်ကြားချက်က လိုအပ်ချက်အားလုံးနှင့် ကိုက်ညီခြင်းရှိ၊ မရှိ ဆုံးဖြတ်ခြင်း

တိုင်ကြားချက်လက်ခံရရှိသည့် အမှုတွင်ပါဝင်သူက စီမံအုပ်ချုပ်ရေး ဥပဒေတရားသူကြီး (ALJ) နှင့် အမှုတွင်ပါဝင်သူအားလုံးအား တိုင်ကြားချက်သည် လိုအပ်ချက်များနှင့် မကိုက်ညီကြောင်းကို တိုင်ကြားချက် လက်ခံရရှိပြီး ပြက္ခဒိန်ရက် 15 ရက်အတွင်း စာဖြင့် အကြောင်းကြားခြင်းမရှိလျှင် တိုင်ကြားချက်ကို လိုအပ်ချက်ပြည့်မီသည်ဟု ယူဆပါမည်။ ALJ သည် အဆိုပါအကြောင်းကြားစာကို လက်ခံရရှိပြီး ပြက္ခဒိန်ရက်ငါးရက်အတွင်း တိုင်ကြားချက်က လိုအပ်ချက်များနှင့် ကိုက်ညီခြင်းရှိ၊ မရှိ ဆုံးဖြတ်ချက်ချပြီး အဆိုပါဆုံးဖြတ်ချက်ကို စာဖြင့်ရေးသား၍ အမှုတွင်ပါဝင်သူများကို အသိပေးရမည်။

တင်သွင်းထားသော တိုင်ကြားချက်တစ်ခုက လိုအပ်ချက်အားလုံးနှင့် မကိုက်ညီမချင်း ကြားနာခြင်းကို လုပ်ဆောင်၍မရပါ။ အခြားအမှုတွင်ပါဝင်သူက သဘောမတူညီလျှင် တိုင်ကြားချက်တင်သွင်းသော အမှုတွင်ပါဝင်သူအား တိုင်ကြားချက်တွင် မတင်ပြထားသည့် ပြဿနာများကို ကြားနာခြင်းတွင် တင်ပြခွင့်မပြုပါ။

## တရားမျှတစွာ စီရင်ဆုံးဖြတ်ပေးရန် တိုင်ကြားချက်၏ မိတ္တူများကို မည်သူရရှိသနည်း။

သင်သည် တရားမျှတစွာ စီရင်ဆုံးဖြတ်ပေးရန် တိုင်ကြားချက်ကို အောက်ဖော်ပြပါသို့ ပေးပို့ရန် လိုအပ်သည်-

- ခရိုင်

- AEA
- ဌာနနှင့်
- အမည်ဖော်ပြထားသော အခြား အမှုတွင်ပါဝင်သူမည်သူမဆို။

တရားမျှတစွာ စီရင်ဆုံးဖြတ်ပေးရန် တိုင်ကြားချက်တစ်ခုနှင့် သက်ဆိုင်သော အချိန်သတ်မှတ်ချက်များသည် အမှုတွင်ပါဝင်သူအားလုံးက လိုအပ်သောမိတ္တူအားလုံးကို လက်ခံရရှိပြီးနောက်မှသာ စတင်သည်။

ဘက်မလိုက်ဘဲ တရားမျှတစွာ စီရင်ဆုံးဖြတ်ပေးရန် ကြားနာမှုကို ဆောင်ရွက်ပေးရန် ဌာနတွင် တာဝန်ရှိသည်။

## တရားမျှတစွာ စီရင်ဆုံးဖြတ်ပေးရန် တိုင်ကြားချက်များကို ပြောင်းလဲခြင်း

သင်သည် အောက်ပါအခြေအနေများတွင်သာ သင်၏ တရားမျှတစွာ စီရင်ဆုံးဖြတ်ပေးရန် တိုင်ကြားချက်တွင် ပြောင်းလဲမှုများ ("ပြင်ဆင်ချက်များ") ပြုလုပ်နိုင်သည်-

1. အခြားအမှုတွင်ပါဝင်သူများက ပြောင်းလဲမှုများကို စာဖြင့်ရေးသား၍ သဘောတူညီပြီး ပြေလည်အောင်ဖြေရှင်းရေး အစည်းအဝေးမှတစ်ဆင့် တရားမျှတစွာ စီရင်ဆုံးဖြတ်ပေးရန် တိုင်ကြားချက်ကို ဖြေရှင်းရန် အခွင့်အရေးကို ၎င်းတို့အား ပေးထားလျှင် သို့မဟုတ်
2. ALJ က ခွင့်ပြုချက်ပေးအပ်လျှင်၊ ခြွင်းချက်အနေဖြင့် ALJ သည် တရားမျှတစွာ စီရင်ဆုံးဖြတ်ပေးရန် ကြားနာမှု မစတင်မီ ငါးရက်ထက်မကျော်ဘဲ ထိုအတောအတွင်း မည်သည့်အချိန်တွင်မဆိုသာ ပြင်ဆင်ရန် ခွင့်ပြုချက်ကို ပေးအပ်နိုင်သည်။

တိုင်ကြားချက်ကို ပြောင်းလဲသည့်အခါ ကြားနာခြင်းနှင့် ပြေလည်အောင်ဖြေရှင်းရေး အစည်းအဝေးအတွက် အချိန်သတ်မှတ်ချက်များ ပြန်လည်စတင်သည်။

## တရားမျှတစွာ စီရင်ဆုံးဖြတ်ပေးရန် တိုင်ကြားချက်အား တုံ့ပြန်ခြင်း

တရားမျှတစွာ စီရင်ဆုံးဖြတ်ပေးရန် တိုင်ကြားချက်၏ အကြောင်းအရာနှင့်စပ်လျဉ်း၍ စာဖြင့် ကြိုတင်အသိပေးချက်ကို ခရိုင်က သင့်ထံ မပေးပို့ခဲ့လျှင် ခရိုင်သည် တိုင်ကြားချက်ကို လက်ခံရရှိပြီး ပြက္ခဒိန်ရက် 10 ရက်အတွင်း အောက်ပါတို့ပါဝင်သည့် တုံ့ပြန်မှုကို ပေးရမည်-

- တရားမျှတစွာ စီရင်ဆုံးဖြတ်ပေးရန် တိုင်ကြားချက်တွင် တင်ပြထားသော ဆောင်ရွက်ချက်ကို လုပ်ဆောင်ရန် အေဂျင်စီက အဆိုပြု သို့မဟုတ် ငြင်းပယ်ခဲ့ရသည့် အကြောင်းရင်း၏ ရှင်းလင်းချက်၊
- သင့်ကလေး၏ IEP အဖွဲ့က ထည့်သွင်းစဉ်းစားထားသော အခြားရွေးချယ်စရာများ၏ ဖော်ပြချက်နှင့် အဆိုပါရွေးချယ်စရာများကို ငြင်းပယ်ခဲ့ရသည့် အကြောင်းရင်းများ၊
- အဆိုပြုထားသော ဆောင်ရွက်ချက် သို့မဟုတ် ငြင်းပယ်ထားသော ဆောင်ရွက်ချက်အတွက် အခြေခံအကြောင်းရင်းအဖြစ် အေဂျင်စီက အသုံးပြုခဲ့သော အကဲဖြတ်မှု လုပ်ငန်းစဉ်၊ အကဲဖြတ်စစ်ဆေးမှု၊ မှတ်တမ်း သို့မဟုတ် အစီရင်ခံစာ တစ်ခုစီတို့၏ ဖော်ပြချက်နှင့်
- အေဂျင်စီ၏ အဆိုပြု သို့မဟုတ် ငြင်းပယ်ထားသော ဆောင်ရွက်ချက်နှင့် သက်ဆိုင်သည့် အခြားအချက်များအကြောင်း ဖော်ပြချက်။

## ပြေလည်အောင်ဖြေရှင်းရေး အစည်းအဝေး

ဤအစည်းအဝေး၏ ရည်ရွယ်ချက်မှာ တိုင်ကြားချက်နှင့်ပတ်သက်၍ ဆွေးနွေးရန်နှင့် အငြင်းပွားမှုကို ဖြေရှင်းနိုင်မည့် အခွင့်အရေးပေးရန် ဖြစ်သည်။

တိုင်ကြားချက်အကြောင်း အသိပေးချက်ကို လက်ခံရရှိပြီး 15 ရက်အတွင်း ခရိုင်နှင့် AEA သည် သင်နှင့် သင်၏ တရားမျှတစွာ စီရင်ဆုံးဖြတ်ပေးရန် ကြားနာမှုဆိုင်ရာ တိုင်ကြားချက်တွင် ဖော်ပြထားသော အချက်အလက်များနှင့်ပတ်သက်၍ အတိအကျသိရှိသော IEP အဖွဲ့၏ သက်ဆိုင်ရာအဖွဲ့ဝင်(များ) နှင့်အတူ အစည်းအဝေးတစ်ခု ကျင်းပရမည်။ ၎င်းတွင်-

- ခရိုင်နှင့် AEA ကိုယ်စား ဆုံးဖြတ်ချက်ချရန် လုပ်ပိုင်ခွင့်ရှိသော ခရိုင်နှင့် AEA ၏ ကိုယ်စားလှယ်တစ်ဦး ပါဝင်ရမည်။
- ရှေ့နေတစ်ဦးက သင်နှင့်အတူ လိုက်ပါခြင်းမရှိလျှင် ခရိုင် သို့မဟုတ် AEA ၏ ရှေ့နေ မပါဝင်နိုင်ပါ။

အောက်ပါအခြေအနေများမှလွဲ၍ ပြေလည်အောင်ဖြေရှင်းရေး အစည်းအဝေးတစ်ခုကို လုပ်ဆောင်ရမည်-

- ပြေလည်အောင်ဖြေရှင်းရေး အစည်းအဝေးကို မလုပ်တော့ရန် အမှုတွင်ပါဝင်သူအားလုံးက စာဖြင့်ရေးသား၍ သဘောတူလျှင် သို့မဟုတ်
- ဌာနမှတစ်ဆင့်ရရှိနိုင်သော ညှိနှိုင်းဆွေးနွေးခြင်းလုပ်ငန်းစဉ်ကို အသုံးပြုရန် အမှုတွင်ပါဝင်သူအားလုံးက သဘောတူလျှင်။

ပြေလည်အောင်ဖြေရှင်းရေး အစည်းအဝေးကို ကျင်းပခဲ့ကြောင်း သို့မဟုတ် ဤခြွင်းချက်နှစ်ခုအနက်တစ်ခု သက်ရောက်ကြောင်း ပြသသော စာရွက်စာတမ်းများကို ဌာနသို့ ပေးပို့ရမည်။

ပြေလည်အောင်ဖြေရှင်းရေး အစည်းအဝေးတွင် သဘောတူညီချက်ရရှိလျှင် အမှုတွင်ပါဝင်သူများသည် တရားရုံးတွင် သက်ရောက်ကျင့်သုံးနိုင်သော ဥပဒေအရ လိုက်နာဆောင်ရွက်ရမည့် သဘောတူညီချက်တစ်ခုကို လက်မှတ်ရေးထိုးရမည်။ အမှုတွင်ပါဝင်သူ တစ်ဦးဦးသည် သဘောတူညီချက်ကို လက်မှတ်ရေးထိုးပြီး အလုပ်ဖွင့်ရက်သုံးရက်အတွင်း ဤသဘောတူညီချက်ကို ဖျက်သိမ်းနိုင်သည်။

## ပြေလည်အောင်ဖြေရှင်းရေး အစည်းအဝေးကို ကျင်းပရန် ပျက်ကွက်ခြင်း

အမှုတွင်ပါဝင်သူများက အစည်းအဝေးကို မလုပ်တော့ရန် သဘောမတူထားပါက ပြေလည်အောင်ဖြေရှင်းရေး အစည်းအဝေးကို ကျင်းပရန် သို့မဟုတ် ပါဝင်ရန် ပျက်ကွက်မှုအတွက် နောက်ဆက်တွဲအနေဖြင့် အရေးယူခံရမည်။

ခရိုင်က တိုင်ကြားချက်အကြောင်း အသိပေးချက်ကို လက်ခံရရှိပြီး ပြက္ခဒိန်ရက် 15 ရက်အတွင်း အစည်းအဝေးကို ကျင်းပရန် ပျက်ကွက်လျှင်ဖြစ်စေ၊ အစည်းအဝေးတွင် ပါဝင်ရန် ပျက်ကွက်လျှင်ဖြစ်စေ သင်သည် 45 ရက်အချိန်ကာလအတွင်း ကြားနာမှု ဆောင်ရွက်ပေးရန်အတွက် တောင်းဆိုနိုင်သည်။

ခရိုင်က ကျိုးကြောင်းသင့်သော ကြိုးပမ်းမှုများပြုလုပ်၍ အဆိုပါကြိုးပမ်းမှုများကို အထောက်အထားပြုပြီးနောက် ပြေလည်အောင်ဖြေရှင်းရေး အစည်းအဝေးတွင် သင် ပါဝင်လာအောင် မဆောင်ရွက်နိုင်ပါက ခရိုင် သို့မဟုတ် AEA သည် ပြေလည်အောင်ဖြေရှင်းရေး ကာလ ပြက္ခဒိန်ရက် 30 အဆုံးတွင် တရားမျှတစွာ စီရင်ဆုံးဖြတ်ပေးရန် တိုင်ကြားချက်ကို ပယ်ချရန် တောင်းဆိုနိုင်သည်။ ကြိုးပမ်းမှုများကို အထောက်အထားပြခြင်းတွင် နှစ်ဦးနှစ်ဖက် သဘောတူညီထားသော အချိန်နှင့် နေရာကို စီစဉ်ရန် အောက်ပါတို့ကဲ့သို့သော ကြိုးပမ်းမှုများ၏ မှတ်တမ်းပါဝင်ရမည်-

- တယ်လီဖုန်းခေါ်ဆိုမှုများ၏ အသေးစိတ်မှတ်တမ်းများ
- ပေးပို့ထားသော၊ လက်ခံရရှိသော စာအပေးအယူ၏ မိတ္တူများ
- သင့်အိမ် သို့မဟုတ် အလုပ်နေရာသို့ လာရောက်မှုများ၏ အသေးစိတ်မှတ်တမ်းများ

## တရားစွဲဆိုမှုများပြုလုပ်စဉ်ကာလအတွင်း ကလေးအား နေရာချထားမှု

စည်းကမ်းထိန်းသိမ်းရေးအရ ဖယ်ရှားမှုများပါဝင်သော ကြားနာခြင်းများမှလွဲ၍ သင့်ကလေးသည် အမှုတွင်ပါဝင်သူအားလုံးက အခြားတစ်နည်းအားဖြင့် သဘောတူထားခြင်းမရှိလျှင် ဘက်မလိုက်ဘဲ တရားမျှတစွာ စီရင်ဆုံးဖြတ်ပေးရန် ကြားနာမှုကာလအတွင်း သူ/သူမ၏ လက်ရှိ ပညာရေးဆိုင်ရာ နေရာချထားမှုတွင် ဆက်ရှိရမည်။

ကလေးတစ်ဦးက ဘက်မလိုက်ဘဲ တရားမျှတစွာ စီရင်ဆုံးဖြတ်ပေးရန် ကြားနာမှု လုပ်ဆောင်ချိန်တွင် ကြားကာလ အစားထိုး ပညာရေးဆိုင်ရာ နေရာချထားမှုတစ်ခုတွင်ရှိပါက ကလေးသည် ALJ ၏ ဆုံးဖြတ်ချက် သို့မဟုတ် အချိန်ကာလကုန်ဆုံးမှုကို စောင့်ဆိုင်းနေစဉ် အဆိုပါနေရာတွင် ဆက်ရှိရမည်။

တရားမျှတစွာ စီရင်ဆုံးဖြတ်ပေးရန် တိုင်ကြားချက်တွင် အစိုးရကျောင်းသို့ ကနဦးဝင်ခွင့်အတွက် လျှောက်ထားမှုပါဝင်ပါက သင့်ကလေးကို ကြားနာမှု မပြီးမချင်း အစိုးရကျောင်းတွင် သင့်သဘောတူညီချက်ဖြင့် နေရာချထားရမည်။

ဌာနက ပြုလုပ်သော တရားမျှတစွာ စီရင်ဆုံးဖြတ်ပေးရန် ကြားနာမှုတွင် ALJ ၏ ဆုံးဖြတ်ချက်သည် နေရာချထားမှု ပြောင်းလဲခြင်းက သင့်လျော်ကြောင်း သင်၏အမြင်ကို သဘောတူပါက နေရာချထားမှုကို ပြည်နယ်နှင့် သင့်အကြား သဘောတူညီချက်တစ်ခုအဖြစ် သဘောထားရမည်။

## ကြားနာခြင်း လုပ်ငန်းစဉ်

တရားမျှတစွာ စီရင်ဆုံးဖြတ်ပေးရန် တိုင်ကြားချက်တစ်ခုကို တင်သွင်းသည့်အချိန်တိုင်း သင်၊ AEA သို့မဟုတ် အငြင်းပွားမှုတွင် ပါဝင်သောခရိုင်တွင် ဘက်မလိုက်ဘဲ တရားမျှတစွာ စီရင်ဆုံးဖြတ်ပေးရန် ကြားနာမှု လုပ်ဆောင်ခွင့်ရှိရမည်။

- ဌာနက ကြားနာခြင်းအတွက် စီစဉ်ပေးသည်။
- စီမံအုပ်ချုပ်ရေး ဥပဒေတရားသူကြီး (ALJ) ရာထူးရယူထားသည့် ပုဂ္ဂိုလ်တစ်ဦးသည် တရားမျှတစွာ စီရင်ဆုံးဖြတ်ပေးရန် ကြားနာမှုတွင် အထောက်အထားများကို နားထောင်ပြီး ဆုံးဖြတ်ချက်ချသည်။
- ဌာနသည် ALJ များအဖြစ် ဆောင်ရွက်သော ပုဂ္ဂိုလ်များ၏ စာရင်းကို ထိန်းသိမ်းထားရမည်။ ထိုစာရင်းတွင် အဆိုပါပုဂ္ဂိုလ်တစ်ဦးချင်းစီ၏ အရည်အချင်းများအကြောင်း ဖော်ပြချက်တစ်ခု ပါဝင်ရမည်။

အနည်းဆုံးအနေဖြင့် ALJ တစ်ဦးသည်-

- ကလေး၏ ပညာရေး သို့မဟုတ် စောင့်ရှောက်မှုတွင် ပါဝင်သော ဌာန၊ AEA သို့မဟုတ် ခရိုင်၏ ဝန်ထမ်းတစ်ဦး မဖြစ်ရပါ သို့မဟုတ်
- ကြားနာခြင်းတွင် လူတစ်ဦး၏ သမာသမတ်ကျကျ တရားစီရင်နိုင်စွမ်းနှင့် ကွဲလွဲဆန့်ကျင်သည့် ပုဂ္ဂိုလ်ရေး သို့မဟုတ် လုပ်ငန်းခွင်ဆိုင်ရာ အကျိုးစီးပွားတစ်ခုရှိသော ပုဂ္ဂိုလ်မဖြစ်ရပါ။

ALJ တစ်ဦးသည်-

- IDEA ၏ ပြဋ္ဌာန်းချက်များ၊ IDEA နှင့်သက်ဆိုင်သော ဖက်ဒရယ်နှင့် ပြည်နယ်စည်းမျဉ်းများနှင့် ဖက်ဒရယ်နှင့် ပြည်နယ် တရားရုံးများက IDEA အား ဥပဒေအရ အနက်ပြန်ဆိုမှုများနှင့်ပတ်သက်၍ ဗဟုသုတနှင့် နားလည်နိုင်စွမ်းရှိရမည်။
- သင့်လျော်ပြီး စံသတ်မှတ်ထားသည့် ဥပဒေကျင့်ထုံးနှင့်အညီ ကြားနာခြင်းများကို ဆောင်ရွက်ရန် ဗဟုသုတနှင့် အရည်အချင်း ရှိရမည်။ ၎င်းအပြင်
- သင့်လျော်ပြီး စံသတ်မှတ်ထားသည့် ဥပဒေကျင့်ထုံးနှင့်အညီ ဆုံးဖြတ်ချက်များကို ချမှတ်ရန်နှင့် ရေးသားရန် ဗဟုသုတနှင့် အရည်အချင်းရှိရမည်။

ALJ တစ်ဦးကို အေဂျင်စီတစ်ခုက ငွေပေးချေသော်လည်း ၎င်းကို အေဂျင်စီ၏ ဝန်ထမ်းတစ်ဦးဟု မယူဆပါ။ ကြားနာခြင်းအတွင်း အမှုတွင်ပါဝင်သူများတွင် အောက်ပါအခွင့်အရေးများရှိသည်-

- ရှေ့နေတစ်ဦးနှင့် မသန်စွမ်းကလေးများ၏ ပြဿနာများနှင့်ပတ်သက်၍ အထူးဗဟုသုတ သို့မဟုတ် လေ့ကျင့်မှုရှိသောပုဂ္ဂိုလ်များကို လိုက်ပါစေခွင့်နှင့် ၎င်းတို့ထံမှ အကြံဉာဏ်ရယူခွင့်၊
- အထောက်အထားတင်ပြခွင့်နှင့် ထိပ်တိုက်ဖြေရှင်းခွင့်၊ အပြန်အလှန်စစ်ဆေးခွင့်နှင့် မျက်မြင်သက်သေများကို မဖြစ်မနေ တက်ရောက်ခိုင်းပိုင်ခွင့်၊
- ကြားနာခြင်းမတိုင်မီ အနည်းဆုံး အလုပ်ဖွင့်ရက်ငါးရက်အလိုတွင် အဆိုပါအမှုတွင်ပါဝင်သူထံ ထုတ်ဖော်မပြောထားသော မည်သည့်အထောက်အထားကိုမဆို ကြားနာခြင်းတွင် တင်သွင်းခြင်းကို တားမြစ်ခွင့်။
- ကြားနာခြင်းအကြောင်း အတိအကျ မှတ်တမ်းတင်မှုကို စာဖြင့် သို့မဟုတ် အီလက်ထရောနစ်နည်းဖြင့် ရရှိခွင့်နှင့်
- အချက်အလက် တွေ့ရှိချက်နှင့် ဆုံးဖြတ်ချက်များကို စာဖြင့် သို့မဟုတ် အီလက်ထရောနစ်နည်းဖြင့် ရရှိခွင့်။

ထို့အပြင် မိဘများတွင် အောက်ပါအခွင့်အရေးများရှိသည်-

- ကြားနာမှု၏ အဓိကအကြောင်းရင်းဖြစ်သည့် ကလေးကို တက်ရောက်ခိုင်းခွင့်၊
- ကြားနာခြင်းကို လူသိရှင်ကြားပြုလုပ်ခွင့်နှင့်
- ကြားနာခြင်းမှတ်တမ်း၊ အချက်အလက် တွေ့ရှိချက်များနှင့် ဆုံးဖြတ်ချက်များ၏ မှတ်တမ်းကို အခမဲ့ ပေးအပ်ခံရခွင့်။

အမှုတွင်ပါဝင်သူအားလုံးသည် ကြားနာခြင်းမတိုင်မီ အနည်းဆုံး အလုပ်ဖွင့်ရက်ငါးရက်အလိုတွင်၊ အဆိုပါရက်စွဲနောက်ဆုံးထားပြီး ပြီးမြောက်ခဲ့သော အကဲဖြတ်ချက်အားလုံးနှင့် ကြားနာခြင်းတွင် အသုံးပြုရန် သင် သို့မဟုတ် အခြားအမှုတွင်ပါဝင်သူများက ရည်ရွယ်ထားသော အဆိုပါအကဲဖြတ်ချက်များပေါ်အခြေခံထားသည့် အကြံပြုချက်များကို အချင်းချင်း ထုတ်ဖော်ပြောရမည်။ ALJ တစ်ဦးသည် ဤလိုအပ်ချက်ကို လိုက်နာရန် ပျက်ကွက်သည့် အမှုတွင်ပါဝင်သူ မည်သူကိုမဆို အခြားအမှုတွင်ပါဝင်သူများ၏ သဘောတူညီချက်မပါဘဲ ကြားနာခြင်းတွင် သက်ဆိုင်ရာအကဲဖြတ်ချက် သို့မဟုတ် အကြံပြုချက်ကို တင်သွင်းခြင်းမှ တားမြစ်နိုင်သည်။

ALJ တစ်ဦးသည် ကလေးက FAPE ကို လက်ခံရရှိခဲ့ခြင်းရှိ၊ မရှိ ဆုံးဖြတ်ချက်တစ်ခုပေါ်အခြေခံ၍ ခြေခြေမြစ်မြစ်ဖြစ်သော အကြောင်းပြချက်များဖြင့် ဆုံးဖြတ်ချက်ချရမည်။ လုပ်ထုံးလုပ်နည်းဆိုင်ရာ ချိုးဖောက်မှုတစ်ခုဟု စွပ်စွဲထားသော ကိစ္စရပ်များတွင် လုပ်ထုံးလုပ်နည်းဆိုင်ရာ မလုံလောက်မှုများက အောက်ပါအချက်များမှတစ်ခုနှင့် ကိုက်ညီမှသာ ကလေးတစ်ဦးသည် FAPE ကို မရရှိခဲ့ဟု ALJ တစ်ဦးက ဆုံးဖြတ်နိုင်သည်-

- သင့်ကလေး၏ FAPE ရပိုင်ခွင့်ကို ဟန့်တားခဲ့ခြင်း။
- သင့်ကလေးအား FAPE ပံ့ပိုးပေးခြင်းနှင့်စပ်လျဉ်း၍ ဆုံးဖြတ်ချက်ချသည့် လုပ်ငန်းစဉ်တွင် သင် ပါဝင်နိုင်မည့်အခွင့်အလမ်းအား သိသိသာသာ ဟန့်တားခဲ့ခြင်း။ သို့မဟုတ်
- ပညာရေးဆိုင်ရာ အကျိုးခံစားခွင့်ကို လုံလောက်အောင် မရရှိခဲ့ခြင်း။

ဤပြဋ္ဌာန်းချက်များပါ မည်သည့်အချက်ကမျှ ALJ သည် IDEA ၏ လုပ်ထုံးလုပ်နည်းဆိုင်ရာ သတ်မှတ်ချက်များကို လိုက်နာရန် ခရိုင် သို့မဟုတ် AEA ကို အမိန့်မပေးနိုင်ကြောင်း ဆိုလိုခြင်း မဖြစ်စေရ။

ALJ ၏ ဆုံးဖြတ်ချက်ကို သဘောမတူသည့် မည်သူမဆိုသည် ထိုဆုံးဖြတ်ချက်ကို တရားရုံးတွင် တရားမမှုဖြင့် အယူခံဝင်နိုင်သည်။ ALJ က ဆုံးဖြတ်ချက်ချလိုက်သည့်ရက်မှ ရက် 90 အတွင်း ၎င်းကို တင်သွင်းရမည်။ အငြင်းပွားသည့်အတိုင်းအတာ မည်မျှပင်ဖြစ်စေကာမူ အဆိုပါအမှုကို ပြည်နယ် သို့မဟုတ် ဖက်ဒရယ်ခရိုင်တရားရုံးသို့ လျှောက်ထားနိုင်သည်။

မည်သူမည်ဝါ ခွဲခြားဖော်ထုတ်နိုင်သော အချက်အလက်များကို ဖျက်ပြီးနောက် ဌာနသည်-

- တွေ့ရှိချက်များနှင့် ဆုံးဖြတ်ချက်များကို Iowa အထူးပညာရေး အကြံပေးအဖွဲ့သို့ တစ်ဆင့်ပေးပို့ရမည်၊ ၎င်းအပြင်
- အဆိုပါတွေ့ရှိချက်များနှင့် ဆုံးဖြတ်ချက်များကို အများပြည်သူ သိရှိစေရန် ပြုလုပ်ရမည်။

မှတ်ချက်- တင်သွင်းထားပြီးသား သို့မဟုတ် ဆုံးဖြတ်ထားပြီးသား တရားမျှတစွာ စီရင်ဆုံးဖြတ်ပေးရန် တိုင်ကြားချက်နှင့် မသက်ဆိုင်သည့် ကိစ္စရပ်အတွက် သီးခြား တရားမျှတစွာ စီရင်ဆုံးဖြတ်ပေးရန် တိုင်ကြားချက်ကို တင်သွင်းခြင်းမှ သင့်အား မည်သည့်အရာကမျှ ဟန့်တားခြင်းမဖြစ်စေရ။

## တရားမမှုနှင့် ရှေ့နေခများ

တရားမမှုကို ဦးတိုက်လျှောက်မထားမီ တရားမျှတစွာ စီရင်ဆုံးဖြတ်ပေးရန် လုပ်ထုံးလုပ်နည်းများကို အပြည့်အစုံ ဆောင်ရွက်ပြီးဖြစ်ရမည်။ ဆိုလိုသည်မှာ တစ်ဖက်အဖွဲ့သည် တရားရုံးသို့ တိုက်ရိုက် ဦးတည်လျှောက်ထား၍မရပါ။ ယင်းအစား သင်သည် အထက်တွင်အသေးစိတ်ဖော်ပြထားသော IDEA အောက်၌ ရရှိနိုင်သော စီမံအုပ်ချုပ်ရေးဆိုင်ရာ ကုစားဖြေရှင်းမှုများကို ဦးစွာအသုံးပြုရမည် (ဆိုလိုသည်မှာ တရားမျှတစွာ စီရင်ဆုံးဖြတ်ပေးရန် တိုင်ကြားချက်၊ ပြေလည်အောင်ဖြေရှင်းရေး အစည်းအဝေးနှင့် ဘက်မလိုက်ဘဲ တရားမျှတစွာ စီရင်ဆုံးဖြတ်ပေးရန် ကြားနာမှုတို့ ဖြစ်သည်)။

တရားရုံးသည် IDEA အရ ဦးတိုက်လျှောက်ထားလာသော မည်သည့်အမှုတွင်မဆို အနိုင်ရသောဖက်အား ကျိုးကြောင်းဆီလျော်မှုရှိသော ရှေ့နေခများကို ချီးမြှင့်နိုင်သည်။ စီမံအုပ်ချုပ်မှုဆိုင်ရာ တရားစွဲဆိုခြင်း သို့မဟုတ် တရားစီရင်ရေးကိစ္စတစ်ခုကြောင့် အစည်းအဝေးကို ကျင်းပခြင်းမဟုတ်လျှင် IEP အဖွဲ့၏ မည်သည့်အစည်းအဝေးမဆိုအတွက် ရှေ့နေခများကို ချီးမြှင့်နိုင်မည်မဟုတ်ပါ။ ပြေလည်အောင်ဖြေရှင်းရန် ပြုလုပ်သည့် အစည်းအဝေးတစ်ခုကို စီမံအုပ်ချုပ်မှုဆိုင်ရာ တရားစွဲဆိုခြင်း သို့မဟုတ် တရားစီရင်ရေးကိစ္စတစ်ခုကြောင့် ကျင်းပသော အစည်းအဝေးအဖြစ်သော်လည်းကောင်း၊ စီမံအုပ်ချုပ်မှုဆိုင်ရာ ကြားနာခြင်းတစ်ခုဟုသော်လည်းကောင်း မယူဆသောကြောင့် ရှေ့နေခများကို မချီးမြှင့်ပါ။

ကျေအေးရန် ကမ်းလှမ်းချက်ကို ငြင်းပယ်ရာတွင် သင့်ဘက်က အကျိုးအကြောင်း မည်မည်ရရ ရှိသည်ဟု ဆုံးဖြတ်ခြင်းမရှိလျှင် ကျေအေးရန် စာဖြင့်ရေးသား ကမ်းလှမ်းချက် ပြုလုပ်ပြီးနောက်ပိုင်း/နောက်ဆက်တွဲ လုပ်ဆောင်သည့် ဝန်ဆောင်မှုများအတွက် ရှေ့နေခများနှင့် သက်ဆိုင်ရာ ကုန်ကျစရိတ်များကို ပြန်ထုတ်ပေးနိုင်မည်မဟုတ်ပါ။

သင့်ရှေ့နေက တရားမျှတစွာ စီရင်ဆုံးဖြတ်ပေးရန် တိုင်ကြားချက်ကို တင်သွင်းခဲ့ပါက အဆိုပါ တရားမျှတစွာ စီရင်ဆုံးဖြတ်ပေးရန် တိုင်ကြားချက်သည် အောက်ပါအချက်များနှင့်ကိုက်ညီကြောင်း တရားရုံးက တွေ့ရှိသည့်အခါ တရားရုံးသည် အနိုင်ရသော SEA၊ AEA သို့မဟုတ် LEA အား ကုန်ကျစရိတ်တစ်စိတ်ပိုင်းအဖြစ် ကျိုးကြောင်းဆီလျော်မှုရှိသော ရှေ့နေခကို ၎င်း၏ ကိုယ်ပိုင်ဆုံးဖြတ်ပိုင်ခွင့်ဖြင့် ချီးမြှင့်နိုင်သည်။

- အလေးအနက်မဖြစ်ခြင်း၊ အကျိုးသင့်အကြောင်းသင့် မဟုတ်ခြင်း သို့မဟုတ် အခြေအမြစ်မရှိခြင်း၊ သို့မဟုတ်
- တရားစွဲဆိုခြင်းမှာ အလေးအနက်မဖြစ်ခြင်း၊ အကျိုးသင့်အကြောင်းသင့် မဟုတ်ခြင်း သို့မဟုတ် အခြေအမြစ်မရှိခြင်း ဖြစ်သည်ဟု ရှင်းရှင်းလင်းလင်း ဖြစ်ထားပြီးသည့်တိုင် ဆက်လက်တရားစွဲဆိုခြင်း၊ သို့မဟုတ်
- အနှောင့်အယှက်ပေးရန်၊ မလိုလားအပ်သော နှောင့်နှေးမှု ဖြစ်ပွားစေရန် သို့မဟုတ် အမှုအတွက်ကုန်ကျစရိတ်ကို မလိုလားအပ်ဘဲ ပိုများစေရန်ကဲ့သို့သော မသင့်လျော်သည့် ရည်ရွယ်ချက်တစ်ခုခုအတွက် တင်သွင်းခဲ့ခြင်း။

တရားရုံးက အောက်ပါတို့ကို တွေ့ရှိလျှင် ရှေ့နေခချီးမြှင့်မှုကို လျှော့ချနိုင်သည်-
သင် သို့မဟုတ် သင့်ရှေ့နေက အငြင်းပွားမှုအတွက် နောက်ဆုံးဆုံးဖြတ်ချက်ကို ကျိုးကြောင်းဆီလျော်မှုမရှိဘဲ အချိန်ဆွဲကြောင်း။

- ပမာဏသည် ရပ်ရွာအဖွဲ့အစည်းအတွင်း အနိုင်ရသော တစ်နာရီနှုန်းထားထက် အဆမတန် ကျော်လွန်ကြောင်း။
- အမှု သို့မဟုတ် တရားစွဲဆိုခြင်း၏ သဘောသဘာဝကို ထည့်သွင်းစဉ်းစားပါက ကုန်ဆုံးသောအချိန်နှင့် ပံ့ပိုးပေးသော ဝန်ဆောင်မှုများသည် လွန်ကဲနေကြောင်း။ သို့မဟုတ်
- မိဘကို ကိုယ်စားပြုသောရှေ့နေသည် တရားမျှတစွာ စီရင်ဆုံးဖြတ်ပေးရန် တိုင်ကြားချက်ထဲတွင် ခရိုင် သို့မဟုတ် AEA အား သင့်လျော်သောအချက်အလက်များ မပေးခဲ့ကြောင်း။

သို့ရာတွင် LEA၊ AEA သို့မဟုတ် SEA သည် အောက်ဖော်ပြပါအချက်နှင့်ကိုက်ညီကြောင်း တရားရုံးက တွေ့ရှိလျှင် ရှေ့နေခများ လျှော့ချခြင်း ပြဋ္ဌာန်းချက်က သက်ဆိုင်မှုမရှိပါ-

- အမှုအတွက် နောက်ဆုံးဆုံးဖြတ်ချက်ကို ကျိုးကြောင်းဆီလျော်မှုမရှိဘဲ အချိန်ဆွဲကြောင်း။ သို့မဟုတ်
- IDEA လုပ်ထုံးလုပ်နည်းဆိုင်ရာ အကာအကွယ်များ ပုဒ်မဖြစ်သည့် IDEA ၏ ပုဒ်မ 615 ကို ချိုးဖောက်ခဲ့ကြောင်း။

# ပြည်နယ်အဆင့် တိုင်ကြားချက်

မည်သည့် ပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းမဆိုသည် ခရိုင် (LEA)၊ နယ်မြေပညာရေးအေဂျင်စီ (AEA) သို့မဟုတ် ပြည်နယ် ပညာရေး အေဂျင်စီ (SEA) သို့မဟုတ် အခြားမည်သည့်အစိုးရအေဂျင်စီကိုမဆို IDEA ၏ အပိုင်း B ပါ သတ်မှတ်ချက်ကို ချိုးဖောက်သည်ဟု စွပ်စွဲထားသည့် ပြည်နယ်အဆင့် တိုင်ကြားချက်ကို တင်သွင်းနိုင်သည်။

## ပြည်နယ်အဆင့် တိုင်ကြားချက်အတွက် သတ်မှတ်ချက်များ

ပြည်နယ်အဆင့် တိုင်ကြားချက်တွင် အောက်ပါတို့ ပါဝင်ရမည်-

- ခရိုင် သို့မဟုတ် AEA သည် IDEA အပိုင်း B ၏ သတ်မှတ်ချက်တစ်ရပ်ကို ချိုးဖောက်ခဲ့ကြောင်း ထုတ်ပြန်ချက်တစ်ရပ်နှင့် ထိုထုတ်ပြန်ချက်ကို အခြေခံထားသည့် ဖြစ်ရပ်မှန်များ။
- တရားလို၏ လက်မှတ်နှင့် ဆက်သွယ်ရန်အချက်အလက်များ။ ၎င်းအပြင်
- စွပ်စွဲထားသည့် ချိုးဖောက်မှုများသည် သီးခြားကလေးတစ်ယောက်နှင့် ပတ်သက်နေလျှင်-
  - ကလေး၏ အမည်နှင့် နေရပ်လိပ်စာ။
  - ကလေးတက်နေသောကျောင်း၏ အမည်။
  - (McKinney-Vento အိုးမဲ့အိမ်မဲ့ ထောက်ပံ့ကူညီရေးအက်ဥပဒေ (42 U.S.C. § 11434a(2) ပါ § 725(2) ၏ အဓိပ္ပာယ်သတ်မှတ်ချက်အတွင်း ကျရောက်သော) အိမ်ရာမဲ့ကလေး သို့မဟုတ် လူငယ်တစ်ဦး ဖြစ်ပါက ကလေးအား ဆက်သွယ်နိုင်မည့် ဆက်သွယ်ရန်အချက်အလက်များနှင့် ကလေးတက်နေသောကျောင်း၏ အမည်။
  - ပြဿနာ၏ သဘောသဘာဝအကြောင်း ဖော်ပြချက်နှင့် ဆက်စပ်ဖြစ်ရပ်မှန်များ။ ၎င်းအပြင်
  - တိုင်ကြားချက်တင်သွင်းသည့်အချိန်၌ အဖွဲ့အနေဖြင့် သိထားသမျှ၊ အဖွဲ့တွင်ရှိထားသမျှ ပြဿနာအတွက် အဆိုပြုထားသည့်ဖြေရှင်းချက်။

ပြည်နယ်အဆင့် တိုင်ကြားချက်ကို တင်သွင်းသောအဖွဲ့သည် တိုင်ကြားချက်ကို ဌာနထံတင်သွင်းသည့်တစ်ချိန်တည်းမှာပင် အဆိုပါ တိုင်ကြားချက်မိတ္တူကို ကလေးအား ဝန်ဆောင်မှုပေးနေသော ခရိုင်နှင့် AEA သို့ တစ်ဆင့်ပေးပို့ရမည်။

တရားမျှတစွာ စီရင်ဆုံးဖြတ်ပေးရန် ကြားနာမှုကိုလည်း တောင်းဆိုခံထားရသည့် ပြည်နယ်အဆင့်တိုင်ကြားချက်တစ်ခုကို လက်ခံရရှိပါက ပြည်နယ်သည် ကြားနာမှု ပြီးစီးသည်အထိ ပြည်နယ်အဆင့်တိုင်ကြားချက်ကို ဘေးဖယ်ထားရမည်။ ပြည်နယ်အဆင့် တိုင်ကြားချက်ထဲရှိကိစ္စကို တူညီသောအဖွဲ့များ ပါဝင်ပတ်သက်နေသည့် တရားမျှတစွာ စီရင်ဆုံးဖြတ်ပေးရန် ကြားနာမှု ပြုလုပ်ရာ၌ ဆုံးဖြတ်ခဲ့ပါက-

- တရားမျှတစွာ စီရင်ဆုံးဖြတ်ပေးရန် ကြားနာမှုမှ ဆုံးဖြတ်ချက်သည် ထိုပြဿနာအတွက် အတည်ဖြစ်သည်။ ၎င်းအပြင်
- SEA သည် အဆိုပါအကျိုးသက်ရောက်မှုကိစ္စကို ပြည်နယ်အဆင့် တိုင်ကြားချက် တင်သွင်းသူအား အသိပေးရမည်။

ပြည်နယ်အဆင့် တိုင်ကြားချက်အား တင်သွင်းရန် နမူနာပုံစံတစ်ခုကို စာမျက်နှာ 43 တွင် တွေ့နိုင်သည်။

## အချိန်ကန့်သတ်ချက်များနှင့် လုပ်ငန်းစဉ်

ပြည်နယ်အဆင့်တိုင်ကြားချက်တွင် တိုင်ကြားချက်ကို လက်ခံရရှိသည့်ရက်စွဲမတိုင်မီ တစ်နှစ်အတွင်း ဖြစ်ပွားခဲ့သည့် ချိုးဖောက်မှုတစ်ခုကို စွပ်စွဲထားခြင်း ဖြစ်ရမည်။

ပြည်နယ်အဆင့်တိုင်ကြားချက်ကို တင်သွင်းပြီးနောက် အောက်ပါတို့ကို လုပ်ဆောင်ရန် ဌာနတွင် ပြက္ခဒိန်ရက်ပေါင်း 60 ရှိသည်-

- စုံစမ်းစစ်ဆေးမှုလုပ်ရန် လိုအပ်ကြောင်း ဌာနက ဆုံးဖြတ်လျှင် အခင်းဖြစ်ပွားရာနေရာ၌ သီးခြား စုံစမ်းစစ်ဆေးမှုတစ်ခု ပြုလုပ်ရန်။

- ပြည်နယ်အဆင့်တိုင်ကြားချက်ကို တင်သွင်းသူအား ပြည်နယ်အဆင့်တိုင်ကြားချက်ပါ စွပ်စွဲချက်များနှင့်ပတ်သက်၍ နှုတ်ဖြင့်ဖြစ်စေ၊ စာရေးသား၍ဖြစ်စေ နောက်ထပ်အချက်အလက်များ တင်ပြရန် အခွင့်အရေးကို ပေးရန်။
- ခရိုင် သို့မဟုတ် AEA အား ပြည်နယ်အဆင့်တိုင်ကြားချက်ကို တုံ့ပြန်နိုင်မည့် အခွင့်အရေးပေးရန်။ ယင်းတွင် အနည်းဆုံးအနေဖြင့် အောက်ပါတို့ပါဝင်သည်-
  - ခရိုင် သို့မဟုတ် AEA ၏ ကိုယ်ပိုင်ဆုံးဖြတ်ပိုင်ခွင့်ဖြင့် ပြည်နယ်အဆင့်တိုင်ကြားချက်ကို ဖြေရှင်းရန် အဆိုပြုချက်တစ်ခု၊ ၎င်းအပြင်
  - မိဘ (သို့မဟုတ် ပြည်နယ်အဆင့်တိုင်ကြားချက်ကို တင်သွင်းခဲ့သည့်ပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်း) ၏ သဘောတူညီချက်ဖြင့်၊ မိဘ သို့မဟုတ် ဆိုင်ရာပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းအား ညှိနှိုင်းဆွေးနွေးခြင်း သို့မဟုတ် အငြင်းပွားမှု ဖြေရှင်းခြင်းဆိုင်ရာ အခြားနည်းလမ်းများတွင် ပါဝင်ခိုင်းရန် ခရိုင် သို့မဟုတ် AEA အတွက် အခွင့်အရေးတစ်ခု။
- ခရိုင် သို့မဟုတ် AEA သည် IDEA ၏ သတ်မှတ်ချက်တစ်ရပ်ကို ချိုးဖောက်ခြင်းရှိ၊ မရှိနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာအချက်အလက်အားလုံးကို သုံးသပ်ခြင်းနှင့် သီးခြားလွတ်လပ်သော ဆုံးဖြတ်ချက်တစ်ရပ်ချခြင်း။
- ပြည်နယ်အဆင့်တိုင်ကြားချက်ရှိ စွပ်စွဲချက်တစ်ခုချင်းစီတိုင်းကို ရှင်းပြထားပြီး အောက်ပါတို့ပါဝင်သည့် စာဖြင့်ရေးသားထားသော ဆုံးဖြတ်ချက်ကို ပြည်နယ်အဆင့်တိုင်ကြားချက် တင်သွင်းသူအား ထုတ်ပေးခြင်း-
  - ခိုင်လုံသောအချက်အလက် တွေ့ရှိချက်များနှင့် ကောက်ချက်များ၊ ၎င်းအပြင်
  - ဌာန၏ နောက်ဆုံးဆုံးဖြတ်ချက်အတွက် အကြောင်းပြချက်များ။

အောက်ပါအခြေအနေများတွင် ရက် 60 အချိန်ကန့်သတ်ချက်ကို သက်တမ်းတိုးပေးသည်-

- သီးခြားတိုင်ကြားချက်တစ်ခုနှင့်စပ်လျဉ်း၍ ခြွင်းချက်အခြေအနေများ ရှိလျှင် သို့မဟုတ်
- ညှိနှိုင်းဆွေးနွေးခြင်း သို့မဟုတ် အခြားအငြင်းပွားမှုဖြေရှင်းခြင်းကိစ္စများကို ဆောင်ရွက်ရန်အတွက် အချိန်ထပ်တိုးရန် မိဘနှင့် ခရိုင် သို့မဟုတ် AEA က သဘောတူလျှင်။

## ပြည်နယ်အဆင့်တိုင်ကြားချက်ဆိုင်ရာ ဆုံးဖြတ်ချက်များ

သင့်လျော်သော ဝန်ဆောင်မှုများကို ပံ့ပိုးပေးရန် ပျက်ကွက်ကြောင်း ဌာနက တွေ့ရှိလျှင် ဌာနသည် အောက်ပါတို့ကို ဖြေရှင်းပေးရမည်-

- ကလေး၏ လိုအပ်ချက်များကို ဖြေရှင်းပေးရန် သင့်လျော်သည့် ပြုပြင်တည့်မတ်ရေးလုပ်ဆောင်ချက်အပါအဝင် သင့်လျော်သော ဝန်ဆောင်မှုများကို ပံ့ပိုးပေးရန် ပျက်ကွက်မှု။ ၎င်းအပြင်
- မသန်စွမ်းကလေးအားလုံးအတွက် သင့်လျော်သော ဝန်ဆောင်မှုများကို အနာဂတ်တွင်ပံ့ပိုးမှု။

# အပြုအမူနှင့် စည်းကမ်းပိုင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများ

## စည်းကမ်းထိန်းသိမ်းရေးအရ ဖယ်ရှားမှုများကြောင့် နေရာချထားမှု ပြောင်းလဲခြင်း

မသန်စွမ်းသော သင့်ကလေးကို ကလေး၏ လက်ရှိပညာရေးဆိုင်ရာ နေရာချထားမှုမှ ဖယ်ရှားခြင်းသည် အောက်ပါအခြေအနေများနှင့်ကိုက်ညီလျှင် နေရာချထားမှု ပြောင်းလဲခြင်းဖြစ်သည်-

- ကျောင်းတက်ရက် 10 ရက်ဆက်တိုက်ကျော် ဖယ်ရှားခံရခြင်းဖြစ်လျှင် သို့မဟုတ်
- သင့်ကလေးအား ဆက်တိုက်ဖယ်ရှားခံရမှုများသည် အောက်ပါအကြောင်းရင်းများကြောင့် ပုံစံတစ်ခုလိုဖြစ်နေလျှင်-
  - ဆက်တိုက်ဖယ်ရှားခံရမှုများသည် ကျောင်းစာသင်နှစ်တစ်နှစ်တွင် ကျောင်းတက်ရက် 10 ရက်ကျော်ခြင်း။
  - သင့်ကလေး၏ အပြုအမူသည် ဆက်တိုက်ဖယ်ရှားခံရမှုကို ဖြစ်ပေါ်စေခဲ့သည့် ယခင်ဖြစ်ရပ်များရှိ အပြုအမူနှင့် သိသိသာသာ ဆင်တူနေခြင်း။ ၎င်းအပြင်
  - ဖယ်ရှားခံရမှုတစ်ခုစီ၏ ကြာချိန်၊ သင့်ကလေးကို ဖယ်ရှားခံရသည့် စုစုပေါင်းအချိန်ပမာဏနှင့် ဖယ်ရှားခံရမှု တစ်ကြိမ်နှင့်တစ်ကြိမ်အကြား နီးကပ်မှုကဲ့သို့ ထပ်ဆောင်းအချက်များ။

ဖယ်ရှားခံရမှုပုံစံက နေရာချထားမှု ပြောင်းလဲခြင်းဖြစ်၊ မဖြစ်ကို ကျောင်းခရိုင်က ကိစ္စတစ်ခုချင်းစီအလိုက် ဆုံးဖြတ်ပြီး ဆုံးဖြတ်ရခက်နေလျှင် တရားမျှတစွာ စီရင်ဆုံးဖြတ်ခြင်းနှင့် တရားစီရင်ရေးလုပ်ငန်းစဉ်များကို အသုံးပြု၍ ပြန်လည်သုံးသပ်ပါမည်။

ကျောင်းတွင်း ဆိုင်းငံ့ခံထားရခြင်းကို ဖယ်ရှားခံရသည့်ရက်အဖြစ် ထည့်တွက်ခြင်းရှိ၊ မရှိသည် ဤမေးခွန်းသုံးခုလုံးကို ခရိုင်က "yes (ဟုတ်သည်)" ဟု ဖြေကြားနိုင်ခြင်းရှိ၊ မရှိပေါ်မူတည်သည်။

1. သင့်ကလေးသည် အထွေထွေပညာရေး သင်ရိုးညွှန်းတမ်းတွင် သင့်လျော်စွာ ပါဝင်နိုင်မည်လား။
2. သင့်ကလေးသည် ၎င်း၏ IEP တွင် သတ်မှတ်ထားသော ဝန်ဆောင်မှုများကို လက်ခံနိုင်မည်လား။

3. သင့်ကလေးသည် ၎င်းအား လက်ရှိချထားပေးသည့်နေရာတွင် ပံ့ပိုးပေးသည့်အတိုင်းအတာအထိ သာမန်ကလေးများနှင့်အတူ ပါဝင်နိုင်မည်လား။

## မသန်စွမ်းမှု၏ အကျိုးသက်ရောက်မှုကြောင့်ဟုတ်၊ မဟုတ် ဆုံးဖြတ်ခြင်း

ကျောင်းသားကျင့်ဝတ်စည်းကမ်းတစ်ရပ်ကို ချိုးဖောက်မှုကြောင့် မသန်စွမ်းကလေးအား နေရာချထားမှုကို ပြောင်းလဲရန် ဆုံးဖြတ်ချက်ချထားသည့် ကျောင်းဖွင့်ရက် 10 ရက်အတွင်း (ဖယ်ရှားမှုသည် ကျောင်းတက်ရက် 10 ရက်ဆက်တိုက်နှင့်အောက်ဖြစ်ပြီး နေရာချထားမှုအား ပြောင်းလဲခြင်း မဟုတ်သည့်အခါမှလွဲ၍) ကျောင်းခရိုင်၊ သင်နှင့် IEP အဖွဲ့၏ အခြားသက်ဆိုင်ရာအဖွဲ့ဝင်များ (သင်နှင့် ကျောင်းခရိုင်က ဆုံးဖြတ်ထားသည့်အတိုင်း) သည် ကလေး၏ IEP၊ ဆရာ၏တွေ့ရှိချက်များနှင့် အောက်ပါတို့ကို ဆုံးဖြတ်ရန် သင်က ပေးအပ်သည့် သက်ဆိုင်ရာမည်သည့်အချက်အလက်မဆိုအပါအဝင် ကျောင်းသား၏ ဖိုင်ထဲရှိ သက်ဆိုင်ရာအချက်အလက်အားလုံးကို သုံးသပ်ရမည်-

- ရည်ညွှန်းပါအပြုအမူသည် ကလေး၏ မသန်စွမ်းမှုကြောင့် ဖြစ်ပွားခဲ့ခြင်းဟုတ်၊ မဟုတ် သို့မဟုတ် ကလေး၏မသန်စွမ်းမှုနှင့် တိုက်ရိုက်၊ သိသိသာသာ ဆက်စပ်မှုရှိ၊ မရှိ သို့မဟုတ်
- ရည်ညွှန်းပါအပြုအမူသည် ကလေး၏ IEP အား အကောင်အထည်ဖော်ရန် ကျောင်းခရိုင်ဘက်က ပျက်ကွက်မှုကြောင့် တိုက်ရိုက်ဖြစ်လာသည့် ရလဒ်ဟုတ်၊ မဟုတ်။

## အပြုအမူသည် မသန်စွမ်းမှု၏ အကျိုးသက်ရောက်မှုကြောင့် ဖြစ်ခဲ့သည်ဟု ဆုံးဖြတ်ခြင်း

သုံးသပ်ချက်အရ အဆိုပါအခြေအနေတစ်ရပ်ရပ်နှင့်ကိုက်ညီခဲ့ကြောင်း ဆုံးဖြတ်လျှင် အပြုအမူသည် ကလေး၏မသန်စွမ်းမှုမှ အကျိုးသက်ရောက်မှုကြောင့် ဖြစ်သည်ဟု ဆုံးဖြတ်ရမည်။

## IEP ကို ဆောင်ရွက်ရန် ပျက်ကွက်သဖြင့် ၎င်းက မသန်စွမ်းမှု၏ အကျိုးသက်ရောက်မှုကြောင့်ဟုတ်၊ မဟုတ် ဆုံးဖြတ်ခြင်း

သုံးသပ်ချက်အရ ရည်ညွှန်းပါအပြုအမူသည် IEP ကို အကောင်အထည်ဖော်ရန် ကျောင်းခရိုင်၏ ပျက်ကွက်မှုကြောင့် တိုက်ရိုက်ဖြစ်ပေါ်ခဲ့ကြောင်း ဆုံးဖြတ်လျှင် ကျောင်းခရိုင်သည် အဆိုပါပျက်ကွက်မှုများကို ကုစားဖြေရှင်းရန် ချက်ချင်းအရေးယူဆောင်ရွက်ရမည်။

## အပြုအမူသည် မသန်စွမ်းမှု၏ အကျိုးသက်ရောက်မှုကြောင့် ဖြစ်သည့်အခါ အရေးယူဆောင်ရွက်ချက်

သုံးသပ်ချက်အရ အပြုအမူသည် ကလေး၏မသန်စွမ်းမှုမှ အကျိုးသက်ရောက်မှုကြောင့်ဖြစ်သည်ဟု ဆုံးဖြတ်လျှင် IEP သည် အောက်ပါတို့အနက် တစ်ခုခုကို လုပ်ဆောင်ရမည်-

- နေရာချထားမှုကို ပြောင်းလဲစေခဲ့သည့် အပြုအမူမဖြစ်ပွားမီ လက်တွေ့အပြုအမူဆိုင်ရာ အကဲဖြတ်စစ်ဆေးမှုကို ကျောင်းခရိုင်က ဆောင်ရွက်ခဲ့ခြင်းမရှိလျှင် လက်တွေ့အပြုအမူဆိုင်ရာ အကဲဖြတ်မှုကို ဆောင်ရွက်ပြီး ကလေးအတွက် အပြုအမူဆိုင်ရာ ကြားဝင်ကူညီရေး အစီအစဉ်ကို အကောင်အထည်ဖော်ခြင်း၊ သို့မဟုတ်
- အပြုအမူဆိုင်ရာ ကြားဝင်ကူညီရေး အစီအစဉ်တစ်ခုကို ဖော်ဆောင်ပြီးဖြစ်ပါက အပြုအမူဆိုင်ရာ ကြားဝင်ကူညီရေး အစီအစဉ်ကို ပြန်လည်သုံးသပ်ပြီး အပြုအမူကို ဖြေရှင်းရန်အတွက် ထိုအစီအစဉ်ကို လိုအပ်သလိုပြုပြင်မွမ်းမံခြင်း။

"အထူးအခြေအနေများ" ခေါင်းစီးခွဲအောက်တွင် ဖော်ပြထားသည့်အတိုင်းမှလွဲ၍ အပြုအမူဆိုင်ရာ ကြားဝင်ကူညီရေး အစီအစဉ်ကို ပြုပြင်မွမ်းမံခြင်း၏ တစ်စိတ်တစ်ပိုင်းအဖြစ် နေရာချထားမှု ပြောင်းလဲခြင်းကို သင်နှင့် ခရိုင်က သဘောမတူလျှင် ကျောင်းခရိုင်သည် သင့်ကလေးအား ၎င်း၏ မူလဖယ်ရှားခံရသည့် နေရာသို့ ပြန်ပို့ရမည်။

## အထူးအခြေအနေများ

အပြုအမူသည် သင့်ကလေးမသန်စွမ်းမှု၏ အကျိုးသက်ရောက်မှုကြောင့် ဖြစ်သည်ဖြစ်စေ၊ မဖြစ်သည်ဖြစ်စေ သင့်ကလေးက အောက်ပါအချက်များမှ တစ်ချက်နှင့်ကိုက်ညီလျှင် ကျောင်းဝန်ထမ်းသည် အဆိုပါကျောင်းသားအား (ကလေး၏ IEP အဖွဲ့က ဆုံးဖြတ်သော) ကြားကာလအတွင်း သမားရိုးကျ မဟုတ်သော ပညာရေး သင်ကြားမှုပုံစံတွင် ကျောင်းဖွင့်ရက် 45 ရက်ထက် မကျော်စေဘဲ ဖယ်ရှားထားနိုင်သည်-

1. ကျောင်းသို့ လက်နက်တစ်ခု သယ်ဆောင်လာခြင်း (အောက်တွင် အဓိပ္ပာယ်ဖွင့်ဆိုချက်ကို ကြည့်ပါ) သို့မဟုတ် ကျောင်းတွင်ဖြစ်စေ၊ ကျောင်းပရိဝုဏ်တွင်ဖြစ်စေ၊ Iowa ပညာရေးဌာန၏ နယ်မြေအတွင်းသော်လည်းကောင်း၊ ကျောင်းခရိုင်၏ နယ်မြေအတွင်းသော်လည်းကောင်း ကျောင်းပွဲတစ်ခုခုတွင်ဖြစ်စေ လက်နက်ကိုင်ဆောင်ထားခြင်း။
2. ကျောင်းတွင်ဖြစ်စေ၊ ကျောင်းပရိဝုဏ်တွင်ဖြစ်စေ၊ Iowa ပညာရေးဌာန၏ နယ်မြေအတွင်းသော်လည်းကောင်း၊ ကျောင်းခရိုင်၏ နယ်မြေအတွင်း သော်လည်းကောင်း ကျောင်းပွဲတစ်ခုခုတွင်ဖြစ်စေ တရားမဝင်ဆေးဝါးများကို တမင်တကာ လက်ဝယ်ထားရှိခြင်း သို့မဟုတ် အသုံးပြုခြင်း (အောက်တွင် အဓိပ္ပာယ်ဖွင့်ဆိုချက်ကို ကြည့်ပါ) သို့မဟုတ် ထိန်းချုပ်ထားသောပစ္စည်း (အောက်တွင် အဓိပ္ပာယ်ဖွင့်ဆိုချက်ကို ကြည့်ပါ) ကို ရောင်းချခြင်း သို့မဟုတ် ရောင်းရန် တောင်းဆိုခြင်း၊ သို့မဟုတ်
3. ကျောင်းတွင်ဖြစ်စေ၊ ကျောင်းပရိဝုဏ်တွင်ဖြစ်စေ၊ Iowa ပညာရေးဌာန၏ နယ်မြေအတွင်းသော်လည်းကောင်း၊ ကျောင်းခရိုင်၏ နယ်မြေအတွင်း သော်လည်းကောင်း ကျောင်းပွဲတစ်ခုခုတွင်ဖြစ်စေ အခြားလူတစ်ဦးအား ပြင်းထန်သော ခန္ဓာကိုယ်ထိခိုက်ဒဏ်ရာဖြစ်စေခဲ့ခြင်း (အောက်တွင် အဓိပ္ပာယ်ဖွင့်ဆိုချက်ကို ကြည့်ပါ)။

## အထူးအခြေအနေများ၏ အဓိပ္ပာယ်ဖွင့်ဆိုချက်များ

- *လက်နက်*၏ အဓိပ္ပာယ်မှာ အမေရိကန်ပြည်ထောင်စု ကျင့်ထုံးဥပဒေ၊ ခေါင်းစဉ် 18 ၏ ပုဒ်မ 930၊ ပထမပုဒ်မခွဲ (g) ၏ အပိုဒ် (2) အောက်ရှိ "အန္တရာယ်ရှိသောလက်နက်" ဝေါဟာရဖော်ပြချက်အတိုင်း ဖြစ်ပါသည်။
- *တရားမဝင်ဆေးဝါး*ဆိုသည်မှာ ထိန်းချုပ်ထားသောပစ္စည်းဖြစ်သော်လည်း လိုင်စင်ရ ကျန်းမာရေးစောင့်ရှောက်မှု ကျွမ်းကျင်ပညာရှင်တစ်ဦး၏ ကြီးကြပ်မှုအောက်တွင် တရားဝင်လက်ဝယ်ထားရှိထားသည့်/သုံးစွဲသည့် သို့မဟုတ် အဆိုပါအက်ဥပဒေ သို့မဟုတ် ဖက်ဒရယ်ဥပဒေ၏ အခြားပြဋ္ဌာန်းချက်အောက်တွင် အခြားလုပ်ပိုင်ခွင့်ဖြင့် တရားဝင်လက်ဝယ်ထားရှိသည့်/သုံးစွဲသည့် ထိန်းချုပ်ထားသောပစ္စည်း မပါဝင်ပါ။
- *ထိန်းချုပ်ထားသောပစ္စည်း*ဆိုသည်မှာ ထိန်းချုပ်ထားသောပစ္စည်းများ အက်ဥပဒေ (21 U.S.C. § 812(c)) ၏ ပုဒ်မ 202(c) ရှိ နောက်ဆက်တွဲဇယား I၊ II၊ III၊ IV သို့မဟုတ် V အောက်တွင် သတ်မှတ်ထားသော ဆေးဝါး သို့မဟုတ် အခြားပစ္စည်းဖြစ်သည်။
- *ပြင်းထန်သော ခန္ဓာကိုယ်ထိခိုက်ဒဏ်ရာရမှု*၏ အဓိပ္ပာယ်သည် အမေရိကန်ပြည်ထောင်စု ကျင့်ထုံးဥပဒေ၊ ခေါင်းစဉ် 18 ၏ ပုဒ်မ 1365၊ ပုဒ်မခွဲ (h) ပါ အပိုဒ် (3) အောက်ရှိ "ပြင်းထန်သော ခန္ဓာကိုယ်ထိခိုက်ဒဏ်ရာရမှု" ဝေါဟာရ ဖော်ပြချက်အတိုင်းဖြစ်သည်။

## အသိပေးအကြောင်းကြားချက်

ကျောင်းသားကျင့်ဝတ်စည်းကမ်း ချိုးဖောက်မှုကြောင့် သင့်ကလေးအား ပြောင်းလဲ နေရာချထား၍ ဖယ်ရှားရန် ဆုံးဖြတ်ချက်ကို ကျောင်းခရိုင်က ချမှတ်သည့်ရက်စွဲတွင် ခရိုင်သည် ထိုဆုံးဖြတ်ချက်ကို သင့်အား အကြောင်းကြားပြီး သင့်အား လုပ်ထုံးလုပ်နည်းအရ အကာအကွယ်များအကြောင်း အသိပေးချက်ကို ပေးအပ်ရမည်။

## ဖယ်ရှားခံရစဉ်အတွင်း ရရှိသော ဝန်ဆောင်မှုများ

*10 ရက်ကျော်ကြာ ဖယ်ရှားခံရပြီး မသန်စွမ်းမှု၏ အကျိုးသက်ရောက်မှုကြောင့် မဟုတ်ခဲ့ခြင်း*

ကျောင်းတက်ရက် 10 ရက်ကျော်ကြာအောင် ကလေးအား လက်ရှိချထားသည့်နေရာမှ ဖယ်ရှားခံရပြီး အပြုအမူသည် ကလေး၏ မသန်စွမ်းမှုကြောင့် မဟုတ်သော ("မသန်စွမ်းမှု၏ အကျိုးသက်ရောက်မှုကြောင့်ဟုတ်၊ မဟုတ် ဆုံးဖြတ်ခြင်း" ခေါင်းစဉ်ခွဲကို ကြည့်ပါ) သို့မဟုတ် အထူးအခြေအနေများ ("အထူးအခြေအနေများ" ခေါင်းစဉ်ခွဲကို ကြည့်ပါ) အရ ဖယ်ရှားခံရသော မသန်စွမ်းကလေးတစ်ဦးသည်-

- (ကြားကာလအတွင်း သမားရိုးကျမဟုတ်သော ပညာရေး သင်ကြားမှုပုံစံတစ်ခု ဖြစ်နိုင်သည့်) အခြားသင်ကြားမှုပုံစံတစ်ခုတွင်ဖြစ်သော်လည်း အထွေထွေပညာရေးသင်ရိုးညွှန်းတမ်းတွင် ကလေး ဆက်လက်ပါဝင်နိုင်စေရန်နှင့် ကလေး၏ IEP တွင် ဖော်ပြထားသော ပန်းတိုင်များသို့ ရောက်ရှိနိုင်ရန်အတွက် ပညာရေးဝန်ဆောင်မှုများ (သင့်လျော်သော အခမဲ့အစိုးရပညာရေး ရရှိနိုင်သည့် ဝန်ဆောင်မှုများ) ကို ဆက်လက်လက်ခံရရှိရမည်၊ ၎င်းအပြင်
- ထပ်မံမဖြစ်ပွားစေရန်အတွက် အပြုအမူ ချိုးဖောက်မှုကို ကိုင်တွယ်ဖြေရှင်းရန် ရည်ရွယ်ထားသော လက်တွေ့အပြုအမူဆိုင်ရာ အကဲဖြတ်စစ်ဆေးမှုနှင့် အပြုအမူဆိုင်ရာ ကြားဝင်ကူညီမှု ဝန်ဆောင်မှုများနှင့် ပြုပြင်မွမ်းမံမှုများကို သင့်လျော်သလို လက်ခံရရှိရမည်။

*10 ရက်အောက် ဖယ်ရှားခံရခြင်း*

မသန်စွမ်းကလေးတစ်ဦးက ကျောင်းစာသင်နှစ်တစ်နှစ်တည်းတွင် ကျောင်းတက်ရက် 10 ရက်ကြာ သူ/သူမအား လက်ရှိချထားပေးသည့်နေရာမှ ဖယ်ရှားခံရလျှင်နှင့် လက်ရှိဖယ်ရှားမှုသည် ကျောင်းတက်ရက် 10 ရက်ဆက်တိုက်နှင့်အောက် ဖြစ်လျှင်နှင့် ဖယ်ရှားမှုသည် နေရာချထားမှု ပြောင်းလဲခြင်း (အောက်တွင် အဓိပ္ပာယ်ဖွင့်ဆိုချက်ကို ကြည့်ပါ) မဟုတ်လျှင် ကျောင်းဝန်ထမ်းသည် ကလေး၏ ဆရာဖြစ်သူ အနည်းဆုံးတစ်ဦးနှင့်တိုင်ပင်ဆွေးနွေး၍ ဝန်ဆောင်မှုများ လိုအပ်မှု အတိုင်းအတာကို ဆုံးဖြတ်ရမည်။ သို့မှသာ ကလေးသည် အထွေထွေပညာရေး သင်ရိုးညွှန်းတမ်းတွင် အခြားသင်ကြားမှုပုံစံဖြင့် ဆက်လက်ပါဝင်နိုင်မည်ဖြစ်ပြီး ကလေး၏ IEP တွင် ဖော်ပြထားသော ပန်းတိုင်များသို့ ရောက်ရှိနိုင်မည်ဖြစ်သည်။

နေရာချထားမှု ပြောင်းလဲခြင်းအတွက် ဖယ်ရှားခြင်းဖြစ်လျှင် (ခေါင်းစီး "စည်းကမ်းအရ ဖယ်ရှားခံရမှုကြောင့် နေရာချထားမှု ပြောင်းလဲခြင်း" ကို ကြည့်ပါ) ကလေး၏ IEP အဖွဲ့သည် သင့်လျော်သောဝန်ဆောင်မှုများကို ဆုံးဖြတ်ပေးပါမည်။ သို့မှသာ ကလေးသည် အထွေထွေပညာရေး သင်ရိုးညွှန်းတမ်းတွင် အခြားသင်ကြားမှုပုံစံ (၎င်းသည် ကြားကာလအတွင်း သမားရိုးကျမဟုတ်သော ပညာရေး သင်ကြားမှုပုံစံ ဖြစ်နိုင်သည်) ဖြင့် ဆက်လက်ပါဝင်နိုင်မည်ဖြစ်ပြီး ကလေး၏ IEP တွင် ဖော်ပြထားသော ပန်းတိုင်များသို့ ရောက်ရှိနိုင်မည်ဖြစ်သည်။

## ကျောင်းဝန်ထမ်းများ၏ လုပ်ပိုင်ခွင့်အာဏာ

*ကိစ္စတစ်ခုချင်းစီအလိုက် ဆုံးဖြတ်ခြင်း*

စည်းကမ်းပိုင်းဆိုင်ရာ အောက်ပါသတ်မှတ်ချက်များနှင့်အညီ ပြုလုပ်ထားသော ပြောင်းလဲနေရာချထားမှုသည် ကျောင်းသားကျင့်ဝတ်စည်းကမ်းတစ်ရပ်ကို ချိုးဖောက်သည့် မသန်စွမ်းကလေးတစ်ဦးအတွက် သင့်လျော်မှုမရှိ၊ မရှိ ဆုံးဖြတ်ရာတွင် ကျောင်းဝန်ထမ်းသည် ကိစ္စတစ်ခုချင်းစီအလိုက် သီးသန့်အခြေအနေများကို ထည့်သွင်းစဉ်းစားနိုင်သည်။

*အထွေထွေ*

သာမန်ကလေးများအတွက်လည်း ထိုသို့သော အရေးယူဆောင်ရွက်မှုကို ပြုလုပ်သည့်အတိုင်းအတာအထိ ကျောင်းဝန်ထမ်းသည် ကျောင်းသားကျင့်ဝတ်စည်းကမ်းတစ်ရပ်ကို ချိုးဖောက်သည့် မသန်စွမ်းကလေးတစ်ဦးကို သူ/သူမအား လက်ရှိနေရာချထားမှုမှ သင့်လျော်သော ကြားကာလအတွင်း သမားရိုးကျမဟုတ်သော ပညာရေး သင်ကြားမှုပုံစံသို့ဖြစ်စေ၊ အခြားပညာသင်ကြားမှုပုံစံသို့ဖြစ်စေ သို့မဟုတ် ဆိုင်းငံ့ခြင်းကိုဖြစ်စေ ပြုလုပ်၍ ဖယ်ရှားနိုင်သည်။ သို့သော် ကျောင်းတက်ရက် 10 ရက်ထက် မပိုစေရ။

ကျောင်းဝန်ထမ်းသည် သီးခြားလက်မခံနိုင်သော အပြုအမူအတွက် အဆိုပါကျောင်းစာသင်နှစ်တစ်နှစ်တည်းမှာပင် ကျောင်းတက်ရက် 10 ရက်ထက်မပိုဘဲ ကလေးအား ထပ်ဆောင်းဖယ်ရှားမှုများ ပြုလုပ်ရန်လည်း ချမှတ်နိုင်သည်။ သို့သော် ဖယ်ရှားမှုများက နေရာချထားမှု ပြောင်းလဲခြင်းကို မဖြစ်စေရ။ (ခေါင်းစီး "စည်းကမ်းထိန်းသိမ်းရေးအရ ဖယ်ရှားမှုများကြောင့် နေရာချထားမှု ပြောင်းလဲခြင်း" တွင် အဓိပ္ပာယ်ဖွင့်ဆိုချက်ကို ကြည့်ပါ)။

ကျောင်းစာသင်နှစ်တစ်နှစ်တည်းမှာပင် မသန်စွမ်းကလေးတစ်ဦးကို စုစုပေါင်းကျောင်းတက်ရက် 10 ရက်ကြာအောင် သူ/သူမ၏ လက်ရှိနေရာချထားမှုမှ ဖယ်ရှားလိုက်သည်နှင့် ကျောင်းခရိုင်သည် ထိုစာသင်နှစ်အတွင်း နောက်ဆက်တွဲ ဖယ်ရှားခံရသည့်ရက်များအတွင်း ခေါင်းစီးခွဲ "ဖယ်ရှားခံရစဉ်အတွင်း ရရှိသော ဝန်ဆောင်မှုများ" အောက်တွင် သတ်မှတ်ထားသည့်အတိုင်းအတာအထိ ဝန်ဆောင်မှုများကို ပံ့ပိုးပေးရမည်။

## ထပ်ဆောင်းလုပ်ပိုင်ခွင့်အာဏာ

ကျောင်းသားကျင့်ဝတ်စည်းကမ်းကို ချိုးဖောက်ခဲ့သည့် အပြုအမူသည် ကလေးမသန်စွမ်းမှု၏ အကျိုးသက်ရောက်မှုကြောင့်မဟုတ်သည့်အပြင် (ခေါင်းစီးခွဲ "ကလေး၏ မသန်စွမ်းမှု၏ အကျိုးသက်ရောက်မှုကြောင့်ဟုတ်၊ မဟုတ် ဆုံးဖြတ်ခြင်း" ကို ကြည့်ပါ) စည်းကမ်းအရ နေရာချထားမှု ပြောင်းလဲခြင်းသည် ကျောင်းတက်ရက် 10 ရက်ဆက်တိုက်ထက် ကျော်မည်ဆိုပါက ခေါင်းစီးခွဲ "ဖယ်ရှားခံရစဉ်အတွင်း ရရှိသော ဝန်ဆောင်မှုများ" အောက်တွင် ဖော်ပြထားသည့်အတိုင်း ကျောင်းက အဆိုပါကလေးအား ဝန်ဆောင်မှုများ ပံ့ပိုးပေးရမည့်အခါမှလွဲ၍ ကျောင်းဝန်ထမ်းသည် သာမန်ကလေးများနည်းတူ ပုံစံတူ၊ ကြာချိန်တူအောင် အဆိုပါမသန်စွမ်းကလေးအပေါ် စည်းကမ်းပိုင်းဆိုင်ရာလုပ်ထုံးလုပ်နည်းများကို ကျင့်သုံးနိုင်သည်။

ကလေး၏ IEP အဖွဲ့သည် အဆိုပါဝန်ဆောင်မှုများအတွက် ကြားကာလအတွင်း သမားရိုးကျမဟုတ်သော ပညာရေး သင်ကြားမှုပုံစံကို ဆုံးဖြတ်သည်။

## အယူခံဝင်ခြင်း – စည်းကမ်းထိန်းသိမ်းရေးအရ လုပ်ထုံးလုပ်နည်းများ

သင့်အနေဖြင့် အောက်ပါတို့ကို သဘောမတူလျှင် တရားမျှတစွာ စီရင်ဆုံးဖြတ်ပေးရန် ကြားနာမှုကို တောင်းဆိုရန် တရားမျှတစွာ စီရင်ဆုံးဖြတ်ပေးရန် တိုင်ကြားချက် (ခေါင်းစီး "တရားမျှတစွာ စီရင်ဆုံးဖြတ်ပေးရန် တိုင်ကြားချက်" ကို ကြည့်ပါ) ကို တင်သွင်းနိုင်သည်-

- ဤစည်းကမ်း ပြဋ္ဌာန်းချက်များအရ ပြုလုပ်သော နေရာချထားမှုနှင့်စပ်လျဉ်း၍ မည်သည့်ဆုံးဖြတ်ချက်ကိုမဆို၊ သို့မဟုတ်
- အထက်တွင်ဖော်ပြထားသော မသန်စွမ်းမှု၏ အကျိုးသက်ရောက်မှုကြောင့်ဟုတ်၊ မဟုတ် ဆုံးဖြတ်ခြင်း။

သင့်ကလေးအား လက်ရှိနေရာချထားမှုအတိုင်း ဆက်လက်ထားရှိခြင်းသည် သင့်ကလေးကိုဖြစ်စေ၊ အခြားသူများကိုဖြစ်စေ သိသိသာသာ ထိခိုက်ဒဏ်ရာ ရရှိစေနိုင်ကြောင်း ကျောင်းခရိုင်က ယူဆပါက ၎င်းသည် တရားမျှတစွာ စီရင်ဆုံးဖြတ်ပေးရန် ကြားနာမှုကို တောင်းဆိုရန် တရားမျှတစွာ စီရင်ဆုံးဖြတ်ပေးရန် တိုင်ကြားချက်ကို တင်သွင်းနိုင်သည်။

## ALJ ၏ လုပ်ပိုင်ခွင့်အာဏာ

ALJ သည် တရားမျှတစွာ စီရင်ဆုံးဖြတ်ပေးရန် ကြားနာမှုကို ဦးစီးဦးရွက်ပြုပြီး ဆုံးဖြတ်ချက် ချရမည်။ ALJ သည်-

1. ဖယ်ရှားမှုသည် ခေါင်းစီး "ကျောင်းဝန်ထမ်းများ၏ လုပ်ပိုင်ခွင့်အာဏာ" အောက်တွင် ဖော်ပြထားသော သတ်မှတ်ချက်များအား ချိုးဖောက်မှုဖြစ်ကြောင်း သို့မဟုတ် သင့်ကလေး၏ အပြုအမူသည် မသန်စွမ်းမှု၏ အကျိုးသက်ရောက်မှုကြောင့်ဖြစ်ကြောင်း ALJ က ဆုံးဖြတ်လျှင် သင်၏ မသန်စွမ်းကလေးအား ဖယ်ရှားခဲ့သည့်မူလနေရာသို့ ၎င်းအား ပြန်ထားနိုင်သည်။ သို့မဟုတ်
2. သင့်ကလေးအား လက်ရှိနေရာချထားမှုအတိုင်း ဆက်လက်ထားရှိခြင်းသည် သင့်ကလေးကိုဖြစ်စေ၊ အခြားသူများကိုဖြစ်စေ သိသိသာသာ ထိခိုက်ဒဏ်ရာ ရရှိစေနိုင်ကြောင်း ALJ က ဆုံးဖြတ်ပါက အဆိုပါမသန်စွမ်းကလေးအား သင့်လျော်သော ကြားကာလအတွင်း သမားရိုးကျမဟုတ်သော ပညာရေး သင်ကြားမှုပုံစံတွင် ကျောင်းတက်ရက် 45 ရက်ထက်မပိုဘဲ ပြောင်းလဲနေရာချထားရန် အမိန့်ပေးနိုင်သည်။

3. သင့်ကလေးကို မူရင်းနေရာအတွင်း ပြန်ထားခြင်းသည် သင့်ကလေးကိုဖြစ်စေ၊ အခြားသူများကိုဖြစ်စေ သိသိသာသာ ထိခိုက်ဒဏ်ရာရရှိစေနိုင်ကြောင်း ကျောင်းခရိုင်က ယူဆပါက ဤကြားနာခြင်း လုပ်ငန်းစဉ်များကို ထပ်လုပ်နိုင်သည်။

## တရားမျှတစွာ စီရင်ဆုံးဖြတ်ပေးရန် အမြန်ကြားနာမှုဆိုင်ရာ လုပ်ထုံးလုပ်နည်းများ

သင် သို့မဟုတ် ကျောင်းခရိုင်က ကြားနာခြင်းကို တောင်းဆိုရန်အတွက် တရားမျှတစွာ စီရင်ဆုံးဖြတ်ပေးရန် တိုင်ကြားချက်ကို တင်သွင်းသည့်အချိန်တိုင်း အောက်ပါအတိုင်းမှလွဲ၍ လိုအပ်ချက်များနှင့် ပြည့်မီသည့် ကြားနာခြင်းတစ်ခုကို ကျင်းပရမည်-

- ပညာရေးဌာနသည် ကြားနာခြင်းကို တောင်းဆိုသည့်ရက်မှ ကျောင်းတက်ရက် 20 အတွင်း ပြုလုပ်ပေးရမည်ဖြစ်ပြီး ကြားနာမှုလုပ်အပြီး ကျောင်းတက်ရက် 10 ရက်အတွင်း ဆုံးဖြတ်ချက်တစ်ခု ချရမည့် တရားမျှတစွာ စီရင်ဆုံးဖြတ်ပေးရန် အမြန်ကြားနာမှုကို စီစဉ်ဆောင်ရွက်ရမည်။
- သင်နှင့် ကျောင်းခရိုင်က အစည်းအဝေးကို မလုပ်တော့ရန် စာဖြင့်ရေးသား၍ သဘောတူခြင်း သို့မဟုတ် ညှိနှိုင်းဆွေးနွေးခြင်းကို အသုံးပြုရန် သဘောတူခြင်း မပြုလျှင် တရားမျှတစွာ စီရင်ဆုံးဖြတ်ပေးရန် တိုင်ကြားချက်အကြောင်း အသိပေးချက်ကို လက်ခံရရှိပြီး ပြက္ခဒိန်ရက် ခုနစ်ရက်အတွင်း ပြေလည်အောင်ဖြေရှင်းရေး အစည်းအဝေးကို ပြုလုပ်ရမည်။
- တရားမျှတစွာ စီရင်ဆုံးဖြတ်ပေးရန် တိုင်ကြားချက်ကို လက်ခံရရှိပြီး ပြက္ခဒိန် 15 ရက်အတွင်း နှစ်ဖက်လုံး ကျေနပ်သည်အထိ ကိစ္စ မပြေလည်ခဲ့လျှင် ကြားနာခြင်းကို ဆက်လက်လုပ်ဆောင်နိုင်သည်။

သင် သို့မဟုတ် ကျောင်းခရိုင်သည် အခြား တရားမျှတစွာ စီရင်ဆုံးဖြတ်ပေးရန် အမြန်ကြားနာမှုများတွင် ပြုလုပ်သည့် ဆုံးဖြတ်ချက်များအတွက် အယူခံဝင်နည်းအတိုင်းပင် တရားမျှတစွာ စီရင်ဆုံးဖြတ်ပေးရန် ကြားနာမှုရှိ ဆုံးဖြတ်ချက်အတွက် အယူခံဝင်နိုင်သည်။

## အယူခံဝင်နေစဉ် နေရာချထားမှု - စည်းကမ်းပိုင်းအရ

သင် သို့မဟုတ် ကျောင်းခရိုင်က စည်းကမ်းထိန်းသိမ်းရေး ကိစ္စရပ်များနှင့် ဆက်စပ်၍ တရားမျှတစွာ စီရင်ဆုံးဖြတ်ပေးရန် တိုင်ကြားချက် တင်သွင်းခြင်း (သို့မဟုတ် ညှိနှိုင်းဆွေးနွေးမှုကို တောင်းဆိုခြင်း) ပြုလုပ်သည့်အခါ (သင်နှင့် ဌာန သို့မဟုတ် ကျောင်းခရိုင်က အခြားတစ်နည်းအားဖြင့် သဘောမတူသရွေ့) သင့်ကလေးသည် ဖော်ပြပါအချိန်အတွင်း ကြားကာလအတွင်း သမားရိုးကျမဟုတ်သော ပညာရေး သင်ကြားမှုပုံစံတစ်ခုတွင် ဆက်ရှိနေရမည်-

- ALJ ၏ ဆုံးဖြတ်ချက်ကို စောင့်ဆိုင်းနေစဉ် သို့မဟုတ်
- မည်သည်က အရင်ဖြစ်ပွားသည်ဖြစ်စေ၊ "ကျောင်းဝန်ထမ်းများ၏ လုပ်ပိုင်ခွင့်အာဏာ" ခေါင်းစဉ်အောက်တွင် ပြဋ္ဌာန်းဖော်ပြထားသော ဖယ်ရှားမှုအချိန်ကာလ သက်တမ်းကုန်ဆုံးသည်အထိ။

၎င်းသည် တရားမျှတစွာ စီရင်ဆုံးဖြတ်ပေးရန် တိုင်ကြားချက်ကို တင်သွင်းချိန် သို့မဟုတ် ညှိနှိုင်းဆွေးနွေးမှုကို စောင့်ဆိုင်းနေစဉ် ကလေးသည် လက်ရှိနေရာချထားမှုတွင် ဆက်ရှိရမည်ဟူသော အထွေထွေစည်းမျဉ်းအတွက် ခြွင်းချက်တစ်ခု ဖြစ်သည်။

## နေရာချထားမှုဆိုင်ရာ ဆုံးဖြတ်ချက်

IEP အဖွဲ့သည် နေရာချထားမှု ပြောင်းလဲခြင်းများဖြစ်သော ဖယ်ရှားမှုများနှင့် "ထပ်ဆောင်းလုပ်ပိုင်ခွင့်အာဏာ" နှင့် "အထူးအခြေအနေများ" ခေါင်းစဉ်များအရ ဖယ်ရှားမှုများအတွက် ကြားကာလအတွင်း သမားရိုးကျမဟုတ်သော ပညာရေး သင်ကြားမှုပုံစံတစ်ခုကို ဆုံးဖြတ်ပေးသည်။

## ဥပဒေစိုးမိုးရေးအဖွဲ့နှင့် တရားစီရင်ရေး အာဏာပိုင်များထံ လွှဲပြောင်းခြင်းနှင့် ၎င်းတို့က အရေးယူဆောင်ရွက်ခြင်း

IDEA သည် အောက်ပါတို့ကို မလုပ်ဆောင်ပါ-

- မသန်စွမ်းကလေးတစ်ဦးက ကျူးလွန်သော ပြစ်မှုတစ်ခုကို သင့်လျော်သောအာဏာပိုင်များထံ တိုင်ကြားခြင်းမှ အေဂျင်စီကို တားမြစ်ခြင်း၊ သို့မဟုတ်
- ပြည်နယ်ဥပဒေစိုးမိုးရေးအဖွဲ့နှင့် တရားစီရင်ရေးအာဏာပိုင်များအား မသန်စွမ်းကလေးတစ်ဦးက ကျူးလွန်သော ပြစ်မှုများအပေါ် ဖက်ဒရယ်နှင့် ပြည်နယ်ဥပဒေ ကျင့်သုံးခြင်းနှင့်စပ်လျဉ်း၍ ၎င်းတို့၏တာဝန်များကို ဆောင်ရွက်ခြင်းမှ တားမြစ်ခြင်း။

ခရိုင်တစ်ခုသည် မသန်စွမ်းကလေးက ကျူးလွန်သော ပြစ်မှုကို တိုင်ကြားပါက အဆိုပါခရိုင်အနေဖြင့်-

- ကလေး၏ အထူးပညာရေးနှင့် စည်းကမ်းထိန်းသိမ်းရေးဆိုင်ရာ မှတ်တမ်းများ၏ မိတ္တူများကို ဥပဒေစိုးမိုးရေးအေဂျင်စီသို့ လွှဲပြောင်းပေးပို့ကြောင်း သေချာစေရမည် ဖြစ်ပြီး
- မိသားစု ပညာရေးဆိုင်ရာ အခွင့်အရေးများနှင့် ကိုယ်ရေးလုံခြုံမှု အက်ဥပဒေ (FERPA) က ခွင့်ပြုထားသည့် အတိုင်းအတာအထိသာ ကလေး၏ အထူးပညာရေးနှင့် စည်းကမ်းထိန်းသိမ်းရေးဆိုင်ရာ မှတ်တမ်းများ၏ မိတ္တူများကို လွှဲပြောင်းပေးပို့ရမည်။

## အထူးပညာရေးအတွက် သတ်မှတ်ချက်မပြည့်မီသေးသော ကလေးများအတွက် ကာကွယ်ပေးမှုများ

သင့်ကလေးတွင် IEP မရှိသေးဘဲ ၎င်းက ကျောင်းသား ကျင့်ဝတ်စည်းကမ်းကို ချိုးဖောက်လျှင် အောက်ဖော်ပြပါအချက်နှစ်ချက်လုံး မှန်ကန်ပါက သင်သည် ဤအသိပေးချက်ပါ ကာကွယ်ပေးမှုတစ်ခုခုကို အခိုင်အမာဆိုနိုင်သည်-

1. သင့်ကလေးတွင် မသန်စွမ်းမှုရှိခဲ့ကြောင်း ခရိုင်က သိရှိထားပြီး
2. သင့်ကလေးက ကျောင်းသားကျင့်ဝတ်စည်းကမ်းကို မချိုးဖောက်မီ ခရိုင်က ကလေး၏မသန်စွမ်းမှုကို သိရှိထားပြီး ဖြစ်ပါက။

## ကြိုတင်သိရှိထားမှုဆိုင်ရာ အဓိပ္ပာယ်ဖွင့်ဆိုချက်

အောက်ပါအခြေအနေများတွင် စည်းကမ်းထိန်းသိမ်းရေးအရ အရေးယူခဲ့သည့် အပြုအမူ မဖြစ်ပွားမီ ကလေးတစ်ဦးသည် မသန်စွမ်းကလေးဖြစ်ကြောင်း ခရိုင်တစ်ခုက သိရှိထားကြောင်း မှတ်ယူရမည်-

- ကလေး၏ မိဘက သင့်လျော်သော ပညာရေးဆိုင်ရာ အေဂျင်စီ၏ ကြီးကြပ်ရေးဝန်ထမ်း သို့မဟုတ် စီမံခန့်ခွဲရေး ဝန်ထမ်း၊ သို့မဟုတ် ကလေး၏ ဆရာတစ်ဦးထံ ကလေးသည် အထူးပညာရေးနှင့် ဆက်စပ်ဝန်ဆောင်မှုများကို လိုအပ်ကြောင်း စိုးရိမ်မှုကို စာဖြင့်ရေးသားဖော်ပြခဲ့လျှင်။
- မိဘသည် IDEA အောက်ရှိ အထူးပညာရေးနှင့် ဆက်စပ်ဝန်ဆောင်မှုများအတွက် သတ်မှတ်ချက်ပြည့်မီမှု အကဲဖြတ်စစ်ဆေးမှုကို တောင်းဆိုခဲ့လျှင် သို့မဟုတ်
- ကလေး၏ ဆရာ သို့မဟုတ် အခြားခရိုင်ဝန်ထမ်းအနေဖြင့် ကလေး၏ လုပ်ဆောင်ထားသော အပြုအမူပုံစံတစ်ခုနှင့်ပတ်သက်၍ စိုးရိမ်ပူပန်ဖွယ်ရာ အတိအကျကို ခရိုင်၏ အထူးပညာရေး ညွှန်ကြားရေးမှူးထံ သို့မဟုတ် ခရိုင်၏ အခြားကြီးကြပ်ရေးဝန်ထမ်းထံ တိုက်ရိုက်ထုတ်ဖော်ပြောခဲ့လျှင်။

## ကြိုတင်သိရှိထားမှုဆိုင်ရာ ခြွင်းချက်များ

အောက်ပါအခြေအနေများတွင် ခရိုင်က ထိုကဲ့သို့ ကြိုတင်သိရှိထားသည်ဟု မှတ်ယူမည်မဟုတ်ပါ-

- ကလေး၏ မိဘသည် ကလေးအား အကဲဖြတ်စစ်ဆေးခြင်းကို ခွင့်မပြုခဲ့လျှင် သို့မဟုတ် အထူးပညာရေး ဝန်ဆောင်မှုများကို ငြင်းဆိုခဲ့လျှင် သို့မဟုတ်
- ကလေးကို IDEA အရ အကဲဖြတ်ပြီး သတ်မှတ်ချက်မပြည့်မီကြောင်း ဆုံးဖြတ်ခဲ့လျှင်။

## ကြိုတင်သိရှိမထားခြင်း

ကလေးအပေါ် စည်းကမ်းထိန်းသိမ်းရေးအရ အရေးယူခြင်းမပြုမီ ကလေးသည် မသန်စွမ်းကလေးဖြစ်ကြောင်း ခရိုင်က မသိရှိလျှင် ကလေးသည် အလားတူအပြုအမူများကို ဆောင်ရွက်ခဲ့သော မသန်စွမ်းမှုမရှိသည့် သာမန်ကလေးများအပေါ် ကျင့်သုံးသည့် စည်းကမ်းထိန်းသိမ်းရေးအရ အရေးယူခြင်းကို ခံရနိုင်သည်။

သို့ရာတွင် ကလေးတစ်ဦးက စည်းကမ်းထိန်းသိမ်းရေးအရ အရေးယူခံရသည့် အချိန်ကာလအတွင်း ထိုကလေးကို အကဲဖြတ်စစ်ဆေးမှု ပြုလုပ်ပေးရန် တောင်းဆိုပါက အကဲဖြတ်စစ်ဆေးမှုကို အမြန်ဆောင်ရွက်ရပါမည်။

အကဲဖြတ်စစ်ဆေးမှု ပြီးမြောက်သည်အထိ ကလေးသည် ပညာရေးဆိုင်ရာ ဝန်ဆောင်မှုများ မရရှိဘဲ ဆိုင်းငံ့ခြင်း သို့မဟုတ် ထုတ်ပယ်ခြင်းပါဝင်နိုင်သည့် ကျောင်းအာဏာပိုင်များက ဆုံးဖြတ်ထားသည့် ပညာရေးဆိုင်ရာ နေရာချထားမှုတွင် ဆက်ရှိနေသည်။

အကဲဖြတ်စစ်ဆေးမှုမှ အချက်အလက်များနှင့် မိဘများက ပေးအပ်သော အချက်အလက်များကို ထည့်သွင်းစဉ်းစား၍ ကလေးကို မသန်စွမ်းကလေးဖြစ်ကြောင်း ဆုံးဖြတ်ပါက ခရိုင်သည် IDEA နှင့်အညီ အထူးပညာရေးနှင့် ဆက်စပ်ဝန်ဆောင်မှုများကို ပံ့ပိုးပေးရမည်။

# ကိုယ်စားမိဘများနှင့်ပတ်သက်သော ပြဋ္ဌာန်းချက်များ

## ကိုယ်စားမိဘများကို လိုအပ်သည့်အချိန်

အောက်ပါအချိန်များတွင် ကလေးတစ်ဦး၏ အခွင့်အရေးများကို ကာကွယ်ပေးကြောင်း ခရိုင်၊ AEA နှင့် ပြည်နယ်တစ်ခုစီက သေချာအောင် ဆောင်ရွက်ရမည်-

- မိဘတစ်ဦးတစ်ယောက်ကို ခွဲခြားဖော်ထုတ်နိုင်ခြင်းမရှိသည့်အခါ။
- ခရိုင် သို့မဟုတ် AEA က သင့်တော်သော ကြိုးပမ်းမှုများပြုလုပ်ပြီးနောက် မိဘတစ်ဦးကို ရှာမတွေ့သည့်အခါ။
- ကလေးသည် Iowa ဥပဒေများအရ နိုင်ငံတော်၏ အုပ်ထိန်းခံကလေးဖြစ်သည့်အခါ၊
    - o ကလေးတစ်ဦးက နိုင်ငံတော်၏ အုပ်ထိန်းခံကလေးဖြစ်ခဲ့လျှင် ကလေး၏အမှုကို တာဝန်ယူသောတရားသူကြီးသည် တစ်နည်းအားဖြင့် ကိုယ်စားမိဘတစ်ဦးကို သတ်မှတ်ပေးနိုင်သည် (သတ်မှတ်စံနှုန်းကို အောက်တွင် ဖော်ပြထားသည်) သို့မဟုတ်
- ကလေးသည် အဖော်မဲ့ အိမ်ရာမဲ့လူငယ်တစ်ဦး ဖြစ်သည့်အခါ။

## AEA တာဝန်ဝတ္တရား

AEA ၏ တာဝန်များတွင် မိဘများအတွက် ကိုယ်စားပြုသူအဖြစ် ဆောင်ရွက်ပေးမည့် ပုဂ္ဂိုလ်တစ်ဦးကို ခန့်ထားခြင်း ပါဝင်သည်။ ၎င်းတွင် အောက်ပါတို့အတွက် နည်းလမ်းတစ်ခု ပါဝင်ရမည်-

- ကလေးတစ်ဦးသည် ကိုယ်စားမိဘတစ်ဦး လိုအပ်ခြင်းရှိ၊ မရှိ ဆုံးဖြတ်ခြင်း၊
- ကလေးအတွက် ကိုယ်စားမိဘတစ်ဦး ခန့်အပ်ခြင်း။

## ကိုယ်စားမိဘ သတ်မှတ်စံနှုန်း

AEA သည် ပြည်နယ်ဥပဒေအရ ခွင့်ပြုထားသော မည်သည့်နည်းလမ်းမဆိုဖြင့် ကိုယ်စားမိဘတစ်ဦးကို ရွေးချယ်နိုင်သည်။ ကိုယ်စားမိဘတစ်ဦးအဖြစ် ရွေးချယ်ခံရသော ပုဂ္ဂိုလ်သည် အောက်ပါအချက်များနှင့် ကိုက်ညီကြောင်း AEA က သေချာအောင်လုပ်ရမည်-

- ဌာန၊ AEA၊ ခရိုင် သို့မဟုတ် ကလေး၏ ပညာရေး သို့မဟုတ် စောင့်ရှောက်မှုတွင် ပါဝင်ပတ်သက်သော အခြားမည်သည့်အေဂျင်စီမဆို၏ ဝန်ထမ်းတစ်ဦး မဖြစ်ရပါ။
- သူ/သူမ ကိုယ်စားပြုသည့် ကလေး၏ အကျိုးစီးပွားနှင့် ပဋိပက္ခဖြစ်စေသော ပုဂ္ဂိုလ်ရေး သို့မဟုတ် လုပ်ငန်းပိုင်းဆိုင်ရာ ကိုယ်ကျိုးစီးပွား ပါဝင်ပတ်သက်မှု မရှိရပါ။ ၎င်းအပြင်
- ကလေးကို လုံလောက်စွာ ကိုယ်စားပြုနိုင်မည့် ဗဟုသုတနှင့် အရည်အချင်းများ ရှိရမည်။

ကိုယ်စားမိဘတစ်ဦးကို အေဂျင်စီတစ်ခုက ငွေပေးချေနိုင်သော်လည်း ၎င်းကို အေဂျင်စီ၏ ဝန်ထမ်းတစ်ဦးအဖြစ် မမှတ်ယူပါ။

## အုပ်ထိန်းသူမဲ့ အိမ်ရာမဲ့လူငယ်

အုပ်ထိန်းသူမဲ့ အိမ်ရာမဲ့လူငယ်တစ်ဦး ဖြစ်ခဲ့လျှင် လိုအပ်ချက်အားလုံးနှင့် ကိုက်ညီသည့် ကိုယ်စားပြုသူတစ်ဦး ခန့်ထားနိုင်သည်အထိ အရေးပေါ် ခိုလှုံရာများ၊ အကူးအပြောင်း ဂေဟာများ၊ အမှီအခိုကင်းသော နေထိုင်မှု ပရိုဂရမ်များနှင့် လမ်းပေါ် ကမ်းလင့်ထောက်ကူမှု ပရိုဂရမ်များ၏ သင့်လျော်သောဝန်ထမ်းများအား ယာယီကိုယ်စားပြုသူများအဖြစ် ခန့်ထားနိုင်သည်။

## ကိုယ်စားမိဘ တာဝန်များ

ကိုယ်စားမိဘသည် အောက်ပါတို့နှင့်သက်ဆိုင်သော ကိစ္စရပ်အားလုံးတွင် ကလေးအတွက် ကိုယ်စားပြုဆောင်ရွက်ပေးနိုင်သည်-

- ကလေးကို ခွဲခြားသတ်မှတ်ခြင်း၊ အကဲဖြတ်ခြင်းနှင့် ပညာရေးဆိုင်ရာ နေရာချထားခြင်း။ ၎င်းအပြင်
- ကလေးအား သင့်လျော်သော အခမဲ့အစိုးရပညာရေး (FAPE) ပေးအပ်ခြင်း။

## ကိုယ်စားမိဘတစ်ဦး ခန့်အပ်သည့် အချိန်ကာလ

ကလေးသည် ကိုယ်စားမိဘတစ်ဦးကို လိုအပ်ကြောင်း AEA မှ ဆုံးဖြတ်ပြီးနောက် ရက်ပေါင်း 30 ထက်မပိုစေဘဲ ကိုယ်စားပြုသူတစ်ဦးကို AEA က ခန့်ထားရမည်။

# ကလေးထံသို့ အခွင့်အရေးများကို လွှဲပြောင်းပေးခြင်း

## ပညာရေးမှတ်တမ်း ရပိုင်ခွင့်များကို လွှဲပြောင်းခြင်း

Iowa သည် သင့်ကလေး၏ အသက်အရွယ်နှင့် မသန်စွမ်းမှုအမျိုးအစား သို့မဟုတ် ပြင်းထန်မှုတို့ကို ထည့်သွင်းစဉ်းစားလျက် ကလေးများက ကိုယ်ရေးလုံခြုံမှု အခွင့်အရေးများရရှိနိုင်သည့် အတိုင်းအတာအထိ မူဝါဒများနှင့် လုပ်ထုံးလုပ်နည်းများကို ပြဋ္ဌာန်းထားပါသည်။

အသက် 18 နှစ် ပြည့်သည့်အခါ သင့်ကလေးထံသို့ ပညာရေးမှတ်တမ်း ရပိုင်ခွင့်များကို လွှဲပြောင်းပေးခြင်း။

သတ်မှတ်ချက်ပြည့်မီသူတစ်ဦးကို ပြည်တွင်းအခွန်ဆိုင်ရာ ကျင့်ထုံးဥပဒေတွင် သတ်မှတ်ထားသည့်အတိုင်း မှီခိုသူကျောင်းသားအဖြစ် ဆုံးဖြတ်ပါက ပညာရေးဆိုင်ရာ မှတ်တမ်းများကို မိဘများရရှိနိုင်အောင် ပြုလုပ်ပေးရမည်။

## IDEA အခွင့်အရေးများကို လွှဲပြောင်းခြင်း

IDEA အရ မိဘတစ်ဦး၏ အခွင့်အရေးများကို ကလေးတရားဝင်အရွယ်ရောက်သည့်အချိန်တွင် သင့်ကလေးထံသို့ လွှဲပြောင်းပေးမည်ဖြစ်သည်။

Iowa တွင် တရားဝင်အရွယ်ရောက်အသက်သည် 18 နှစ်ဖြစ်ပြီး ဤအခြေအနေများနှင့် ကိုက်ညီလျှင် အရွယ်ရောက်သည်ဟု ယူဆသည်-

- အသက်မပြည့်သေးသူအားလုံးကို အိမ်ထောင်ပြုပြီးလျှင် တရားဝင်အရွယ်ရောက်သူအဖြစ် ယူဆသည်။
- အသက် 18 နှစ် အောက်ဖြစ်သော်လည်း အရွယ်ရောက်ပြီးသူအဖြစ် တရားရင်ဆိုင်ရခြင်း၊ ပြစ်ဒဏ်စီရင်ခံရခြင်းနှင့် ပြစ်ဒဏ်ချမှတ်ခြင်းခံရသူ။

တရားဝင်အရွယ်ရောက်အသက် 18 နှစ်ပြည့်ရမည်ဟူသော ခြွင်းချက်မှာ Iwoa ဥပဒေအရ မိမိကိုယ်တိုင် လုပ်ကိုင်ဆောင်ရွက်နိုင်စွမ်းမရှိဟု တရားဝင်ဆုံးဖြတ်ထားသော မသန်စွမ်းသည့် ကလေးတစ်ဦးဖြစ်သည်။

## အခွင့်အရေးများ လွှဲပြောင်းခြင်းဆိုင်ရာ အသိပေးချက်

ခရိုင်သည် သင်နှင့် သင့်ကလေးအတွက် ဥပဒေအရ လိုအပ်သော အသိပေးချက်ကို ပေးပို့ပါမည်။
သင့်အားပေးအပ်ထားသော အခြားအခွင့်အရေးအားလုံးကို သင့်ကလေးထံသို့ လွှဲပြောင်းပေးမည် (၎င်းတွင် ဖက်ဒရယ်၊ Iowa သို့မဟုတ် ဒေသဆိုင်ရာ ဆယ်ကျော်သက် သို့မဟုတ် အရွယ်ရောက်ပြီးသူ စည်းကမ်းထိန်းသိမ်းရေး အဖွဲ့အစည်းတစ်ခုတွင် အကျဉ်းကျခံနေရသော လူငယ်များ ပါဝင်သည်)။

သင့်ကလေးသည် Iowa ဥပဒေအရ တရားဝင်အရွယ်ရောက်အသက် မပြည့်ခင် အနည်းဆုံး တစ်နှစ်အလိုမှစ၍ သင့်ကလေး၏ IEP တွင် သင့်ကလေး အရွယ်ရောက်အသက်ပြည့်သည့်အခါ လွှဲပြောင်းပေးမည့် အထူးပညာရေး အခွင့်အရေးများအကြောင်းကို သူ/သူမအား အသိပေးထားကြောင်း ထုတ်ပြန်ချက် ပါဝင်ရမည်။

မိဘတစ်ဦးအနေဖြင့် သင်သည် ဥပဒေအရ လိုအပ်သည့် အသိပေးချက်များကိုလည်း လက်ခံရရှိပါမည်။ ကျောင်းသား၊ ခရိုင် သို့မဟုတ် AEA က သင့်ကို ဖိတ်ကြားသောအခါတွင် သင်သည် IEP အစည်းအဝေးများသို့ တက်ရောက်၊ ပါဝင်နိုင်မည်ဖြစ်သည်။

သင့်ကလေးသည် တရားဝင်အရွယ်ရောက်အသက် ပြည့်ပြီးနောက်တွင်ပင် သင့်အား သင့်ကလေးအတွက် ဆုံးဖြတ်ချက်များကို ဆက်လက်ချမှတ်ခွင့်ပြုမည့် အခြေအနေများ ရှိနိုင်သည်။ ဥပမာအားဖြင့် တရားရုံးသည် သင့်ကို သင်၏အရွယ်ရောက်ပြီး ကလေးငယ်၏ အုပ်ထိန်းသူအဖြစ် ပညာရေးဆိုင်ရာ ဆုံးဖြတ်ချက်များချမှတ်ခွင့်ပြုရန် သတ်မှတ်ပေးနိုင်သည်။

သင်၏ အရွယ်ရောက်ပြီး သားသမီးအတွက် သင်ဆုံးဖြတ်ချက်များချနိုင်မည့် အခြေအနေများအကြောင်း ပိုမိုသိရှိရန် သင်၏ AEA သို့မဟုတ် စာမျက်နှာ 1 မှ 3 အထိတွင် ဖော်ပြထားသော အဖွဲ့အစည်းတစ်ခုကို ဆက်သွယ်ပါ။

# သင့်လျော်သော အခမဲ့အစိုးရပညာရေး (FAPE) တွင် ပြဿနာရှိသည့်အခါ မိဘများက ကလေးများကို ပုဂ္ဂလိကကျောင်းများတွင် မိမိဆန္ဒအလျောက်အပ်နှံခြင်း

## ပုဂ္ဂလိကကျောင်း သို့မဟုတ် အဖွဲ့အစည်းဆိုင်ရာ ကုန်ကျစရိတ်များ

အောက်ပါတို့နှင့် ကိုက်ညီပါက မသန်စွမ်းဖြစ်နေသော သင့်ကလေးအတွက် အထူးပညာရေးနှင့် ဆက်စပ်ဝန်ဆောင်မှုများ အပါအဝင် ပုဂ္ဂလိကကျောင်း သို့မဟုတ် အဖွဲ့အစည်းတစ်ခုရှိ ပညာရေးကုန်ကျစရိတ်အတွက် ခရိုင် သို့မဟုတ် AEA မှ ပေးဆောင်စေရန် IDEA တွင် သတ်မှတ်ပြဋ္ဌာန်းထားခြင်းမရှိပါ-

- ခရိုင်က သင့်ကလေးအတွက် FAPE ကို ပံ့ပိုးပေးပါက။ ၎င်းအပြင်
- ကလေးကို ပုဂ္ဂလိကကျောင်း သို့မဟုတ် အဖွဲ့အစည်းတစ်ခုတွင် အပ်နှံရန် သင်က ရွေးချယ်ခဲ့ပါက။

သင့်ကလေးအတွက် သင့်တော်သော ပရိုဂရမ်တစ်ခု ရရှိနိုင်မှုနှင့်ပတ်သက်၍ သင်နှင့်ခရိုင်အကြား သဘောထားကွဲလွဲမှုရှိပါက မည်သူကပေးဆောင်ရမည်ကို ဘက်မလိုက်ဘဲ တရားမျှတစွာ စီရင်ဆုံးဖြတ်ပေးရန် ကြားနာမှု ပြုလုပ်၍ ဆုံးဖြတ်ပါမည်။

**မှတ်ချက်-** Iowa ဥပဒေအရ Iowa အသိအမှတ်ပြုထားသည့် ပုဂ္ဂလိကကျောင်းများတွင် မိဘများက စာရင်းသွင်းထားသော မသန်စွမ်းသည့် ကလေးများသည် အစိုးရအေဂျင်စီတစ်ခုမှ ပံ့ပိုးပေးသည့် အထူးပညာရေးနှင့် ဆက်စပ်ဝန်ဆောင်မှုများကို အစိုးရကျောင်းများရှိ မသန်စွမ်းကလေးများအား ပေးသည့် အတိုင်းအတာအတိုင်း ရရှိစေမည်ဖြစ်သည်။

## ပုဂ္ဂလိကကျောင်းတွင် အပ်နှံစရိတ်အတွက် ငွေပြန်ထုတ်ပေးခြင်း

သင့်ကလေးအား ခရိုင်၏သဘောတူညီချက် သို့မဟုတ် လွှဲစာမရှိဘဲ ပုဂ္ဂလိကကျောင်းတွင် စာရင်းသွင်းခြင်းမပြုမီ သင့်ကလေးသည် IDEA အရ သတ်မှတ်ချက် ပြည့်မီသူတစ်ဦးအဖြစ် ဆုံးဖြတ်ခံရပြီး ကျောင်းတွင် အထူးပညာရေးနှင့် ဆက်စပ်ဝန်ဆောင်မှုများကို လက်ခံရရှိပါက အောက်ပါအခြေအနေများတွင် တရားရုံး သို့မဟုတ် ALJ က ခရိုင်အား သင်၏ကျောင်းအပ်နှံစရိတ်အတွက် သင့်ကို ငွေပြန်ထုတ်ပေးရန် တောင်းဆိုနိုင်သည်-

- သင့်ကလေးအား ပုဂ္ဂလိကကျောင်းတွင် စာရင်းသွင်းခြင်းမပြုမီ အေဂျင်စီက သင့်ကလေးအား FAPE ကို အချိန်နှင့်တစ်ပြေးညီ ရရှိနိုင်အောင် မလုပ်ပေးခဲ့ကြောင်း တရားရုံး သို့မဟုတ် ALJ က တွေ့ရှိပါက။ ၎င်းအပြင်
- ပုဂ္ဂလိကကျောင်းတွင် အပ်နှံခြင်းက သင့်တော်မှုရှိပါက။

**မှတ်ချက်-** ပုဂ္ဂလိကကျောင်းတွင် နေရာချထားမှုသည် ဌာန၊ AEA များနှင့် ခရိုင်များမှ ပံ့ပိုးပေးသော ပညာရေးဆိုင်ရာ ပြည်နယ်စံနှုန်းများနှင့် မကိုက်ညီလျှင်ပင် သင့်လျော်မှုရှိသည်ဟု ALJ သို့မဟုတ် တရားရုံးတစ်ခုက ဆုံးဖြတ်ကောင်း ဆုံးဖြတ်နိုင်သည်။

## ပြန်ထုတ်ပေးငွေ လျှော့ချခံရခြင်း သို့မဟုတ် ငြင်းဆိုခံရခြင်း

အကယ်၍ အောက်ပါတို့ဖြစ်ပေါ်လျှင် ပြန်ထုတ်ပေးငွေ လျှော့ချခံရနိုင်သည် သို့မဟုတ် ငြင်းဆိုခံရနိုင်သည်-

- ဖယ်ရှားခြင်းမပြုမီ သင်တက်ရောက်ခဲ့သည့် နောက်ဆုံး IEP အစည်းအဝေးတွင် သင့်ကလေးအား FAPE ပေးရန် အဆိုပြုထားသည့် နေရာချထားမှုကို သင်ကငြင်းပယ်ထားကြောင်း IEP အဖွဲ့အား သင်အကြောင်းကြားခဲ့ခြင်းမရှိလျှင်။ ယင်းတွင် အောက်ပါတို့ကိုလည်း ထည့်သွင်း ဖော်ပြထားရမည်-
    - အဆိုပြုထားသော နေရာချထားမှုအတွက် စိုးရိမ်မှုများနှင့်
    - အစိုးရထောက်ပံ့ငွေဖြင့် သင့်ကလေးကို ပုဂ္ဂလိကကျောင်းတွင် အပ်နှံလိုသည့် ရည်ရွယ်ချက်။
- ဖယ်ရှားခြင်းမပြုမီ (အလုပ်ဖွင့်ရက်တွင် ကျရောက်သော အားလပ်ရက်များ အပါအဝင်) အလုပ်ဖွင့်ရက် 10 ရက်အလိုတွင် သင်၏စိုးရိမ်မှုများနှင့် အကြောင်းရင်းများ အပါအဝင် စာဖြင့်အသိပေးချက်ကို သင်မပေးခဲ့လျှင်။
- ဖယ်ရှားခြင်းမပြုမီ ခရိုင် သို့မဟုတ် AEA က အကဲဖြတ်စစ်ဆေးရန် တောင်းဆိုခဲ့ပြီး သင်က ကလေးကို အကဲဖြတ်မှုခံယူနိုင်ရန် မလုပ်ပေးခဲ့လျှင် သို့မဟုတ်
- အကယ်၍ တရားရုံးတစ်ခုက သင့်လုပ်ရပ်များသည် ယုတ္တိမတန်ကြောင်း တွေ့ရှိရလျှင်။

## လျှော့ချခြင်း သို့မဟုတ် ငြင်းဆိုခြင်းဆိုင်ရာ ခြွင်းချက်များ

IDEA အရ အောက်ပါတို့ဖြစ်ပေါ်လျှင် ကုန်ကျစရိတ်ပြန်ထုတ်ပေးငွေကို လျှော့ချ၍ သို့မဟုတ် မပေးရန်ငြင်းဆို၍ မရပါ-

- လိုအပ်သော အသိပေးချက် မပေးပို့နိုင်စေရန် ခရိုင်က သင့်ကို တားမြစ်ထားလျှင်။
- အဆိုပါလိုအပ်ချက်များနှင့်ပတ်သက်သော အသိပေးစာကို သင်မရရှိခဲ့လျှင်။
- လိုက်နာဆောင်ရွက်ခြင်းက ကလေးအား ရုပ်ပိုင်းဆိုင်ရာ ထိခိုက်မှုကို ဖြစ်စေနိုင်လျှင်။

အောက်ပါတို့ဖြစ်လျှင် လိုအပ်သော အသိပေးချက်ကို ပေးပို့ရန် ပျက်ကွက်သည့်အတွက် ကုန်ကျစရိတ်ပြန်ထုတ်ပေးငွေကို တရားရုံး သို့မဟုတ် ALJ ၏ ကိုယ်ပိုင်ဆုံးဖြတ်ချက်ဖြင့် လျှော့ချ၍ သို့မဟုတ် မပေးရန်ငြင်းဆို၍ မရနိုင်ပါ-

- သင်က စာမတတ်သူဖြစ်ပြီး အင်္ဂလိပ်လို မရေးတတ်လျှင် သို့မဟုတ်
- လိုက်နာဆောင်ရွက်ခြင်းက သင့်ကလေးအား ပြင်းထန်သော စိတ်ပိုင်းဆိုင်ရာ ထိခိုက်မှု ဖြစ်စေနိုင်လျှင်။

# ကျွန်ုပ်၏ မှတ်စုများနှင့် မေးခွန်းများ

# နောက်ဆက်တွဲ A- အဓိပ္ပာယ်ဖွင့်ဆိုချက်များ

ဥပဒေတွင်အသုံးပြုသော အသုံးအနှုန်းများသည် အလွန်တိကျသောကြောင့် ဥပဒေသဘောကို သင်နားလည်စေရန်အတွက် အဓိပ္ပာယ်ဖွင့်ဆိုချက်အချို့ကို ကျွန်ုပ်တို့ ထည့်သွင်းပေးထားသည်။ မိဘများဖြစ်သည့် သင်တို့အနေဖြင့် ဖတ်ရှုနေသည်များကို ပိုမိုသိရှိနားလည်ထားရန် လိုအပ်သည်- ဥပမာတစ်ခုအနေဖြင့် ဥပဒေတွင် 'ဖြစ်ရမည်' နှင့် 'ဖြစ်မည်' သည် 'ဖြစ်နိုင်သည်' နှင့် မတူပါ။ 'ဖြစ်ရမည်' နှင့် 'ဖြစ်မည်' တို့သည် သေချာပေါက်လုပ်ရမည့်အရာများဖြစ်သည်။ 'ဖြစ်နိုင်သည်' က တစ်ခုခုကို ပြုလုပ်ရန် သို့မဟုတ် မပြုလုပ်ရန် ရွေးချယ်ခွင့်ရှိကြောင်း အကြံပြုသည်။ ဥပဒေတွင် သတ်မှတ်ဖော်ပြသော ဝေါဟာရတိုင်းကို ဤနေရာတွင် ထည့်သွင်းမထားပါ။ အခြားစကားလုံးအချို့၏ ဆိုလိုရင်းကို နားလည်သဘောပေါက်ရန် အကူအညီလိုပါက သင်၏ ခရိုင်ဝန်ထမ်းများ၊ AEA အတိုင်ပင်ခံများ၊ အခြားမိဘများ၊ သင်၏ AEA ရှိ FEP ပရိုဂရမ်ဝန်ထမ်းများနှင့် ASK ရင်းမြစ်စင်တာ (PTI) ဝန်ထမ်းများနှင့် ဆွေးနွေးတိုင်ပင်ပါ။

## နေ့ရက်၊ အလုပ်ဖွင့်ရက်၊ ကျောင်းဖွင့်ရက်

*နေ့ရက်*ဆိုသည်မှာ အလုပ်ဖွင့်ရက် သို့မဟုတ် ကျောင်းဖွင့်ရက်အဖြစ် အခြားနည်းဖြင့် သတ်မှတ်ထားခြင်းမရှိပါက ပြက္ခဒိန်ရက်ကို ဆိုလိုသည်။ *အလုပ်ဖွင့်ရက်*ဆိုသည်မှာ (ရုံးပိတ်ရက်များကို အလုပ်ဖွင့်ရက်အဖြစ် အထူးသတ်မှတ်ထားခြင်းမရှိလျှင်) ဖက်ဒရယ်နှင့်ပြည်နယ် ရုံးပိတ်ရက်များမှလွဲ၍ တနင်္လာနေ့မှ သောကြာနေ့အထိကို ဆိုလိုသည်။ *ကျောင်းဖွင့်ရက်*သည် မသန်စွမ်း ကလေးများနှင့် မသန်စွမ်းမှုမရှိသော သာမန်ကလေးများအပါအဝင် ကျောင်းရှိ ကလေးအားလုံးအတွက် အဓိပ္ပာယ်အတူတူပင် ဖြစ်သည်။

## သင့်လျော်သော အခမဲ့အစိုးရပညာရေး သို့မဟုတ် FAPE

သင့်လျော်သော အခမဲ့အစိုးရပညာရေးဆိုသည်မှာ အောက်ဖော်ပြပါတို့နှင့် ကိုက်ညီသည့် အထူးပညာရေးနှင့် ဆက်စပ်ဝန်ဆောင်မှုများဖြစ်သည်

1. အများပြည်သူ၏ ကြီးကြပ်ကွပ်ကဲမှုနှင့် လမ်းညွှန်မှုအောက်တွင် အခကြေးငွေမယူဘဲ ပံ့ပိုးပေးထားသော။
2. IDEA ၏ လိုအပ်ချက်များ အပါအဝင် နိုင်ငံတော်၏ စံနှုန်းများနှင့် ကိုက်ညီသော။
3. သင့်တော်သော မူကြို၊ မူလတန်း သို့မဟုတ် အလယ်တန်း ပညာရေးတို့ ပါဝင်သော။ ၎င်းအပြင်
4. တစ်ဦးချင်း ပညာရေး ပရိုဂရမ် (IEP) နှင့်အညီ ပံ့ပိုးပေးထားသော။

## အိမ်ရာမဲ့ ကလေးများနှင့် လူငယ်များ

McKinney- Vento အိမ်ရာမဲ့ အကူအညီပေးရေး အက်ဥပဒေ (42 U.S.C. 11434a(2)) ၏ ပုဒ်မ 725(2) ၏ အဓိပ္ပာယ်ဖွင့်ဆိုချက်အတွင်းရှိ "အိမ်ရာမဲ့ ကလေးများနှင့် လူငယ်များ" ဟူသော ဝေါဟာရက ဆိုလိုသည်မှာ --

ညအချိန် ပုံမှန်အခြေချနေထိုင်စရာ ပြည့်စုံလောက်ငှစွာမရှိသည့် လူပုဂ္ဂိုလ်များဖြစ်ပြီး ၎င်းတို့တွင် ပါဝင်သည်မှာ--

အိုးအိမ်ဆုံးရှုံးခြင်း၊ စီးပွားရေးကျပ်တည်းခြင်းကြောင့် သို့မဟုတ် အလားတူ အကြောင်းရင်းကြောင့် အခြားသူများ၏ အိမ်ရာများတွင် မျှနေရသော၊ လုံလောက်သော အစားထိုး နေရာထိုင်ခင်း မရှိခြင်းကြောင့် မိုတယ်များ၊ ဟိုတယ်များ၊ နောက်တွဲယာဉ်ရပ်နားရာ ပန်းခြံများ သို့မဟုတ် စခန်းချကွင်းများတွင် နေထိုင်ရသော၊ အရေးပေါ် သို့မဟုတ် အကူးအပြောင်း ဂေဟာများတွင် နေထိုင်ရသော၊ ဆေးရုံများတွင် စွန့်ပစ်ခံခဲ့ရသော သို့မဟုတ် မွေးစားစောင့်ရှောက်မှုအတွက် နေရာချထားရန် စောင့်ဆိုင်းနေသော ကလေးများနှင့် လူငယ်များ။

လူများအတွက် ပုံမှန်အိပ်စက်ရာနေရာထိုင်ခင်းအဖြစ် စီစဉ်ထားခြင်းမဟုတ်သော သို့မဟုတ် သာမန်အားဖြင့် အသုံးမပြုသော ပြည်သူပိုင် သို့မဟုတ် ပုဂ္ဂလိကပိုင်နေရာတွင် ညအချိန်၌ အဓိကနေထိုင်သည့် ကလေးများနှင့် လူငယ်များ။

ကားများ၊ ပန်းခြံများ၊ ပြည်သူပိုင်နေရာများ၊ စွန့်ပစ်ထားသော အဆောက်အအုံများ၊ အဆင့်နိမ့်နေရာထိုင်ခင်း၊ ဘတ်စ်ကား သို့မဟုတ် ရထားဘူတာရုံများ သို့မဟုတ် အလားတူပတ်ဝန်းကျင်များတွင် နေထိုင်သည့် ကလေးများနှင့် လူငယ်များ။ ၎င်းအပြင်

အပိုဒ် (i) မှ (iii) အထိတွင် ဖော်ပြထားသော အခြေအနေများတွင် နေထိုင်သောကြောင့် အိမ်ရာမဲ့အဖြစ် ယူဆ၍ရနိုင်သော ရွှေ့ပြောင်းနေထိုင်သည့် ကလေးများ။

42 U.S.C. §11434a

## တစ်ဦးချင်း ပညာရေး ပရိုဂရမ် သို့မဟုတ် IEP

IEP ဆိုသည်မှာ IEP အဖွဲ့က စီစဉ်ရေးဆွဲထားသော၊ ပြန်လည်သုံးသပ်ထားသော၊ ပြန်လည်ပြင်ဆင်ထားသော သတ်မှတ်ချက်ပြည့်မီသူတစ်ဦး၏ အထူးပညာရေး ဝန်ဆောင်မှုများအတွက် စာဖြင့်ရေးသားထားသော မှတ်တမ်းတစ်ခုဖြစ်သည်။ IEP စာရွက်စာတမ်း၌ IEP အစည်းအဝေးတွင် ချမှတ်ခဲ့သည့် ဆုံးဖြတ်ချက်များကို မှတ်တမ်းတင်ပြီး တစ်ဦးချင်းစီ၏ အထူးသင်ယူမှု လိုအပ်ချက်များနှင့်အညီ လိုအပ်သည့် ဝန်ဆောင်မှုများကို သတ်မှတ်ချက်ပြည့်မီသူက လက်ခံရရှိစေရန် အရေးကြီးသော အရင်းအမြစ်များကို ပံ့ပိုးပေးပါမည်ဟူသော ကတိကဝတ်တစ်ခုကို ရေးသားဖော်ပြထားသည်။

## တစ်ဦးချင်း ပညာရေး ပရိုဂရမ်အဖွဲ့ သို့မဟုတ် IEP အဖွဲ့

IEP အဖွဲ့သည် မသန်စွမ်းကလေးတစ်ဦးအတွက် IEP ကို စီစဉ်ရေးဆွဲခြင်း၊ ပြန်လည်သုံးသပ်ခြင်း သို့မဟုတ် ပြန်လည်ပြင်ဆင်ခြင်းအတွက် တာဝန်ရှိသော လူစုတစ်စုဖြစ်သည်။

## မိခင် ဘာသာစကား

အင်္ဂလိပ်စကား ကျွမ်းကျင်မှုအားနည်းသူတစ်ဦးနှင့်စပ်လျဉ်း၍ အသုံးပြုသောအခါ *မိခင်ဘာသာစကား*ဆိုသည်မှာ အောက်ပါတို့ကို ဆိုလိုသည်-

- ထိုလူပုဂ္ဂိုလ်က ပုံမှန်အားဖြင့် အသုံးပြုသောဘာသာစကား သို့မဟုတ် ကလေးတစ်ဦးဖြစ်လျှင် ကလေး၏မိဘများက အသုံးပြုသည့်ဘာသာစကားနှင့်
- (ကလေးအား အကဲဖြတ်စစ်ဆေးခြင်း အပါအဝင်) ကလေးတစ်ဦးနှင့် တိုက်ရိုက်ထိတွေ့ဆက်ဆံမှု အားလုံးတွင် ထိုကလေးက အိမ်တွင် သို့မဟုတ် သင်ယူမှုပတ်ဝန်းကျင်တွင် ပုံမှန်အားဖြင့် အသုံးပြုသည့် ဘာသာစကား။

နားမကြားသူ သို့မဟုတ် မျက်စိကွယ်နေသူ သို့မဟုတ် စာမရေးတတ်သူ တစ်ဦးအတွက် *မိခင်ဘာသာစကား*ဆိုသည်မှာ လူတစ်ဦးက ပုံမှန်အားဖြင့် အသုံးပြုသည့် ဆက်သွယ်ပြောဆိုမှုပုံစံ (ဥပမာ လက်ဟန်ပြ ဘာသာစကား၊ မျက်မမြင်စာ သို့မဟုတ် နှုတ်ဖြင့်ပြောဆိုဆက်သွယ်မှု) ဖြစ်သည်။

## မိဘ

မိဘဆိုသည်မှာ-

- ကလေး၏ မိဘအရင်း သို့မဟုတ် မွေးစားမိဘ။
- ပြည်နယ်ဥပဒေ၊ စည်းမျဉ်းများ သို့မဟုတ် ပြည်နယ် သို့မဟုတ် ဒေသန္တရ အဖွဲ့အစည်းတစ်ခုနှင့် ချုပ်ဆိုထားသော စာချုပ်ပါ တာဝန်ဝတ္တရားများသည် ယာယီမွေးစားစောင့်ရှောက်သည့်မိဘကို မိဘအဖြစ် ဆောင်ရွက်ခြင်းမှ တားမြစ်ထားခြင်းမရှိလျှင် ယာယီမွေးစားစောင့်ရှောက်သည့်မိဘ။
- အုပ်ထိန်းသူ (ကလေးသည် နိုင်ငံတော်၏ အုပ်ထိန်းခံကလေးဆိုလျှင် ပြည်နယ်မဟုတ်ပါ)။
- မိဘအရင်း သို့မဟုတ် မွေးစားမိဘနေရာမှ ဆောင်ရွက်ပေးသည့် ကလေးနှင့်အတူနေထိုင်သော ပုဂ္ဂိုလ် (အဘိုးအဘွား၊ မိထွေးပထွေး သို့မဟုတ် အခြားဆွေမျိုးများ အပါအဝင်) သို့မဟုတ် ကလေး၏ ကျန်းမာပျော်ရွှင်ရေးအတွက် ဥပဒေအရ တာဝန်ရှိသောပုဂ္ဂိုလ် သို့မဟုတ်
- တရားဝင်ခန့်အပ်ထားသော ကိုယ်စားမိဘ။

## မည်သူမည်ဝါခွဲခြားဖော်ထုတ်နိုင်ခြင်း

အချက်အလက်တွင် အောက်ပါတို့ပါဝင်လျှင် ၎င်းအချက်အလက်ကို သုံး၍ *မည်သူမည်ဝါ ခွဲခြားဖော်ထုတ်နိုင်သည်*-

- ကလေး၏အမည်၊ ကလေး၏ မိဘ သို့မဟုတ် အခြားမိသားစုဝင်အမည်။
- ကလေး၏ လိပ်စာ။
- ကလေး၏ လူမှုဖူလုံရေး နံပါတ် သို့မဟုတ် ကျောင်းသားနံပါတ်ကဲ့သို့ ကိုယ်ပိုင်အိုင်ဒီ သို့မဟုတ်
- ကလေးအား ကျိုးကြောင်းဆီလျော်စွာ သေချာပေါက် ခွဲခြားသိရှိနိုင်စေမည့် ကိုယ်ပိုင် လက္ခဏာရပ်များ သို့မဟုတ် အခြား အချက်အလက်များ၏ စာရင်း။

## စာဖြင့် ကြိုတင်အသိပေးချက်

*စာဖြင့် ကြိုတင်အသိပေးချက်*သည် အထူးပညာရေး IEP လုပ်ငန်းစဉ်၏ တစ်စိတ်တစ်ပိုင်းအဖြစ် အဆိုပြုထားသော သို့မဟုတ် ပယ်ချထားသော လုပ်ဆောင်ချက်ကို မိဘများထံ အကြောင်းကြားခြင်းဖြစ်သည်။ မိဘများတွင် ၎င်းတို့၏ကလေးကို ခွဲခြားဖော်ထုတ်မှု၊ အကဲဖြတ်စစ်ဆေးမှု သို့မဟုတ် နေရာချထားမှုကိုဖြစ်စေ၊ သင့်လျော်သော အခမဲ့အစိုးရပညာရေး ပံ့ပိုးမှုကိုဖြစ်စေ စတင်ခြင်း သို့မဟုတ် ပြောင်းလဲခြင်းအပေါ် ခရိုင် သို့မဟုတ် နယ်မြေပညာရေးအေဂျင်စီ (AEA) က အဆိုပြုသည့် သို့မဟုတ် ပယ်ချသည့် အချိန်မတိုင်မီ စာဖြင့် ကြိုတင်အသိပေးချက်ကို လက်ခံရရှိပိုင်ခွင့်ရှိသည်။ ဤအသိပေးချက်ကို အဆိုပြုထားသော လုပ်ဆောင်ချက်တစ်ခုခု၏ သင့်တော်သော အချိန်ကာလအတွင်း ပေးပို့ရပါမည်။ အဆိုပြုချက် သို့မဟုတ် ပယ်ချချက်သည် IEP အဖွဲ့မှ တရားဝင် ဆုံးဖြတ်ချက်တစ်ခု ချမှတ်ပိုင်ခွင့်ရှိသော ကိစ္စရပ်တစ်ခုဖြစ်ရပါမည်။

# နောက်ဆက်တွဲ B- အတိုကောက်များ

| အတိုကောက် | ဝေါဟာရ |
|---|---|
| AEA | နယ်မြေပညာရေးအေဂျင်စီ |
| ALJ | စီမံအုပ်ချုပ်ရေး ဥပဒေတရားသူကြီး |
| BIP | အပြုအမူဆိုင်ရာ ကြားဝင်ကူညီရေး အစီအစဉ် |
| CIL | အမှီအခိုကင်းသော နေထိုင်မှု စင်တာ |
| ဌာန | Iowa ပညာရေးဌာန |
| IDEA | မသန်စွမ်းသူ ပညာရေး အက်ဥပဒေ |
| IEE | သီးခြားဆောင်ရွက်သော ပညာရေး အကဲဖြတ်ချက် |
| IEP | တစ်ဦးချင်း ပညာရေး ပရိုဂရမ် |
| FAPE | သင့်လျော်သော အခမဲ့အစိုးရပညာရေး |
| FERPA | မိသားစု ပညာရေးဆိုင်ရာ အခွင့်အရေးများနှင့် ကိုယ်ရေးလုံခြုံမှု အက်ဥပဒေ |
| LEA | ဒေသတွင်း ပညာရေးဆိုင်ရာ အေဂျင်စီ |
| MD | မသန်စွမ်းမှု၏ အကျိုးသက်ရောက်မှုကြောင့်ဟုတ်၊ မဟုတ် ဆုံးဖြတ်ခြင်း |
| PWN | စာဖြင့် ကြိုတင်အသိပေးချက် |
| SEA | ပြည်နယ် ပညာရေး အေဂျင်စီ |

# နောက်ဆက်တွဲ C- IDEA အပိုင်း B အစိုးရထောက်ပံ့ကြေး အကျိုးခံစားခွင့်များ သို့မဟုတ် အာမခံ အသုံးပြုမှုနှင့်စပ်လျဉ်းသော စာဖြင့်အသိပေးချက်

မသန်စွမ်းသူ ပညာရေးအက်ဥပဒေ (IDEA) ၏ အပိုင်း B အောက်တွင် သင်၏ ရပိုင်ခွင့်များနှင့် အကာအကွယ်များနှင့် ပတ်သက်သည့် အချက်အလက်များကို ဖော်ပြပေးရန် ဤစာဖြင့်ရေးသားထားသော အသိပေးချက်ကို သင်လက်ခံရရှိသောကြောင့် IDEA အောက်တွင် သင်နှင့် သင့်ကလေးအတွက် အခမဲ့ဖြင့် သင့်ကျောင်းခရိုင် သို့မဟုတ် AEA က ပံ့ပိုးပေးရန် လိုအပ်သည့် အထူးပညာရေးနှင့် ဆက်စပ် ဝန်ဆောင်မှုများအတွက် ငွေပေးချေရန်အလို့ငှာ သင်၏ သို့မဟုတ် သင့်ကလေး၏ အစိုးရ ထောက်ပံ့ကြေး အကျိုးခံစားခွင့်များ သို့မဟုတ် အာမခံကို အသုံးပြုရန်အတွက် သင့်ကျောင်းခရိုင် သို့မဟုတ် AEA ကို ခွင့်ပြုပေးရန် သင်၏ စာဖြင့်သဘောတူညီချက်ကို ပေးသင့်၊ မပေးသင့်နှင့် ပတ်သက်သည့် အသိပေး ဆုံးဖြတ်ချက်တစ်ခုကို ချမှတ်နိုင်ပါသည်။ သင့်ကျောင်းခရိုင် သို့မဟုတ် AEA က အထူးပညာရေးနှင့် ဆက်စပ် ဝန်ဆောင်မှုများအတွက် ငွေပေးချေရန် သင်၏ သို့မဟုတ် သင့်ကလေး၏ အစိုးရ ထောက်ပံ့ကြေး အကျိုးခံစားခွင့်များ သို့မဟုတ် အာမခံကို ပထမဆုံးအကြိမ် အသုံးပြုရန် ကြိုးပမ်းသည့်အခါ သင်၏ ရပိုင်ခွင့်များနှင့် အကာအကွယ်များကို IDEA က သင့်အား အသိပေးရန်လိုအပ်ပါသည်။

**မှတ်ချက်-** မိသားစုတိုင်းက Medicaid အတွက် သတ်မှတ်ချက်မပြည့်မီသော်လည်း Iowa ပညာရေးဌာနသည် လက်ခံရရှိသင့်သော မိဘအားလုံးက အသိပေးချက်ကို လက်ခံရရှိကြောင်း သေချာစေရန်အတွက် ဤလုပ်ထုံးလုပ်နည်းအရ အကာအကွယ်များ လက်စွဲစာအုပ်တွင် အဆိုပါလိုအပ်သော အသိပေးချက်ကို ထည့်သွင်းပေးထားပါသည်။

## အသိပေးချက်ဆိုင်ရာ လိုအပ်ချက်များ

ဤအသိပေးချက်ကို သင်လက်ခံရရှိမည့်အချိန်နှင့် အသိပေးချက်တွင် ပါဝင်ရမည့် အချက်အလက်များကို အောက်ဖော်ပြပါ အပိုင်းများတွင် ရှင်းပြထားပါသည်။

- သင်သည် ဤအသိပေးချက်ကို- သင့်ကျောင်းခရိုင် သို့မဟုတ် AEA က သင်၏ သို့မဟုတ် သင့်ကလေး၏ အစိုးရထောက်ပံ့ကြေး အကျိုးခံစားခွင့်များ သို့မဟုတ် အာမခံကို ပထမဆုံးအကြိမ် အသုံးပြုရန် မကြိုးစားမီနှင့် ၎င်းက ဤအကျိုးခံစားခွင့်များ သို့မဟုတ် အာမခံကို ပထမဆုံးအကြိမ် အသုံးပြုရန် သင်၏သဘောတူညီချက်ကို မရယူမီ (သဘောတူညီချက်ဆိုင်ရာ လိုအပ်ချက်ကို အောက်တွင်ဖော်ပြထားသည်) တွင် လက်ခံရရှိရမည်ဖြစ်ပြီး
- ယင်းနောက်တွင် **နှစ်စဉ်** လက်ခံရရှိရပါမည်။

ဤအသိပေးချက်သည်-

- စာဖြင့်ရေးသားဖော်ပြချက် ဖြစ်ရမည်။
- အများပြည်သူ နားလည်နိုင်သော ဘာသာစကားဖြင့် ဖြစ်ရပါမည်၊ ထို့ပြင်
- လုပ်ဆောင်ရန် သေချာပေါက်မဖြစ်နိုင်ခြင်း မဟုတ်လျှင် ၎င်းကို သင့်မိခင်ဘာသာစကား သို့မဟုတ် အခြားဆက်သွယ်မှုပုံစံဖြင့် ဖော်ပြပေးရမည်။

ဤအသိပေးချက်သည် အောက်ဖော်ပြပါတို့ကို ရှင်းပြပါမည်-

- သင့်ကျောင်းခရိုင် သို့မဟုတ် AEA က သင်၏ သို့မဟုတ် သင့်ကလေး၏ အစိုးရထောက်ပံ့ကြေး အကျိုးခံစားခွင့်များ သို့မဟုတ် အာမခံကို ပထမဆုံးအကြိမ် အသုံးမပြုနိုင်မီ သင့်ထံမှ ရယူရမည့် သဘောတူညီချက်။
- သင့်ကျောင်းခရိုင် သို့မဟုတ် AEA သည် သင်၏ သို့မဟုတ် သင့်ကလေး၏ အစိုးရထောက်ပံ့ကြေး အကျိုးခံစားခွင့်များ သို့မဟုတ် အာမခံကို အသုံးပြုရန် ကြိုးပမ်းပါက ၎င်းနှင့်သက်ဆိုင်သည့် IDEA ၏ "အခမဲ့ဝန်ဆောင်မှုပေးခြင်း" ဆိုင်ရာ ပြဋ္ဌာန်းချက်များ။
- သင့်ကလေး၏ မည်သူမည်ဝါ ခွဲခြားဖော်ထုတ်နိုင်သော အချက်အလက်များကို သင့်ပြည်နယ်၏ အစိုးရထောက်ပံ့ကြေး အကျိုးခံစားခွင့်များ သို့မဟုတ် အာမခံ ပရိုဂရမ် အေဂျင်စီသို့ ထုတ်ပြောရန် သင်ပေးအပ်ထားသော သဘောတူညီချက်ကို အချိန်မရွေး ရုပ်သိမ်းပိုင်ခွင့်နှင့်
- သင်က သင်၏သဘောတူညီချက်ကို ရုပ်သိမ်းထားလျှင်တောင်မှ သို့မဟုတ် သဘောတူညီချက် ပေးဆောင်ရန် ငြင်းပယ်ထားလျှင်တောင်မှ သင် သို့မဟုတ် သင့်ကလေးအတွက် အခမဲ့ဖြင့် လိုအပ်သော အထူးပညာရေးနှင့် ဆက်စပ် ဝန်ဆောင်မှုအားလုံးကို သင့်ကလေးအား ပံ့ပိုးထားကြောင်း သေချာစေရန်အတွက် သင့်ကျောင်းခရိုင်၏ ဆက်လက် တာဝန်ရှိမှု။

## သဘောတူညီချက်ဆိုင်ရာ လိုအပ်ချက်များ

သင် သို့မဟုတ် သင့်ကလေးအတွက် အခမဲ့ဖြင့် သင့်ကလေးအား ပံ့ပိုးပေးရန် လိုအပ်သည့် IDEA အောက်ရှိ ဝန်ဆောင်မှုများအတွက် ငွေပေးချေရန် သင့်ကျောင်းခရိုင် သို့မဟုတ် AEA သည် ယခင်က သင်၏ အစိုးရ ထောက်ပံ့ကြေး အကျိုးခံစားခွင့်များ သို့မဟုတ် အာမခံကို ဝင်ရောက်မသုံးစွဲခဲ့ပါက အောက်တွင်ဖော်ပြထားသော မိဘ သဘောတူညီချက်ဆိုင်ရာ လိုအပ်ချက်အားလုံးက အကျုံးဝင်ပါသည်။

သင့်ကျောင်းခရိုင် သို့မဟုတ် AEA က IDEA အောက်ရှိ အထူးပညာရေးနှင့် ဆက်စပ် ဝန်ဆောင်မှုများအတွက် ငွေပေးချေရန် သင်၏ သို့မဟုတ် သင့်ကလေး၏ အစိုးရထောက်ပံ့ကြေး အကျိုးခံစားခွင့်များ သို့မဟုတ် အာမခံကို ပထမဆုံးအကြိမ် အသုံးမပြုနိုင်မီ သင်၏ လက်မှတ်ရေးထိုးထားပြီး ရက်စွဲတပ်ထားသည့်

စာဖြင့်သဘောတူညီချက်ကို ရယူရပါမည်။ ယေဘုယျအားဖြင့် သင့်ကျောင်းခရိုင် သို့မဟုတ် AEA သည် သင်လက်မှတ်ရေးထိုးပြီး ရက်စွဲတပ်ရမည့် သဘောတူညီချက်ပုံစံတစ်ခုကို သင့်ထံ ပေးပို့ပါမည်။ သင့်ကျောင်းခရိုင် သို့မဟုတ် AEA သည် သင့်သဘောတူညီချက်ကို ရယူရန် တစ်ကြိမ်သာလိုအပ်ကြောင်းကို မှတ်သားထားပါ။

ဤသဘောတူညီချက်ဆိုင်ရာ လိုအပ်ချက်တွင် အပိုင်းနှစ်ပိုင်းရှိပါသည်။

1. **သင့်ပြည်နယ်၏ အစိုးရထောက်ပံ့ကြေး အကျိုးခံစားခွင့်များ သို့မဟုတ် အာမခံ ပရိုဂရမ်ကို စီမံခန့်ခွဲရမည့် တာဝန်ရှိသော ပြည်နယ် အေဂျင်စီထံသို့ သင့်ကလေး၏ မည်သူမည်ဝါ ခွဲခြားဖော်ထုတ်နိုင်သော အချက်အလက်များကို ထုတ်ပြောရန်အတွက် သဘောတူညီချက်**

   ဖက်ဒရယ် ဥပဒေ—မိသားစု ပညာရေးဆိုင်ရာ အခွင့်အရေးများနှင့် ကိုယ်ရေးလုံခြုံမှု အက်ဥပဒေ (FERPA) နှင့် IDEA ရှိ အချက်အလက် လျှို့ဝှက်ထားရှိမှု ပြဋ္ဌာန်းချက်များ—အရ သင့်ကျောင်းခရိုင် သို့မဟုတ် AEA သည် ခြွင်းချက်အချို့ဖြင့် သင့်ကလေး၏ ပညာရေးဆိုင်ရာ မှတ်တမ်းများမှ မည်သူမည်ဝါ ခွဲခြားဖော်ထုတ်နိုင်သော အချက်အလက်များ (သင့်ကလေး၏ အမည်၊ လိပ်စာ၊ လူမှုဖူလုံရေးနံပါတ်၊ ကျောင်းသားနံပါတ်၊ IEP သို့မဟုတ် အကဲဖြတ်စစ်ဆေးမှု ရလဒ်များကဲ့သို့) ကို သင့်ကျောင်းခရိုင် သို့မဟုတ် AEA မဟုတ်သည့် အခြားပါတီတစ်ခုသို့ ထုတ်ပြောခြင်းမပြုမီ သင်၏ စာဖြင့်သဘောတူညီချက်ကို ရယူရန် လိုအပ်ပါသည်။ ထိုအခြေအနေတွင် သင့်ကျောင်းခရိုင် သို့မဟုတ် AEA သည် ငွေတောင်းခံရန် ရည်ရွယ်ချက်များအတွက် မည်သူမည်ဝါ ခွဲခြားဖော်ထုတ်နိုင်သော အချက်အလက်များကို အစိုးရထောက်ပံ့ကြေး အကျိုးခံစားခွင့်များ သို့မဟုတ် အာမခံ ပရိုဂရမ်ကို စီမံခန့်ခွဲသည့် အစိုးရအေဂျင်စီဖြစ်သော ပြည်သူ့ဝန်ဆောင်မှုဌာနထံသို့ ထုတ်ဖော်ခြင်း မပြုမီ သင်၏ သဘောတူညီချက်ကို ရယူရန် လိုအပ်ပါသည်။ သင်၏သဘောတူညီချက်တွင် သင့်ကျောင်းခရိုင် သို့မဟုတ် AEA က ထုတ်ဖော်နိုင်သော မည်သူမည်ဝါ ခွဲခြားဖော်ထုတ်နိုင်သော အချက်အလက်များ (ဥပမာ- သင့်ကလေးအား ပံ့ပိုးပေးနိုင်သည့် ဝန်ဆောင်မှုများနှင့် ပတ်သက်သည့် မှတ်တမ်းများ သို့မဟုတ် အချက်အလက်များ)၊ ထုတ်ဖော်ခြင်း၏ ရည်ရွယ်ချက် (ဥပမာ- အထူးပညာရေးနှင့် ဆက်စပ် ဝန်ဆောင်မှုများအတွက် ငွေတောင်းခံခြင်း) နှင့် သင့်ကျောင်းခရိုင် သို့မဟုတ် AEA က အချက်အလက်များကို ထုတ်ဖော်ပြောနိုင်သည့် အေဂျင်စီ (ဥပမာ- အစိုးရထောက်ပံ့ကြေး အကျိုးခံစားခွင့်များ သို့မဟုတ် အာမခံ ပရိုဂရမ်ကို စီမံခန့်ခွဲသည့် သင့်ပြည်နယ်အတွင်းရှိ Medicaid သို့မဟုတ် အခြားအေဂျင်စီ) တို့ကို သတ်မှတ်ဖော်ပြပေးရပါမည်။ သင်က သဘောတူညီချက်ပေးရန် ရွေးချယ်ပြီး သင့်ကလေး၏ မည်သူမည်ဝါ ခွဲခြားဖော်ထုတ်နိုင်သော အချက်အလက်များကို ပြည်သူ့ဝန်ဆောင်မှုဌာနသို့ ထုတ်ဖော်ထားပါက သင့်ကျောင်းခရိုင် သို့မဟုတ် AEA ထံမှ အဆိုပါအေဂျင်စီသို့ ထုတ်ဖော်ထားသော မှတ်တမ်းများ၏ မိတ္တူကို တောင်းဆိုနိုင်ပြီး လက်ခံရရှိနိုင်ပါသည်။

2. **အစိုးရထောက်ပံ့ကြေးအကျိုးခံစားခွင့်များ သို့မဟုတ် အာမခံကို ရယူအသုံးပြုခွင့် ထုတ်ပြန်ချက်**

   သင့်သဘောတူညီချက်တွင် IDEA အောက်ရှိ အထူးပညာရေးနှင့် ဆက်စပ်ဝန်ဆောင်မှုများ ဖြစ်ကြသည့် 34 CFR အပိုင်း 300 အရ ပံ့ပိုးသော ဝန်ဆောင်မှုများအတွက် ငွေပေးချေရန် သင့်ကျောင်းခရိုင် သို့မဟုတ် AEA သည် သင်၏ သို့မဟုတ် သင့်ကလေး၏ အစိုးရထောက်ပံ့ကြေး အကျိုးခံစားခွင့်များ သို့မဟုတ် အာမခံကို အသုံးပြုနိုင်ကြောင်းကို သင်သိရှိနားလည်ပြီး သဘောတူကြောင်း ဖော်ပြသည့် ထုတ်ပြန်ချက် တစ်ခုပါရှိရပါမည်။

ဤသဘောတူညီချက်ဆိုင်ရာ လိုအပ်ချက်ပါ အပိုင်းနှစ်ရပ်စလုံးသည် IDEA အောက်တွင် သင့်ကလေးအား ဝန်ဆောင်မှုပေးရန် တာဝန်ရှိသည့် ကျောင်းခရိုင် သို့မဟုတ် AEA နှင့် သက်ဆိုင်ပါသည်။ ဥပမာ- သင့်ကလေးအား ကျောင်းခရိုင်တစ်ခုတည်းရှိ ကျောင်းအသစ်သို့ ပြောင်းရွှေ့လိုက်ပါက အဆိုပါ ကျောင်းခရိုင်ကပင် IDEA အောက်တွင် သင့်ကလေးအား ဝန်ဆောင်မှုပေးရန် တာဝန်ရှိနေသေးသောကြောင့် သင့်အနေဖြင့် သဘောတူညီချက် အသစ်တစ်ခုကို ပေးအပ်ရန် မလိုအပ်ပါ။ သို့သော် သင်သည် သင့်ကလေးအား ကျောင်းခရိုင်အသစ်ရှိ ကျောင်းအသစ်တွင် ကျောင်းအပ်ပါက IDEA အောက်တွင် သင့်ကလေးအား ဝန်ဆောင်မှုပေးရန် တာဝန်ရှိသော ကျောင်းခရိုင်အသစ်သည် သင့်ကလေး၏ အစိုးရထောက်ပံ့ကြေး အကျိုးခံစားခွင့်များ သို့မဟုတ် အာမခံ ပရိုဂရမ်ကို ပထမဆုံးအကြိမ် ငွေမတောင်းခံနိုင်မီ သင့်ထံမှ သဘောတူညီချက် အသစ်တစ်ခုကို ရယူရပါမည်။ သင့်ကလေး၏ ကျောင်းခရိုင်အသစ်သို့ သင်ပေးအပ်မည့် သဘောတူညီချက်တွင် အထက်တွင် ဖော်ပြထားသည့် သဘောတူညီချက်အပိုင်းနှစ်ရပ်လုံး ပါရှိရပါမည်။ အလားတူ ဆန်းစစ်ချက်သည် သင်၏ AEA မှ ပံ့ပိုးပေးထားသော ဝန်ဆောင်မှုများနှင့်လည်း သက်ဆိုင်ပါသည်။ သင်သည် တူညီသော AEA အတွင်းရှိ အခြားခရိုင်တစ်ခုသို့ ပြောင်းရွှေ့သွားပါက AEA ဝန်ဆောင်မှုများအတွက် သဘောတူညီချက် အသစ်တစ်ခုကို ပေးအပ်ရန် မလိုအပ်ပါ။

## ယခင်သဘောတူညီချက်

IDEA အောက်ရှိ အထူးပညာရေးနှင့် ဆက်စပ်ဝန်ဆောင်မှုများအတွက် ငွေပေးချေရန်အတွက် သင်၏ သို့မဟုတ် သင့်ကလေး၏ အစိုးရထောက်ပံ့ကြေး အကျိုးခံစားခွင့်များ သို့မဟုတ် အာမခံကို အသုံးပြုရန် သင်က သင့်ကျောင်းခရိုင် သို့မဟုတ် AEA အား ယခင်က သဘောတူညီချက်ပေးခဲ့ပါက သင့်ကျောင်းခရိုင် သို့မဟုတ် AEA သည် အောက်ဖော်ပြပါ အခြေအနေနှစ်ရပ်နှင့် ကိုက်ညီလျှင် သင့်ထံမှ သဘောတူညီချက်အသစ်ကို ရယူရန် မလိုအပ်ပါ-

1. အောက်ဖော်ပြပါတစ်ခုခုတွင် ပြောင်းလဲမှု မရှိပါက- သင့်ကလေးအား ပေးဆောင်မည့် ဝန်ဆောင်မှု အမျိုးအစား (ဥပမာအားဖြင့် ကာယကုထုံး သို့မဟုတ် စကားပြောကုထုံး)၊ သင့်ကလေးအား ပေးဆောင်မည့် ဝန်ဆောင်မှု ပမာဏ (ဥပမာအားဖြင့် စာသင်နှစ်အတွက် တစ်ပတ်လျှင် ကြာမြင့်သည့် နာရီပေါင်း) သို့မဟုတ် ဝန်ဆောင်မှုများဆိုင်ရာ ကုန်ကျစရိတ် (ဆိုလိုသည်မှာ- အစိုးရထောက်ပံ့ကြေးအကျိုးခံစားခွင့်များ သို့မဟုတ် အာမခံ ပရိုဂရမ်သို့ ကောက်ခံသည့် ပမာဏ)။ ၎င်းအပြင်
2. သင့်ကျောင်းခရိုင် သို့မဟုတ် AEA သည် သင်ယခင်က ပေးထားသည့် သဘောတူညီချက်ကို မှတ်တမ်းဖိုင်တွဲထားပါက။ ဤယခင်သဘောတူညီချက်သည် ယခင် IDEA စည်းမျဉ်းများအောက်တွင် အကျုံးဝင်ခဲ့သည့် သတ်မှတ်ချက်များနှင့် ကိုက်ညီရမည်ဖြစ်ပြီး သင့်ကျောင်းခရိုင် သို့မဟုတ် AEA သည် အဆိုပါ ယခင်စည်းမျဉ်းများအရ ကျင့်သုံးရမည့် သတ်မှတ်ချက်များကို သိရှိရပါမည်။ သင့်ကျောင်းခရိုင် သို့မဟုတ် AEA က မှတ်တမ်းဖိုင်တွဲထားနိုင်သည့် ယခင်သဘောတူညီချက်တစ်ခုကို ဥပမာပြရလျှင် Iowa ၏ Medicaid အေဂျင်စီကဲ့သို့ အခြားအေဂျင်စီသို့ တိုက်ရိုက်ပေးထားသည့် သင့်ထံမှ မိဘ သဘောတူညီချက်တစ်ခုဖြစ်ပါသည်။

သင့်ကျောင်းခရိုင် သို့မဟုတ် AEA သည် သင့်ထံမှ သဘောတူညီချက် အသစ်တစ်ခုကို ရယူရန် မလိုအပ်လျှင်တောင်မှ IDEA အောက်ရှိ အထူးပညာရေးနှင့် ဆက်စပ်ဝန်ဆောင်မှုများအတွက် ငွေပေးချေရန် သင်၏ သို့မဟုတ် သင့်ကလေး၏ အစိုးရထောက်ပံ့ကြေး အကျိုးခံစားခွင့်များ သို့မဟုတ် အာမခံ ပရိုဂရမ်သို့ ဆက်လက်ငွေတောင်းခံခြင်းမပြုမီ သင့်ကျောင်းခရိုင် သို့မဟုတ် AEA က ဤအသိပေးချက်ကို သင့်အားဆက်လက်ပေးပို့ရမည်။

သင့်ကျောင်းခရိုင် သို့မဟုတ် AEA သည် IDEA အောက်ရှိ အထူးပညာရေးနှင့် ဆက်စပ် ဝန်ဆောင်မှုများအတွက် ငွေပေးချေရန်အတွက် သင်၏ သို့မဟုတ် သင့်ကလေး၏ အစိုးရထောက်ပံ့ကြေး အကျိုးခံစားခွင့်များ သို့မဟုတ် အာမခံ ပရိုဂရမ်ကို အသုံးပြုရန် သင်၏ သဘောတူညီချက်ကို မှတ်တမ်းဖိုင်တွဲထားပြီးဖြစ်ပါက သင့်ကျောင်းခရိုင် သို့မဟုတ် AEA သည် အောက်ဖော်ပြပါတစ်ခုခုတွင် ပြောင်းလဲမှုရှိလာသည့်အခါ သဘောတူညီချက် အသစ်တစ်ခုကို ပေးရန် သင့်ထံမှ တောင်းဆိုရပါမည်- အမျိုးအစား (ဥပမာအားဖြင့် ကာယကုထုံး သို့မဟုတ် စကားပြောကုထုံး)၊ ပမာဏ (ဥပမာအားဖြင့် စာသင်နှစ်အတွက် တစ်ပတ်လျှင် ကြာမြင့်သည့် နာရီပေါင်း) သို့မဟုတ် ဝန်ဆောင်မှုများဆိုင်ရာ ကုန်ကျစရိတ် (ဆိုလိုသည်မှာ- အစိုးရထောက်ပံ့ကြေး အကျိုးခံစားခွင့်များ သို့မဟုတ် အာမခံ ပရိုဂရမ်သို့ ကောက်ခံသည့် ပမာဏ)။

သင့်ကလေးသည် ကာယကုထုံးအပြင် စကားပြောကုထုံးကိုပါ ခံယူရမည်ဖြစ်သောကြောင့် သင်၏ အစိုးရထောက်ပံ့ကြေး အကျိုးခံစားခွင့်များ သို့မဟုတ် အာမခံ ပရိုဂရမ်သို့ ငွေတောင်းခံသည့် ဝန်ဆောင်မှုများ မတူညီသည်မှာ ဝန်ဆောင်မှုအမျိုးအစား ပြောင်းလဲမှု ဥပမာတစ်ခု ဖြစ်ပါသည်။ သင့်ကလေးသည် ယခင်က ကာယကုထုံးကို တစ်ပတ်လျှင် သုံးနာရီ ခံယူခဲ့ရပြီး ယခုအခါ တစ်ပတ်လျှင် နှစ်နာရီ ခံယူရမည်ဆိုပါက ဝန်ဆောင်မှု ပမာဏ ပြောင်းလဲမှု ဥပမာတစ်ခု ဖြစ်ပါသည်။ သီးခြားဝန်ဆောင်မှုတစ်ခုအတွက် အစိုးရထောက်ပံ့ကြေး အကျိုးခံစားခွင့်များ သို့မဟုတ် အာမခံ ပရိုဂရမ်သို့ တောင်းခံသည့် ပမာဏ တိုးလာပါက သို့မဟုတ် လျော့သွားပါက သင့်ကလေး၏ ဝန်ဆောင်မှုများဆိုင်ရာ ကုန်ကျစရိတ်တွင် ပြောင်းလဲမှု ဥပမာတစ်ခု ဖြစ်ပါသည်။

ဤပြောင်းလဲမှု တစ်စုံတစ်ရာဖြစ်ပေါ်ပါက သင့်ကျောင်းခရိုင် သို့မဟုတ် AEA သည် IDEA အောက်ရှိ အထူးပညာရေးနှင့် ဆက်စပ် ဝန်ဆောင်မှုများအတွက် ငွေပေးချေရန် သင်၏ သို့မဟုတ် သင့်ကလေး၏ အစိုးရထောက်ပံ့ကြေး အကျိုးခံစားခွင့်များ သို့မဟုတ် အာမခံကို ရယူသုံးစွဲနိုင်ကြောင်း သင်က နားလည် သဘောတူညီသည်ဟု ဖော်ပြထားသော တစ်ကြိမ်သုံး သဘောတူညီချက်ကို သင့်ကျောင်းခရိုင် သို့မဟုတ် AEA က သင့်ထံမှ ရယူရပါမည်။ သင့်ကျောင်းခရိုင် သို့မဟုတ် AEA သို့ တစ်ကြိမ်သုံး သဘောတူညီချက်အသစ်ကို သင်က မပေးအပ်မီတွင် သင့်ကျောင်းခရိုင် သို့မဟုတ် AEA သည် သင့်အား ဤအသိပေးချက်ကို ပေးပို့ရပါမည်။ ဤတစ်ကြိမ်သုံး သဘောတူညီချက်ကို သင်ပေးပြီးသည်နှင့် နောင်တွင် သင့်ကလေး၏ ဝန်ဆောင်မှုများ ပြောင်းလဲသွားပါက ၎င်းအတွက် သင်၏ သို့မဟုတ် သင့်ကလေး၏ အစိုးရထောက်ပံ့ကြေး အကျိုးခံစားခွင့်များ သို့မဟုတ် အာမခံကို ရယူသုံးစွဲရန် ထပ်ဆောင်း သဘောတူညီချက် မှန်သမျှကို သင့်ကျောင်းခရိုင် သို့မဟုတ် AEA သို့ ပေးအပ်ရန် မလိုအပ်ပါ။ သို့ရာတွင် သင့်ကျောင်းခရိုင် သို့မဟုတ် AEA သည် သင့်ဆီသို့ ဤအသိပေးချက်ကို နှစ်စဉ်ဆက်လက်ပေးပို့ရပါမည်။

## အခမဲ့ ပံ့ပိုးမှုများ

အစိုးရထောက်ပံ့ကြေး အကျိုးခံစားခွင့်များ သို့မဟုတ် အာမခံ အသုံးပြုမှုနှင့် ပတ်သက်သည့် IDEA ၏ "အခမဲ့" ကာကွယ်ပေးမှုများမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

1. သင့်ကလေးအတွက် FAPE ကို လက်ခံရရှိရန် သင်က အစိုးရထောက်ပံ့ကြေး အကျိုးခံစားခွင့်များ သို့မဟုတ် အာမခံ ပရိုဂရမ်တွင် မဖြစ်မနေ အကောင့်ဖွင့်ထားရမည် သို့မဟုတ် စာရင်းသွင်းထားရမည်ဟု သင့်ကျောင်းခရိုင် သို့မဟုတ် AEA က သတ်မှတ်ထား၍မရနိုင်ပါ။ ဆိုလိုသည်မှာ သင့်ကျောင်းခရိုင် သို့မဟုတ် AEA သည် အစိုးရထောက်ပံ့ကြေး အကျိုးခံစားခွင့်များ သို့မဟုတ် အာမခံ ပရိုဂရမ်တွင် သင်၏စာရင်းသွင်းထားမှုကို သင် သို့မဟုတ် သင့်ကလေးအတွက် အခမဲ့ဖြင့် IDEA အရ သင့်ကလေးအား ၎င်းပံ့ပိုးရန်လိုသည့် ဝန်ဆောင်မှုများကို သင့်ကလေးအား ထောက်ပံ့ပေးရန် အခြေအနေတစ်ရပ်အနေဖြင့် သတ်မှတ်ထား၍မရသည့် သဘောဖြစ်သည်။
2. သင့်ကျောင်းခရိုင် သို့မဟုတ် AEA သည် အခကြေးငွေမယူဘဲ သင့်ကလေးအား တစ်နည်းအားဖြင့် ပံ့ပိုးပေးရန် လိုအပ်သည့် ဝန်ဆောင်မှုများအတွက် တောင်းဆိုချက်တစ်ခုကို တင်သွင်းခြင်းကြောင့် အာမခံကနဦးနုတ်ယူငွေ သို့မဟုတ် စရိတ်မျှခံငွေ ပမာဏကို ပေးချေခြင်းကဲ့သို့ အိတ်စိုက် ကုန်ကျငွေကို သင်ပေးဆောင်ရမည်ဟု သင့်ကျောင်းခရိုင် သို့မဟုတ် AEA က သတ်မှတ်ထား၍မရနိုင်ပါ။ ဥပမာအားဖြင့် သင့်ကလေး၏ IEP တွင် စကားပြော ကုထုံးပါဝင်ပြီး သင့်အာမခံသည် အကဲဖြတ်မှုခံယူချိန်တစ်ခုအတွက် စရိတ်မျှခံငွေ သို့မဟုတ် အာမခံကနဦးနုတ်ယူငွေ $25 လိုအပ်ပါက သင့်ထံမှ $25 ကို ကောက်ခံ၍မရနိုင်ပါ။ သီးခြားဝန်ဆောင်မှုတစ်ခုအတွက် သင်၏ သို့မဟုတ် သင့်ကလေး၏ အစိုးရထောက်ပံ့ကြေး အကျိုးခံစားခွင့်များ သို့မဟုတ် အာမခံ ပရိုဂရမ်ထံမှ ငွေတောင်းခံရန်အလို့ငှာ သင့်ကျောင်းခရိုင် သို့မဟုတ် AEA သည် သင်၏ စရိတ်မျှခံငွေ သို့မဟုတ် အာမခံကနဦးနုတ်ယူငွေ ကုန်ကျစရိတ်ကို ပေးဆောင်ရန် လိုအပ်ပါမည်။
3. သင်၏ သို့မဟုတ် သင့်ကလေး၏ အစိုးရထောက်ပံ့ကြေး အကျိုးခံစားခွင့်များ သို့မဟုတ် အာမခံကို အသုံးပြုခြင်းက အောက်ပါအခြေအနေများကို ဖြစ်စေပါက သင့်ကျောင်းခရိုင် သို့မဟုတ် AEA သည် ထိုအကျိုးခံစားခွင့်များ သို့မဟုတ် အာမခံကို အသုံးပြုနိုင်မည် မဟုတ်ပါ-
    a. သင့်အစီအစဉ်တွင် ခွင့်ပြုနိုင်သည့် သင့်ကလေးရရှိသော ကာယကုထုံး အကဲဖြတ်မှုခံယူချိန်ပမာဏကို လျှော့ချခြင်း သို့မဟုတ် သင့်အစီအစဉ်တွင် ခွင့်ပြုနိုင်သည့် စိတ်ကျန်းမာရေး ဝန်ဆောင်မှု အကဲဖြတ်မှုခံယူချိန်ပမာဏကို လျှော့ချခြင်းကဲ့သို့ သင်တစ်သက်တာရရှိနိုင်သော အကျုံးဝင်မှု သို့မဟုတ် အခြားအာမခံထားသော အကျိုးခံစားခွင့် လျှော့ချခံရခြင်း။
    b. သင့်ကလေးသည် ၎င်း၏ ကျောင်းချိန်ပြင်ပတွင်လည်း အဆိုပါ ဝန်ဆောင်မှုများကို လိုအပ်သောကြောင့် သင်၏ အစိုးရထောက်ပံ့ကြေး အကျိုးခံစားခွင့်များ သို့မဟုတ် အာမခံ ပရိုဂရမ်တွင် တစ်နည်းအားဖြင့် အကျုံးဝင်နိုင်မည့် ဝန်ဆောင်မှုများအတွက် သင်က အခကြေးငွေပေးရခြင်း။

c. သင့်ပရီမီယံကြေးကို တိုးမြှင့်ပေးသွင်းရခြင်း သို့မဟုတ် သင်၏ အစိုးရထောက်ပံ့ကြေး အကျိုးခံစားခွင့်များ သို့မဟုတ် အာမခံ ပယ်ဖျက်ခံရခြင်း သို့မဟုတ်
d. ကျန်းမာရေးနှင့် ဆက်စပ်သည့် စုစုပေါင်းအသုံးစရိတ်များအပေါ် အခြေခံသည့် နေအိမ်နှင့် လူမှုအသိုင်းအဝိုင်းဦးစားပေး လျှော့ပေါ့မှုများအတွက် သင်၏ သို့မဟုတ် သင့်ကလေး၏ သတ်မှတ်ချက်ပြည့်မီမှု ဆုံးရှုံးနိုင်ခြေရှိခြင်း။

## သဘောတူညီချက် ရုပ်သိမ်းခြင်း

အစိုးရထောက်ပံ့ကြေး အကျိုးခံစားခွင့်များ သို့မဟုတ် အာမခံ ပရိုဂရမ်ကို ရယူအသုံးပြုရန် ရည်ရွယ်၍ သင့်ကျောင်းခရိုင် သို့မဟုတ် AEA က သင့်ကလေး၏ မည်သူမည်ဝါ ခွဲခြားဖော်ထုတ်နိုင်သော အချက်အလက်များကို ပြည်သူ့ဝန်ဆောင်မှုဌာနသို့ ထုတ်ပြောနိုင်စေရန် သင်က သဘောတူညီချက် ပေးထားပါက သင့်တွင် 34 CFR အပိုင်း 99 (FERPA စည်းမျဉ်းများ) နှင့် 34 CFR အပိုင်း 300 (IDEA စည်းမျဉ်းများ) အရ ထိုသဘောတူညီချက်ကို အချိန်မရွေး ရုပ်သိမ်းပိုင်ခွင့်ရှိသည်။

သင့်ကျောင်းခရိုင် သို့မဟုတ် AEA ကို IDEA အောက်ရှိ အထူးပညာရေးနှင့် ဆက်စပ် ဝန်ဆောင်မှုများအတွက် သင်၏ သို့မဟုတ် သင့်ကလေး၏ အစိုးရထောက်ပံ့ကြေး အကျိုးခံစားခွင့်များ သို့မဟုတ် အာမခံ ပရိုဂရမ်ထံမှ ဆက်လက်ငွေမတောင်းခံစေလိုပါက သင့်ကျောင်းခရိုင် သို့မဟုတ် AEA က သင့်ကလေး၏ မည်သူမည်ဝါ ခွဲခြားဖော်ထုတ်နိုင်သော အချက်အလက်များကို ပြည်သူ့ဝန်ဆောင်မှုဌာနသို့ ထုတ်ပြောနိုင်စေရန် သင်ပေးအပ်ထားသော သဘောတူညီချက်ကို ပြန်လည်ရုပ်သိမ်းရန် လိုအပ်ပါမည်။ သို့သော် FERPA နှင့် IDEA စည်းမျဉ်းများတွင် သင့်ကလေး၏ မည်သူမည်ဝါ ခွဲခြားဖော်ထုတ်နိုင်သော အချက်အလက်များကို ထုတ်ပြောခွင့် သဘောတူညီချက်အား ရုပ်သိမ်းရန် လုပ်ထုံးလုပ်နည်းများ မပါဝင်ပါ။ သင်၏ သဘောတူညီချက်ကို ရုပ်သိမ်းလိုပါက သင်လိုက်နာဆောင်ရွက်ရန် လိုအပ်မည့် လုပ်ထုံးလုပ်နည်းများအကြောင်းကို သင့်ကျောင်းခရိုင် သို့မဟုတ် AEA ထံ မေးမြန်းသင့်ပါသည်။ ဥပမာအားဖြင့် သင့်ကျောင်းခရိုင် သို့မဟုတ် AEA သည် သင့်အား သင်၏ရုပ်သိမ်းခွင့် တောင်းဆိုချက်ကို စာဖြင့်ရေးသား ပေးပို့ခိုင်းနိုင်သည်။

## သင့်သဘောတူညီချက်ကို ပေးရန် သင်ငြင်းဆိုပြီးနောက် သို့မဟုတ် သင့်သဘောတူညီချက်ကို သင်ရုပ်သိမ်းပြီးနောက် မည်သို့ဖြစ်မည်နည်း။

သင်၏ သဘောတူညီမှု မရှိဘဲ သင့်ကျောင်းခရိုင် သို့မဟုတ် AEA သည် သင် သို့မဟုတ် သင့်ကလေးအတွက် အခမဲ့ဖြင့် IDEA အရ သင့်ကလေးအား ပံ့ပိုးပေးရန် လိုအပ်သည့် အထူးပညာရေးနှင့် ဆက်စပ် ဝန်ဆောင်မှုများအတွက် ငွေပေးချေရန် သင်၏ သို့မဟုတ် သင့်ကလေး၏ အစိုးရ ထောက်ပံ့ကြေး အကျိုးခံစားခွင့်များ သို့မဟုတ် အာမခံ ပရိုဂရမ်ကို ငွေတောင်းခံ၍ မရနိုင်ပါ။ သင်သည် FERPA နှင့် IDEA စည်းမျဉ်းများအရ သင့်သဘောတူညီချက်ကို ရုပ်သိမ်းပါက သို့မဟုတ် သဘောတူညီချက်ပေးရန် ငြင်းပယ်ပါက သင့်ကလေး၏ IDEA အောက်တွင် တစ်နည်းအားဖြင့် သူ/သူမခံစားခွင့်ရှိသည့် အထူးပညာရေးနှင့် ဆက်စပ် ဝန်ဆောင်မှုများအတွက် သင့်ကလေးကို ပယ်ချရန်အလို့ငှာ မည်သူမည်ဝါ ခွဲခြားဖော်ထုတ်နိုင်သော အချက်အလက်များကို အစိုးရထောက်ပံ့ကြေး အကျိုးခံစားခွင့် သို့မဟုတ် အာမခံ ပရိုဂရမ်ထံ ထုတ်ပြောနိုင်စေရန် ပေးအပ်ထားသော သင့်သဘောတူညီချက်ကို ရုပ်သိမ်းမှု သို့မဟုတ် သဘောတူညီချက်ပေးရန် ငြင်းပယ်မှုအား သင့်ကျောင်းခရိုင် သို့မဟုတ် AEA က အသုံးပြု၍မရနိုင်ပါ။ ထို့ကြောင့် သင်သည် သဘောတူညီချက် ပေးရန် ငြင်းပယ်ပါက သို့မဟုတ် သဘောတူညီချက်ကို ရုပ်သိမ်းပါက သင့်ကိုဖြစ်စေ၊ သင့်ကလေးကိုဖြစ်စေ ငွေကောက်ခံခြင်းမရှိဘဲ သင့်တော်သော ပညာသင်ကြားခွင့် ရရှိစေရေးအတွက် သင့်ကလေးအား လိုအပ်သော ဝန်ဆောင်မှုအားလုံးကို သေချာပံ့ပိုးပေးရန် သင့်ကျောင်းခရိုင် သို့မဟုတ် AEA တွင် ဆက်လက်တာဝန်ရှိပါသည်။

IDEA အောက်ရှိ အထူးပညာရေးနှင့် ဆက်စပ်ဝန်ဆောင်မှုများအတွက် ငွေပေးချေရန် သင်၏ သို့မဟုတ် သင့်ကလေး၏ အစိုးရထောက်ပံ့ကြေး အကျိုးခံစားခွင့်များ သို့မဟုတ် အာမခံကို အသုံးပြုရန်အတွက် သင့်ကျောင်းခရိုင် သို့မဟုတ် AEA အား ခွင့်ပြုပေး၊ မပေးနှင့် စပ်လျဉ်းပြီး အသိပေးဆုံးဖြတ်ချက် ချမှတ်ရန် ဤအချက်အလက်များက သင့်အတွက် အထောက်အကူဖြစ်မည်ဟု ကျွန်ုပ်တို့ မျှော်လင့်ပါသည်။

အထူးပညာရေးနှင့် ဆက်စပ် ဝန်ဆောင်မှုများအတွက် ငွေပေးချေရန် အစိုးရထောက်ပံ့ကြေး အကျိုးခံစားခွင့်များ သို့မဟုတ် အာမခံကို အသုံးပြုရာတွင် လိုက်နာရမည့် သတ်မှတ်ချက်များနှင့် စပ်လျဉ်း၍ ထပ်ဆောင်း အချက်အလက်များနှင့် လမ်းညွှန်ချက်အတွက် အောက်ဖော်ပြပါကို ကြည့်ရှုပါ- https://www2.ed.gov/policy/speced/reg/idea/part-b/part- b-parental-consent.html. ဤလက်စွဲစာအုပ်၏ အစတွင် ဖော်ပြထားသည့် အရင်းအမြစ်များကိုလည်း သင်ဆက်သွယ်နိုင်ပါသည်။

# နောက်ဆက်တွဲ D- နမူနာ ဖောင်ပုံစံများ

အောက်ဖော်ပြပါ စာမျက်နှာများတွင် ဤလက်စွဲစာအုပ်၌ ဖော်ပြထားသည့် အငြင်းပွားမှု ဖြေရှင်းရေးဆိုင်ရာ ရွေးချယ်စရာ သုံးခုအတွက် နမူနာ ဖောင်ပုံစံများ ပါရှိပါသည်။ ပြည်နယ်အဆင့် တိုင်ကြားချက်တစ်ခု တင်သွင်းရန်၊ ညှိနှိုင်းဆွေးနွေးမှု အစည်းအဝေးတစ်ခုကို တောင်းဆိုရန်နှင့် တရားမျှတစွာ စီရင်ဆုံးဖြတ်ပေးရန် တိုင်ကြားချက် တင်သွင်းခြင်းပြုလုပ်ရန် နမူနာ ဖောင်ပုံစံတစ်ခု ရှိပါသည်။

သင်သည် ဤရွေးချယ်စရာများထဲမှ တစ်ခုကို အသုံးပြုလိုပါက ဖောင်ပုံစံများကို အသုံးပြုရန် မလိုအပ်ပါ။ သင်သည် ဖောင်ပုံစံတစ်ခုကို အသုံးမပြုပါက လိုအပ်သော အချက်အလက်အားလုံးကို သင့်ကလေး၏ ကျောင်း၊ သင့်ကလေး၏ AEA နှင့် Iowa ပညာရေးဌာနသို့ သင်ပေးပို့ထားသော စာရွက်စာတမ်းထဲတွင် သေချာထည့်သွင်းရေးသားပေးရန် လိုပါသည်။ လိုအပ်ပါက အပိုစာမျက်နှာများကို ထည့်ပါ။

ဤဖောင်ပုံစံတစ်ခုခုနှင့် ပတ်သက်ပြီး သင့်တွင် မေးစရာများရှိပါက သင့်ကလေး၏ ကျောင်း၊ သင့်ကလေး၏ AEA၊ ရှေ့နေ သို့မဟုတ် စာမျက်နှာ 1 မှ 3 အထိ ဖော်ပြထားသော အရင်းအမြစ်များထဲမှ တစ်ခုကို ဆက်သွယ်ပေးပါ။

## နမူနာ ဖောင်ပုံစံ- ညှိနှိုင်းဆွေးနွေးမှု တောင်းဆိုချက်

**ညွှန်ကြားချက်များ-** ညှိနှိုင်းဆွေးနွေးမှုတစ်ခုကို သင်တောင်းဆိုလိုပါက ဤဖောင်ပုံစံကို အသုံးပြုပါ။ လုပ်ငန်းစဉ်အကြောင်းကို *လုပ်ထုံးလုပ်နည်းအရ အကာအကွယ်များ လက်စွဲစာအုပ်*၏ စာမျက်နှာ 19 မှစ၍ ရှင်းပြထားပါသည်- *အသက် 3 နှစ်မှ 21 နှစ်အရွယ် မသန်စွမ်းကျောင်းသားများ၏ မိဘများအတွက် အခွင့်အရေးများ*။ ဖောင်ပုံစံကို ဖြည့်စွက်ပြီးနောက် မိတ္တူများကို-

1. ပါဝင်ပတ်သက်သော ကျောင်းခရိုင်(များ)၊
2. ပါဝင်ပတ်သက်သော AEA (များ) နှင့်
3. Iowa Department of Education, Grimes State Office Building, 400 E. 14th St., Des Moines, IA 50319-0146 သို့ ပေးပို့ပါ။

ဖောင်ပုံစံကို အပြည့်အစုံဖြည့်စွက်ပါ။ **လိုအပ်ပါက နောက်စာမျက်နှာ သို့မဟုတ် အပိုစာရွက်များကို အသုံးပြုပါ။**

ရက်စွဲ-______________________________

**ကျွန်ုပ်၏ကလေးနှင့် ပတ်သက်သည့် အထူးပညာရေး ညှိနှိုင်းဆွေးနွေးမှု အစည်းအဝေးကို တောင်းဆိုလိုပါသည်။**

ကလေး၏အမည်-______________________________ ကလေး၏ မွေးသက္ကရာဇ်-______________________________

ကလေးသည် တခြားအမည်ကို အသုံးပြုပါသလား။ ဟုတ်သည် / မဟုတ်ပါ ထိုသို့ဆိုလျှင် တခြားဘယ်အမည်ကို အသုံးပြုသလဲ______________________________

ကလေး၏ လိပ်စာ-______________________________

မြို့-______________________________ ပြည်နယ်-____________________ ဇစ်ကုဒ်- ____________________

ကလေးသည် "အိုးမဲ့အိမ်မဲ့" ဖြစ်ပါသလား။ ဟုတ်သည် / မဟုတ်ပါ ထိုသို့ဖြစ်ပါက ကလေးအတွက် ဆက်သွယ်ရန် အချက်အလက်များကို ဖော်ပြပါ။

ကလေး **နေထိုင်ရာ** နေရာရှိ ကျောင်းခရိုင်- ______________________________

လိပ်စာ- ______________________________

မြို့-______________________________ ပြည်နယ်-____________________ ဇစ်ကုဒ်-____________________

ကလေး **တက်ရောက်**နေသည့် ကျောင်းခရိုင်- ______________________________

လိပ်စာ- ______________________________

မြို့-______________________________ ပြည်နယ်-____________________ ဇစ်ကုဒ်-____________________

ကလေးတက်ရောက်သည့် ကျောင်းအဆောက်အအုံ၏ အမည်-______________________________

ကျွန်ုပ်၏ အမည်-______________________________ လက်မှတ် ______________________________

ကျွန်ုပ်၏ လိပ်စာ- ______________________________

မြို့-______________________________ ပြည်နယ်-____________________ ဇစ်ကုဒ်-____________________

တယ်လီဖုန်း- ______________________________ အီးမေးလ် (ရှိလျှင်)- ______________________________

နောက်ထပ်မိဘတစ်ဦး၏ အမည်- ______________________________

လိပ်စာ- ______________________________

မြို့-______________________________ ပြည်နယ်-____________________ ဇစ်ကုဒ်-____________________

တယ်လီဖုန်း- ______________________________ အီးမေးလ် (ရှိလျှင်)- ___

1. ပြဿနာ၏ သဘောသဘာဝ-
2. ပြဿနာနှင့် ပတ်သက်သည့် အမှုကိစ္စဆိုင်ရာ အချက်အလက်များ-
3. ပြဿနာအတွက် သင်အဆိုပြုထားသော ဖြေရှင်းချက်-

အဖွဲ့အစည်းတစ်ခုကဲ့သို့ မိဘမဟုတ်သော အခြားသူတစ်ယောက်ယောက်က ဤဖောင်ပုံစံကို ဖြည့်စွက်ထားပါသလား။ ဟုတ်သည်/မဟုတ်ပါ ထိုသို့ဆိုလျှင် အထက်တွင် ဖော်ပြထားသည်နှင့် မတူညီပါက သင့်အမည်၊ သင်၏ ဆက်သွယ်ရန် အချက်အလက်၊ သင်၏မိဘနှင့် တော်စပ်ပုံတို့ကို ဖော်ပြပါ- ______________________________

______________________________

ဤဖောင်ပုံစံတွင် ကလေး၏ မိဘ/အုပ်ထိန်းသူဖြစ်သည့် အခြားတစ်စုံတစ်ယောက်ကို ဖော်ပြမထားဘူးလား။ ဟုတ်သည်/မဟုတ်ပါ ထိုသို့ဆိုလျှင် ထိုပုဂ္ဂိုလ်၏ အမည်၊ ဆက်သွယ်ရန် အချက်အလက်အပြင် ကလေးနှင့် တော်စပ်ပုံတို့ကို ဖော်ပြပါ ______________________________

______________________________

သင်၏ ညှိနှိုင်းဖြေရှင်းမှု တောင်းဆိုချက်နှင့်ပတ်သက်၍ နောက်ထပ်အချက်အလက်များကို ဖော်ပြရန်အတွက် ဤစာမျက်နှာကို အသုံးပြုပါ။

## နမူနာ ဖောင်ပုံစံ- တရားမျှတစွာ စီရင်ဆုံးဖြတ်ပေးရန် တိုင်ကြားချက် တင်သွင်းခြင်း (တရားမျှတစွာ စီရင်ဆုံးဖြတ်ပေးရန် ကြားနာမှု တောင်းဆိုချက်)

**ညွှန်ကြားချက်များ-** တရားမျှတစွာ စီရင်ဆုံးဖြတ်ပေးရန် တိုင်ကြားချက် တင်သွင်းခြင်းပြုလုပ်ရန် ဤဖောင်ပုံစံကို အသုံးပြုပြီး တရားမျှတစွာ စီရင်ဆုံးဖြတ်ပေးရန် ကြားနာမှုတစ်ခုကို တောင်းဆိုပါ။ လုပ်ငန်းစဉ်အကြောင်းကို *လုပ်ထုံးလုပ်နည်းအရ အကာအကွယ်များ လက်စွဲစာအုပ်*၏ စာမျက်နှာ 16 မှစ၍ ရှင်းပြထားပါသည်- *အသက် 3 နှစ်မှ 21 နှစ်အရွယ် မသန်စွမ်းကျောင်းသားများ၏ မိဘများအတွက် အခွင့်အရေးများ။*

ဖောင်ပုံစံကို ဖြည့်စွက်ပြီးနောက် မိတ္တူများကို-

1. ပါဝင်ပတ်သက်သော ကျောင်းခရိုင်(များ)၊
2. ပါဝင်ပတ်သက်သော AEA (များ) နှင့်
3. Iowa Department of Education, Grimes State Office Building, 400 E. 14th St., Des Moines, IA 50319-0146 သို့ ပေးပို့ပါ။

ဖောင်ပုံစံကို အပြည့်အစုံဖြည့်စွက်ပါ။ **လိုအပ်ပါက နောက်စာမျက်နှာ သို့မဟုတ် အပိုစာရွက်များကို အသုံးပြုပါ။**

ရက်စွဲ-____________________________

**ကျွန်ုပ်ကလေးငယ်နှင့် ပတ်သက်သည့် တရားမျှတစွာ စီရင်ဆုံးဖြတ်ပေးရန် တိုင်ကြားချက် တင်သွင်းခြင်းကို ကျွန်ုပ်ပြုလုပ်နေပါသည်။ Iowa ပညာရေးဌာနက ခန့်အပ်ထားသော စီမံအုပ်ချုပ်ရေး ဥပဒေတရားသူကြီး ရှေ့မှောက်တွင် တရားမျှတစွာ စီရင်ဆုံးဖြတ်ပေးရန် ကြားနာမှု ပြုလုပ်ပေးရန် ကျွန်ုပ်တောင်းဆိုပါသည်။**

ကလေး၏အမည်-____________________ ကလေး၏ မွေးသက္ကရာဇ်-____________________

ကလေးသည် တခြားအမည်ကို အသုံးပြုပါသလား။ <u>ဟုတ်သည် / မဟုတ်ပါ</u> ထိုသို့ဆိုလျှင် တခြားဘယ်အမည်ကို အသုံးပြုသလဲ____________________

ကလေး၏ လိပ်စာ- _

မြို့-____________________ပြည်နယ်-____________________ဇစ်ကုဒ်- ____________________

ကလေးသည် "အိုးမဲ့အိမ်မဲ့" ဖြစ်ပါသလား။ <u>ဟုတ်သည် / မဟုတ်ပါ</u> ထိုသို့ဖြစ်ပါက ကလေးအတွက် ဆက်သွယ်ရန် အချက်အလက်များကို ဖော်ပြပါ။

ကလေး **နေထိုင်ရာ** နေရာရှိ ကျောင်းခရိုင်- ____________________

လိပ်စာ- ____________________

မြို့-____________________ပြည်နယ်-____________________ဇစ်ကုဒ်-____________________

ကလေး **တက်ရောက်**နေသည့် ကျောင်းခရိုင်- ____________________

လိပ်စာ- ____________________

မြို့-____________________ပြည်နယ်-____________________ဇစ်ကုဒ်-____________________

ကလေးတက်ရောက်သည့် ကျောင်းအဆောက်အအုံ၏ အမည်-____________________

ကျွန်ုပ်၏ အမည်-____________________လက်မှတ်- ____________________

ကျွန်ုပ်၏ လိပ်စာ- ____________________

မြို့-____________________ပြည်နယ်-____________________ဇစ်ကုဒ်-____________________

တယ်လီဖုန်း- ____________________ အီးမေးလ် (ရှိလျှင်)-____________________

နောက်ထပ်မိဘတစ်ဦး၏ အမည်-____________________

လိပ်စာ- ____________________

မြို့-____________________ပြည်နယ်-____________________ဇစ်ကုဒ်-____________________

တယ်လီဖုန်း- ____________________ အီးမေးလ် (ရှိလျှင်)-____________________

1. ပြဿနာ၏ သဘောသဘာဝ-
2. ပြဿနာနှင့် ပတ်သက်သည့် အမှုကိစ္စဆိုင်ရာ အချက်အလက်များ-
3. ပြဿနာအတွက် သင်အဆိုပြုထားသော ဖြေရှင်းချက်-

အဖွဲ့အစည်းတစ်ခုကဲ့သို့ မိဘမဟုတ်သော အခြားသူတစ်ယောက်ယောက်က ဤဖောင်ပုံစံကို ဖြည့်စွက်ထားပါသလား။ <u>ဟုတ်သည်/မဟုတ်ပါ</u> ထိုသို့ဆိုလျှင် အထက်တွင် ဖော်ပြထားသည်နှင့် မတူညီပါက သင့်အမည်၊ သင်၏ ဆက်သွယ်ရန် အချက်အလက်၊ သင်၏မိဘနှင့် တော်စပ်ပုံတို့ကို ဖော်ပြပါ- ____________________

____________________

ဤဖောင်ပုံစံတွင် ကလေး၏ မိဘ/အုပ်ထိန်းသူဖြစ်သည့် အခြားတစ်စုံတစ်ယောက်ကို ဖော်ပြမထားဘူးလား။ <u>ဟုတ်သည်/မဟုတ်ပါ</u> ထိုသို့ဆိုလျှင် ထိုပုဂ္ဂိုလ်၏ အမည်၊ ဆက်သွယ်ရန် အချက်အလက်အပြင် ကလေးနှင့် တော်စပ်ပုံတို့ကို ဖော်ပြပါ ____________________

____________________

သင်၏ တရားမျှတစွာ စီရင်ဆုံးဖြတ်ပေးရန် တိုင်ကြားချက် တင်သွင်းခြင်းနှင့်ပတ်သက်သော နောက်ထပ်အချက်အလက်များကို ဖော်ပြရန်အတွက် ဤစာမျက်နှာကို အသုံးပြုပါ။

## နမူနာ ဖောင်ပုံစံ- IDEA ပြည်နယ်အဆင့် တိုင်ကြားချက်

**ညွှန်ကြားချက်များ-** IDEA ပြည်နယ်အဆင့် တိုင်ကြားချက်တစ်ခု တင်သွင်းရန် ဤဖောင်ပုံစံကို အသုံးပြုပါ။ လုပ်ငန်းစဉ်အကြောင်းကို *လုပ်ထုံးလုပ်နည်းအရ အကာအကွယ်များ လက်စွဲစာအုပ်*၏ စာမျက်နှာ 14 မှစ၍ ရှင်းပြထားပါသည်- *အသက် 3 နှစ်မှ 21 နှစ်အရွယ် မသန်စွမ်းကျောင်းသားများ၏ မိဘများအတွက် အခွင့်အရေးများ*။ ဖောင်ပုံစံကို ဖြည့်စွက်ပြီးနောက် မိတ္တူများကို-

1. ပါဝင်ပတ်သက်သော ကျောင်းခရိုင်(များ)၊
2. ပါဝင်ပတ်သက်သော AEA (များ) နှင့်
3. Iowa Department of Education, Grimes State Office Building, 400 E. 14th St., Des Moines, IA 50319-0146 သို့ ပေးပို့ပါ။

ဖောင်ပုံစံကို အပြည့်အစုံဖြည့်စွက်ပါ။ **လိုအပ်ပါက နောက်စာမျက်နှာ သို့မဟုတ် အပိုစာရွက်များကို အသုံးပြုပါ။**

ရက်စွဲ-______________________________

**ကျွန်ုပ်သည် IDEA ပြည်နယ်အဆင့် တိုင်ကြားချက်တစ်ခု တင်သွင်းနေပါသည်။ Iowa ပညာရေးဌာနက စုံစမ်းစစ်ဆေးမှုတစ်ခု ပြုလုပ်ပေးရန် ကျွန်ုပ်တောင်းဆိုပါသည်။ အစိုးရအေဂျင်စီများသည် ပြည်နယ်စည်းမျဉ်းများနှင့် ဖက်ဒရယ် စည်းမျဉ်းများကို အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် မသန်စွမ်းသူ ပညာရေးအက်ဥပဒေပါ ပြဋ္ဌာန်းချက်ကို ချိုးဖောက်ခဲ့ကြောင်း ကျွန်ုပ်စွပ်စွဲပါသည်။**

ကျွန်ုပ်၏ အမည်-________________________________________လက်မှတ်-________________________________
ကျွန်ုပ်၏ လိပ်စာ-____________________________________________________________________
မြို့-______________________________________ပြည်နယ်-________________________ဇစ်ကုဒ်-________________
တယ်လီဖုန်း- ____________________________________ အီးမေးလ် (ရှိလျှင်)-________________________________________

ဤတိုင်ကြားချက်သည် သီးခြားကလေးငယ်တစ်ယောက်နှင့် ပတ်သက်ပါသလား။ <u>ဟုတ်သည်/ မဟုတ်ပါ</u> ဟုတ်သည်ဆိုလျှင် အောက်ပါတို့ကို ဖြည့်စွက်ပါ-
ကလေး၏အမည်-______________________________________ ကလေး၏ မွေးသက္ကရာဇ်-______________________________________
ကလေးသည် တခြားအမည်ကို အသုံးပြုပါသလား။ <u>ဟုတ်သည် / မဟုတ်ပါ</u> ထိုသို့ဆိုလျှင် တခြားဘယ်အမည်ကို အသုံးပြုသလဲ____________________________________
ကလေး၏ လိပ်စာ- ______________________________________________________
မြို့-______________________________________ပြည်နယ်-________________________ဇစ်ကုဒ်- ____________________

ကလေးသည် "အိုးမဲ့အိမ်မဲ့" ဖြစ်ပါသလား။ <u>ဟုတ်သည် / မဟုတ်ပါ</u> ထိုသို့ဖြစ်ပါက ကလေးအတွက် ဆက်သွယ်ရန် အချက်အလက်များကို ဖော်ပြပါ။

ကလေး **နေထိုင်ရာ** နေရာရှိ ကျောင်းခရိုင်- ______________________________________________________
လိပ်စာ- ______________________________________________________________________
မြို့-______________________________________ပြည်နယ်-________________________ဇစ်ကုဒ်-________________
ကလေး **တက်ရောက်**နေသည့် ကျောင်းခရိုင်-______________________________________________________
လိပ်စာ- ______________________________________________________________________
မြို့-______________________________________ပြည်နယ်-________________________ဇစ်ကုဒ်-____________________
ကလေးတက်ရောက်သည့် ကျောင်းအဆောက်အအုံ၏ အမည်-__________________________________________________
**မှတ်ချက်-** တိုင်ကြားချက်သည် သီးခြားကလေးငယ်တစ်ယောက်နှင့် သက်ဆိုင်ပါက မေးခွန်း 3 ကို မဖြစ်မနေဖြည့်စွက်ရန် လိုပါသည်။ မဟုတ်ပါက မေးခွန်း 3 ကို ဖြည့်စွက်ရန်အကြံပြုပါသည်။
အခြားမေးခွန်းအားလုံးကို ဖြည့်စွက်ရန်လိုအပ်ပါသည်။

1. ပြဿနာ၏ သဘောသဘာဝ-
2. ပြဿနာနှင့် ပတ်သက်သည့် အမှုကိစ္စဆိုင်ရာ အချက်အလက်များ-
3. ပြဿနာအတွက် သင်အဆိုပြုထားသော ဖြေရှင်းချက်-
4. Iowa ပညာရေးဌာနမှ ဤတိုင်ကြားချက်ကို လက်ခံရရှိသည့်နေ့မတိုင်ခင် တစ်နှစ်မကျော်သည့် အချိန်က ဤစွပ်စွဲထားသော ချိုးဖောက်မှု ဖြစ်ပွားခဲ့ပါသလား။ <u>ဟုတ်သည် / မဟုတ်ပါ</u>

အဖွဲ့အစည်းတစ်ခုကဲ့သို့ မိဘမဟုတ်သော အခြားသူတစ်ယောက်ယောက်က ဤဖောင်ပုံစံကို ဖြည့်စွက်ထားပါသလား။ <u>ဟုတ်သည်/မဟုတ်ပါ</u> ထိုသို့ဆိုလျှင် အထက်တွင် ဖော်ပြထားသည်နှင့် မတူညီပါက သင့်အမည်၊ သင်၏ ဆက်သွယ်ရန် အချက်အလက်၊ သင်၏မိဘနှင့် တော်စပ်ပုံတို့ကို ဖော်ပြပါ- __________________________________________
______________________________________________________________________________

ဤဖောင်ပုံစံတွင် ကလေး၏ မိဘ/အုပ်ထိန်းသူဖြစ်သည့် အခြားတစ်စုံတစ်ယောက်ကို ဖော်ပြမထားဘူးလား။ <u>ဟုတ်သည်/မဟုတ်ပါ</u> ထိုသို့ဆိုလျှင် ထိုပုဂ္ဂိုလ်၏ အမည်၊ ဆက်သွယ်ရန် အချက်အလက်အပြင် ကလေးနှင့် တော်စပ်ပုံတို့ကို ဖော်ပြပါ __________________________________________________________
______________________________________________________________________________

သင်၏ ပြည်နယ်အဆင့် တိုင်ကြားချက်နှင့် ပတ်သက်သည့် နောက်ထပ်အချက်အလက်များကို ဖော်ပြရန်အတွက် ဤစာမျက်နှာကို အသုံးပြုပါ။